MTB PUBLICATIONS

# ယေရှုခရစ်တော်၏

# ဘုရားဇာတိတော်

## ထုတ်ဖော်ကြေငြာချက်

DR. PETER L. BANFE

## ကျေးဇူးပြု၍ တုံ့ပြန်ခြင်းဖြင့် ကျွန်ုပ်တို့ကို အားပေးပါ။

သခင်ယေရှုခရစ်တော်ဘုရားသခင်ကို မိမိအသက်သခင်နှင့်ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသောခရီးလမ်းမှာ ဤစာအုပ်က သင့်နှလုံးသားကို တို့ထိပြီးအကျိုးပြုပါက missiontoburma@gmial.com သို့ စာရေးဆက်သွယ်ပေးပါ။

## အမ်တီဘီ ရေဒီယို

www.mtbradio.org ကိုသွားပြီး၊ ဓမ္မဆရာ Andy Bloom, J Vernon Mcgee, Dr. Peter Banfe နှင့် အခြားဓမ္မဆရာများက ဝေငှထားသော သင့်နှလုံးကို နှိုးဆော်တည်ဆောက်ပေးမည့် သင်ခန်းစာနှင့်တရားဟောချက်များကို နားထောင်ပါ။ ဓမ္မတေးသီချင်းများနှင့် ကယ်တင်ခြင်းတရားများကိုလည်း နားထောင်နိုင်ပါတယ်။ သို့မဟုတ် လမ်းညွှန်ချက်များနှင့်အချိန်ဇယားများကို သိရှိနိုင်ရန် သွားရောက်ကြည့်ရှုခြင်း သို့မဟုတ် သင့်ဖုန်းနှင့်ကွန်ပျူတာများမှာ ဒေါင်းလော့ဒ်ဆွဲခြင်းများကိုပြုလုပ်နိုင်ပါတယ်။ ခရစ်တော်၏ဘုရားဇာတိအကြောင်း အသံထွက်နှင့် ဆွေးနွေးမှု မေးခွန်းနှင့်အဖြေများကိုလည်း နားထောင်နိုင်ပါတယ်။ နေရာတိုင်းမှာ နားထောင်နိုင်ရန် App ကိုလည်း ယူထားနိုင်ပါတယ်။

MTB ESL/Bible:

https://eslbible.missiontoburma.com ကိုသွားပြီး ESL သမ္မာကျမ်းသင်ကြားခြင်းနှင့် အင်္ဂလိပ်စာ/စကားလေ့ကျင့်ခြင်းတို့ကို အခမဲ့သင်ယူပြီး ဒီပလိုမာကို ရယူနိုင်ပါတယ်။ အကယ်၍ သင်ယူလိုပါက missiontoburma@gmail.com သို့ အီးမေးလ်ဖြင့်ဆက်သွယ်ပြီး “I want to learn” ဟုရေးသား ပေးပို့ပါ။ ကျွန်တော်တို့ ပြန်လည်အကြောင်းကြား ဆက်သွယ်ပေးပါမယ်။

## အမ်တီဘီ ထုတ်ဝေမှုများ

အကယ်၍ သမ္မာကျမ်းစာနှင့်ဓမ္မဝေစာများ ရယူလိုပါက
missiontoburma@gmail.com ကို ဆက်သွယ်အကြောင်းကြားပါ။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အခြေခံထားသော

# ယေရှုခရစ်တော်၏

# ဘုရားဇာတိတော်

## ထုတ်ဖော်ကြေငြာချက်

by

DR. PETER L. BANFE

MTB Publications 2020

# မာတိကာ

ကျေးဇူးတင်လွှာ

၁။ နိဒါန်း

၂။ ဘုရားဖြစ်ခြင်းကို အတိအလင်း ပြောဆိုခြင်း

၃။ သမ္မာကျမ်းစာ ပရောဖက်ပြုချက်

၄။ သူ၏ ဘုရားနာမများ

၅။ ယေရှုကိုယ်တိုင်မိန့်တော်မူသော မိမိအကြောင်း

၆။ လူဇာတိခံယူခြင်း၊ သက်တော်စဉ်၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊
ကောင်းကင်သို့ တက်ကြွသွားခြင်းနှင့် ပြန်ကြွလာခြင်း

၇။ ယေရှု၏ ဘုရားဇာတိတော် ဂုဏ်အင်လက္ခဏာများ

၈။ ခရစ်တော်၏ဘုရားဇာတိတော်အပေါ် ကနဦးအသင်းတော်များ၏
ခံယူချက်၊

၉။ နိဂုံးချုပ်

၁၀။ စာအုပ် ကိုးကားချက်များ၊

## ကျေးဇူးတင်လွှာ

ရှေ့ဦးစွာ ဤစာအုပ်ကိုမွေးဖွားစေသော သုံးပါးတဆူ ထာဝရဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းထောမနာပြုပါသည်။ ကျွန်တော်နှင့်အတူနှစ်ပေါင်း(၄၀) တိုင်တိုင် ကျဉ်းမြောင်းသောယုံကြည်ခြင်းလမ်းခရီးကို အတူလျှောက်လှမ်းပြီး ပညာရေးများ ဆည်းပူးနိုင်ရန် ရပ်တည်ထောက်မပေးသော ချစ်ဇနီး Sherrie (ရှရီ) ကို ကျေးဇူးအထူးတင်ရှိပါသည်။ သူမသည် ရေမြေခြား တိုင်းပြည်များဖြစ်သော အင်္ဂလန်နိုင်ငံ၊ ထိုင်း-မြန်မာနယ်စပ်များကို လိုက်ပါပေးသူ ဖြစ်ပါသည်။ သူမသည် ကျွန်တော့်ကို အလွန်ထောက်မပေးသော ခရစ်ယာန်ညီမလည်းဖြစ်သောကြောင့် ကျွန်တော်သည် အလွန်ပင်ကောင်းကြီးမင်္ဂလာခံစားရသူဖြစ်ပါသည်။ တစ်နေ့တွင် သူနှင့်အတူ ရွှေဖြင့်ခင်းသောလမ်းမပေါ်ဝယ် အတူလျှောက်လှမ်းရဦးမည်ဖြစ်သည်။

ကျွန်တော်တို့၏ ချစ်လှစွာသော ခရစ်ယာန်မိတ်ဆွေကောင်းဖြစ်သော သင်းအုပ်ဆရာတော် ဦးမိုးစက်ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ သူသည် ဤ စာအုပ်ကို တည်းဖြတ်ခြင်း၊ ပြုပြင်ပုံဖော်ခြင်းနှင့် အသံသွင်းခြင်းဖြင့် ကူညီပေးသူဖြစ်ပါသည်။ သူနှင့်သူ့မိသားစုသည် နှစ်ပေါင်းများစွာ ကျွန်တော်တို့အပေါ် ကောင်းကြီးဖြစ်စေသူများ ဖြစ်ကြပါတယ်။ ခရစ်တော်အပေါ်၌ ထားသော သူ၏ချစ်ခြင်းမေတ္တာနှင့် ဆက်ကပ်အပ်နှံမှုသည် ကျွန်ုပ်တို့အတွက် အလွန်ပင် ခွန်အားဖြစ်စေခဲ့ပါသည်။ ဘုရားသခင်အတွက် သူ၏ ကြိုးစားအားထုတ်မှုသည် ထာဝရအသီးအနှံကို ရိတ်သိမ်းစေမည် ဖြစ်သည်။ သူသည် ခရစ်တော်၏ စစ်မှန်သော စစ်သူရဲဖြစ်ပြီး သူနှင့်အတူတကွ တိုက်ပွဲဝင်ဖို့ရန် ကျွန်တော်အလွန်ပင် ဝမ်းသာအားရမိပါသည်။

ထို့အပြင် အလွန်ပင်ငြိုးငွေ့ဖွယ်ကောင်းသော်လည်း စိတ်ရှည်ကောင်းမွန်ပြည့် စုံစွာ ဘာသာပြန်ပေးသော ရန်ကုန်မြို့မှ ဆရာ Angam နှင့် အဖွဲ့သားများကို လည်း ကျေးဇူးအထူးတင်ရှိပါသည်။ ထို့အပြင် ကျွန်တော်တို့၏ စာပေထုတ် ဝေခြင်းဆိုင်ရာ တာဝန်ခံဖြစ်သော ဆရာဒေနီရာယ်အတွက်လည်း ကျေးဇူး တင်လိုပါသည်။ သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မဆုတ်မနစ် ကြိုးစားဖြန့်ဝေပေးသော အစေခံကောင်းတစ်ဦးဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ချစ်လှစွာသော မြန်မာလူမျိုးများဆီသို့ ဤစာအုပ်ကို ကျွန်တော်ပေးအပ်လိုပါသည်။ ဤ ကောင်းမွန်လှသောနိုင်ငံကို ကျွန်တော် ပထမဆုံး လည်ပတ်ခဲ့စဉ်က မေတ္တာပန်းများလှိုင်ကြိုင်စွာ မြင်တွေ့ခံစားခဲ့ရ ပါသည်။ သူတို့ပိုင်ဆိုင်ထားသော အလွန်အဖိုးထိုက်သော ယဉ်ကျေးမှု၊ ကြင် နာခြင်းနှင့်ဖော်ရွေခြင်းများအတွက် ကျွန်တော်တို့အလွန်ပင် တန်ဖိုးထားကြ ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် နံနက်ယံမှာထွန်းလင်းသော မိုးသောက်ကြယ်ကဲ့သို့ မြန်မာလူမျိုးများအပေါ်မှာ ထွန်းလင်းပေးပါမည့် အ ကြောင်းနှင့် ခရစ်တော်မြတ်နိုးသော မှောင်မိုက်ထဲမှာပျောက်ဆုံးနေသော ဝိညာဉ်များအပေါ် အလင်းထွန်းလင်းစေပါမည့်အကြောင်း ကျွန်ုပ် ဆုတောင်း လိုက်ပါသည်။

ချစ်ခြင်းများစွာဖြင့်

**ဒေါက်တာပီတာအလ်ယ်ဘင်ဖီ**

# နိဒါန်း

ခရစ်တော် ဘုရားဇာတိတော်ကို ရေးသားထားသော ဤစာအုပ်တွင်၊ သခင်ယေရှု၏ ဘုရားအဖြစ်တော်နှင့်ပတ်သက်၍ အငြင်းပွားစရာမရှိအောင် ခိုင်မာရှင်းလင်းမှုကို စာဖတ်သူ၏ရှေ့မှောက်၌ ထုတ်ဖော်နိုင်ရန် ရည်ရွယ်ပြီး စာရေးသူမှ ရေးသားပြုစုခြင်း ဖြစ်သည်။

ဤစာအုပ်၌ဖော်ပြထားသော အလွန်အရေးကြီးသော သက်သေ အထောက်အထားများသည် သမ္မာကျမ်းစာမှတ်တမ်းများမှ ကောက်နှုတ် ထားပါသည်၊ သို့သော် ခရစ်တော်၏ ဘုရားဖြစ်ခြင်း အခြေခံယုံကြည်ချက် နှင့်ပတ်သက်၍ ကနဦးအသင်းတော်နှင့် တည်စအသင်းတော်တွင် အလွန် တရာသဘော တူညီမှုရှိခဲ့သည်ဟူသောအချက်ကိုလည်း ခိုင်လုံစွာ ထောက်ပြ နိုင်ရန်အတွက် (ကနဦးအသင်းတော် ဖခင်များသည်) သမ္မာကျမ်းစာ အနက် ဖွင့်ဆိုရာ၌ အချက်အလက်ကြွယ်ဝစွာ စုဆောင်းထားသော ယုံကြည်ခြင်း သက်သေအထောက်အထားများကိုလည်း အသုံးပြုထားပါသည်။

သမ္မာကျမ်းစာသည် ယုံကြည်ခြင်းနှင့် ကျင့်ကြံပြုမူခြင်းအတွက် အကြွင်းမဲ့၊ ထူးမြတ်သော၊ အမှားအယွင်းကင်းသော၊ ပြောင်းလဲမရသော စံပြဖြစ်သည်ဟူသည့် ခံယူချက်နှင့် ဤစာအုပ်ကို အစပြု ထားပါသည်။ (Watts, 1998). သမ္မာကျမ်းစာသည် လူသားတို့အား ဘုရားသခင်ဖွင့်ပြသော ဗျာဒိတ်တော်၊ ဖန်ဆင်းရှင်ဘုရား စီရင်ထားသော သူ၏ အမှန်တရားကို ကျွန်ုပ်တို့အား ဖွင့်ပြရန်အတွက် သူ၏အုပ်စိုးပဲ့ပြင်ခြင်းဖြင့် လူတို့နားလည် နိုင်မည့် စကားလုံးများဖြင့် ရေးသားပြုစုထားသည်ဟု အခြေခံအားဖြင့် ယူဆနိုင်ပါသည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ စာအုပ်ဖြစ်သည်။ ထိုကြောင့် များသောအားဖြင့် ဤစာအုပ်က သခင်ယေရှုခရစ်သည် လူ့ဇာတိ

ခံယူသော ဘုရားဖြစ်ကြောင်း ဘုရားသခင် ဖွင့်ပြထားသော ဗျာဒိတ်တော်ကို ဖော်ထုတ်ရန်အတွက် ကျမ်းစာကို အခြေခံပြီး ခရီးနှင်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ယုံကြည်ခြင်းအတွက် အခြေခံကျသော အမှန်တရားသည် ခရစ်တော်သည် ဘုရားဖြစ်ခြင်းဟူသည့်အချက်ထက် အခြားမည်သည့် အရာမျှမရှိ။ သူသည်သာ ဘုရားမဟုတ်ခဲ့ပါက ကရာနီသည် အစွမ်းမဲ့ပြယုဂ်သာဖြစ်ပြီး ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်လည်း အချည်းနှီးသာ ဖြစ်နေလိမ့်မည်။ ထို့အပြင် ကျွန်ုပ်တို့သည်လည်း အပြစ်တရားထဲ၌ သေနေဆဲသာဖြစ်ပြီး ကတိတော်မရှိ၊ တပါးတည်းအပြစ်ကင်းစင်သူ၏ လက်ခံနိုင်ဖွယ်ဖြစ်သော အပြစ်လွှတ်ခြင်းယဇ်မရှိ၊ မှန်ကန်သော တဆူတည်းဘုရားမရှိ၊ ထိုဘုရား၏ အသွေးအားဖြင့် တံဆိပ်ခတ်ခြင်းမရှိဘဲ အချည်းနှီးသော မျှော်လင့်ရာမဲ့သော အဖြစ်၌သာ ရှိနေကြမည် ဖြစ်ပါသည်။ ယေရှု၏ဘုရားဖြစ်ကြောင်းဟူ၍ ငြင်း၍မရသောအချက်ကို ထောက်ပံ့တင်ပြရန် အချက်(၇)ချက် ရှိပါသည်။

ဤလေ့လာခြင်းတွင် ယေရှု၏ဘုရားဖြစ်ခြင်း သက်သေကို ထောက်ပြရာ၌ သမ္မာကျမ်း စာကိုသာအခြေခံ ကိုးကားထားသည့် အချက်များထဲတွင်၊

- ဘုရားဖြစ်ကြောင်း ယေရှုကိုယ်တိုင် အတိအလင်းပြောကြားခြင်း၊
- ယေရှုသည် ကျွန်ုပ်တို့နှင့်အတူရှိသောဘုရား၊ သန့်ရှင်းသော ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ပရောဖက်များ၏အတည်ပြုချက်၊
- ယေရှုသည် ဘုရားစစ်၊ ဘုရားမှန်ဖြစ်ကြောင်း အနှစ်ချုပ်နိုင်ရန် ဘုရားနာမတော်နှင့်ဂုဏ်ပုဒ်အားလုံးသည် သူနှင့်သက်ဆိုင်နေကြောင်း လူအများရှင်းလင်းစွာ နားလည်နိုင်မည့် လမ်းညွှန်ချက်။
- သူကိုယ်တိုင် ပြောကြားခဲ့သည့် သူ့အကြောင်း နှုတ်ထွက်စကားနှင့် သမ္မာကျမ်းစာ၏ သက်သေများ။

- သုံးပါးတဆူ၌ ဒုတိယပုဂ္ဂိုလ်အဖြစ် ဘုရား၏ဂုဏ်တော်များကို တွေ့ရခြင်း။
- ငြင်းဆန်၍မရသော သူ၏အပြစ်ကင်းခြင်းနှင့် လူ့ဇာတိကဲ့သို့ မွေးဖွားခြင်း၊ သူ၏သက်တော်စဉ်၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့တက်ကြွခြင်းနှင့် ပြန်ကြွလာခြင်း စသည်တို့လည်း ပါဝင်ပါသည်။

ခရစ်တော်၏ဘုရားဇာတိတော်ကို အခြေပြုရေးသားသည့် ဤလေ့လာမှုစာတမ်း သက်သေခံချက်အားဖြင့် လူသားတိုင်းသည် သခင်ယေရှုကို ပြပ်ဝပ်ကိုးကွယ်လာစေရန် ဆုတောင်းပါသည်။ ထိုသူသည် "ဘုရားဖြစ်သော" နှုတ်ကပတ်တော် (ယောဟန် ၁း၁)၊ "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ ဘုရားသခင်" (ယောဟန် ၂၀း၂၈)၊ "ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်" (မဿဲ ၁း၂၃)၊ "ခပ်သိမ်း သောအရာ မဖြစ်မီ ဖြစ်တော်မူ၍ ခပ်သိမ်းသော အရာတို့သည် ထိုသူအားဖြင့် တည်ကြ၏" (ကော လောသဲ ၁း၁၇)၊ "မိမိကိုယ်ကို နှိမ့်ချလျှက်" အပြစ်ရှိသော လူသားများအတွက် ကရာနီ၏အရုက်တရားများကို ထမ်းဆောင်ကာ၊ "ထိုသို့ ကျင့်သောသူတို့သည် သေဒဏ်ကို ခံထိုက်သည်ဟု ဘုရားသခင် စီရင်တော်မူကြောင်းကို ထိုသူတို့သည် သိလျက်ပင် ကိုယ်တိုင်ကျင့်သည်သာမက၊ ထိုသို့ ကျင့်သော သူတို့၌ အားရဝမ်းမြောက်ကြ၏" (ရောမ၊ ၁း၃၂)၊ "ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင် ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်း" (၂ကော၊ ၅း၂၁) ငါတို့အား ကယ်တင်အံ့သောငှာ သခင်ယေရှုက မိမိကိုယ်ကို ပေးအပ်ခဲ့သည်။

## ခရစ်တော်၏ဘုရားဇာတိတော် ထုတ်ဖော်ကြေငြာချက်

ခရစ်တော်သည် ဘုရားသခင်ဖြစ်သည်ဟု ဆိုရာ၌ နာဇရက်မြို့သားယေရှု၊ ထာဝရဘုရားသခင်၊ မပြောင်းမလဲတည်သော၊ ထာဝရဖန်ဆင်းရှင်နှင့် စကြဝဠာကို အုပ်စိုးရှင်တို့သည် တူညီသောပုဂ္ဂိုလ် တစ်ပါးတည်းသာဖြစ်ပြီး၊ ယေရှုခရစ်တော်သည် ဘုရားဖြစ်သည်ဟု ဆိုလိုသည် (ယောဟန် ၁း ၁)။ "အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏" ။ (ကောလောသဲ ၂း၉) International Standard Bible စွယ်စုံကျမ်း၌ ဖော်ပြထားသည်မှာ၊

"ထို့ကြောင့် "Godhead" ဟူသည် Saxon ဖြစ်ပြီး လက်တင်စကား "Divinity" နှင့် ညီမျှ သည်။ သို့မဟုတ် ယခုတွင် "ဘုရား" (Deity) ဗေဒကို ခင်းကျင်း ဖော်ပြရာ၌ အသုံးပြုကြသည်။

Gresham Machen က ယေရှုသည် ဘုရားဖြစ်တော်မူကြောင်းကို အောက်ပါ အတိုင်း အနက်ဖွင့်ဆိုထားသည်။

ယခုတွင် ခရစ်ယာန်များအနေဖြင့် "ခရစ်တော်၏ဘုရားဇာတိတော်" ဟူသောဝေါဟာရ၏ အဓိပ္ပါယ်ကို ရှင်းလင်းစွာ မြင်နိုင်ပါပြီ။ စကြဝဠာကို ဖန်ဆင်းသောအရှင်၊ အုပ်စိုးရှင်၊ တဆူတည်းသော ဘုရားသခင်၊ နိစ္စထာဝရ မပြောင်းလဲနိုင်သော ဘုရားသခင်ရှိကြောင်း ယုံကြည်သောသူကို ခရစ်ယာန် ဟူ၍ခေါ်သည်။ ထို့ကြောင့် ခရစ်ယာန်တစ်ဦးက ယေရှုခရစ်သည် ဘုရားဖြစ်သည်ဟု ပြောသောအခါ၊ သို့မဟုတ်၊ သူသည် ခရစ်တော်၏ဘုရားဖြစ်ခြင်းအရာကို ယုံကြည်သည်ဟု ပြောဆိုသောအခါ သမိုင်းကြောင်းထဲ၌ နာဇရက်မြို့သားယေရှုဟူ၍ သိရသောသူ၊ ထိုတစ်ဦးတည်း၊ တည်ရှိခဲ့ကြောင်း

ကို ဆိုလိုသည်။ သူသည် လူ့ဇာတိကို မခံမယူမီ၊ ထာဝရကာလမှ စ၍အဆုံးမဲ့၊ ထာဝရနှင့် မပြောင်းလဲနိုင်သော ဘုရားသခင်အဖြစ်၊ သန့်ရှင်း တော်မူသော သုံးပါး တဆူအနက် ဒုတိယပုဂ္ဂိုလ်အဖြစ် တည်ရှိခဲ့သည်။

(Machen, no pub date)

Charles Hodge ကသူ၏ "Systematic Theology" စာအုပ်ကြီးတွင် ခရစ်တော်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြသည်။

"ခရစ်တော်၏စကား၊ ပေးသောကတိတော်နှင့် လုပ်ဆောင်သော အရာများထက် လွန်ကဲသော ကတိပေး ပြောဆို လုပ်ဆောင်မှုများ၊ ဘုရား သခင် မပြုလုပ်ခဲ့ပါ။ ထို့ကြောင့် သူသည် အသက်အရွယ်မရွေး၊ ခပ်သိမ်းသော နေရာတိုင်း၌၊ ရှေ့ဦးစွာမှစ၍ ခရစ်ယာန်တို့၏ ဘုရားဖြစ်တော်မူ၏။"
(Hodge, 1940, pg. 382)

ထို့ကြောင့် သာမန်အားဖြင့် Deity of Christ ခရစ်တော်၏ဘုရားဇာတိတော် ဟု ပြောမည်ဆိုပါက ခရစ်တော်သည် ဘုရားသခင်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ခမည်းတော် ဘုရားထက် ပိုလည်းမပို။ လျော့လည်းမလျော့။ အနန္တတန်ခိုးရှင်ဘုရားသခင်၏ ဂုဏ်တော်အားလုံးနှင့် ပြီးပြည့်စုံသည်။ ယေရှုခရစ်တော်သည် ဘုရားသခင် ဖြစ်သည်။ လူ့ဇာတိကို အပြည့်အဝ ခံယူခဲ့သည်။ သို့သော်လည်း ဘုရားဇာတိတော်လည်း အပြည့်အဝရှိသည်မှာ အငြင်းပွားစရာ မရှိဟု ဆိုလိုခြင်း ဖြစ်သည်။

# နိဒါန်း

(ဆွေးနွေးချက် မေးခွန်းများ)

1. ကျွန်ုပ်တို့ ယုံကြည်ခြင်း၏ အခြေခံအကျဆုံး အမှန်တရားတစ်ခုမှာ မည်သည့်အရာ ဖြစ်သနည်း?
2. ခရစ်ယာန်များဖြစ်သည့် ကျွန်ုပ်တို့အနေဖြင့် သမ္မာကျမ်းစာနှင့် ပတ်သက်၍ မည်ကဲ့သို့ယုံကြည် ထားကြသနည်း။
3. ယေရှုသည် ဘုရားသခင်ဖြစ်ကြောင်းကို သိကျွမ်းနားလည်ရန် အဘယ်ကြောင့် အရေးကြီး သနည်း။
4. ခရစ်တော်၏ ဘုရားဖြစ်ခြင်းသည် မည်သည့်အရာကို ဆိုလိုသနည်း။
5. ခရစ်တော်သည် လူသားစင်စစ်နှင့်ဘုရားစင်စစ် အမှန်ဖြစ်ပါသလား။
6. “ကျွန ်ုပ်တို့သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည် သာမက သားတော်ဘုရားသခင်လည်း ဖြစ်တော်မူသည်ဟူသော ဖော်ပြချက်သည် မှန်ကန်သော အချက်ဖြစ်ပါသလား။
7. ယေရှုခရစ်တော်သည် သန့်ရှင်းခြင်းအရာ၌လည်းကောင်း၊ အရာခပ်သိမ်းတတ်စွမ်းနိုင်ခြင်း၌ လည်းကောင်း၊ နေရာတိုင်းတွင် တည်ရှိနိုင်ခြင်း၌လည်းကောင်း၊ ထာဝရဖြစ်တည်ခြင်း၌ လည်းကောင်း၊ ခမည်းတော်ဘုရားနှင့် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားထက် ပို၍ အစွမ်းအစ လျော့နည်းပါသလား။

# ၁။ ဘုရားဖြစ်ကြောင်း အတိအလင်း ပြောဆိုခြင်း

သမ္မာကျမ်းစာထဲတွင် ယေရှုခရစ်၏ဘုရားဖြစ်ခြင်းကို ငြင်းဆိုချက် ထုတ်၍မရနိုင်အောင် ကြိမ်ဖန်များစွာ ဖွင့်ပြထားပါသည်။ ဤအချက်များကို ငြင်းဆိုနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ကျမ်းစာကို အသစ်ပြန်လည် ရေးသားခြင်း၊ သို့မဟုတ် ဂရိစာသား၏ရှင်းလင်းသော အဓိပ္ပါယ်ကို လက်သင့် မခံခြင်းနှင့် (တစ်ချို့အခြေအနေတွင် ဟေဗြဲ) ဂရိစကားဘာသာပြန် စံနှုန်းချက်များကို အသုံးပြုရန်ငြင်းဆိုမှသာလျှင် ငြင်းပယ်နိုင်မည်ဖြစ်သည်။ ဤအဆိုများသည် တိကျသယောင် ရှိကြသော်လည်း ခရစ်တော်၏ဘုရား ဇာတိတော်သက်သေသာဓကအဖြစ် ဤလေ့လာချက် စာတမ်း၌ တင်ပြသည့် အခြားအချက်အလက်ခြောက်ခု၏ အဓိပ္ပါယ်နှင့်ပေါင်းစပ်သောအရာများသာ ရှင်းလင်း ပြတ်သားစွာ သက်သေပြနိုင်သောအရာများ ဖြစ်ပါသည်။

ဥပမာ၊ ယောဟန် ၁း၁ သည် ခရစ်တော်၏ဘုရားဖြစ်ခြင်းကို ဖော်ပြ ပေးသည်။ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏၊ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏၊ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ် တော်မူ၏။" အချို့ဝေဖန်သူများက ဘုရားသခင် (God) ဟူသော စကားလုံး ရှေ့မှာ အကန့်အသတ်မရှိသော အတိုကောက်စာပိုဒ် (a) ထားသင့်သည်ဟု ပြောဆိုကြသည်။ ထိုသို့ဖြစ်ပါက ဘုရားသခင်ဟူသောစကားကို ဖတ်သော အခါ "a god" ဟူ၍ ဖတ်ရမည်ဖြစ်ပြီး မတိကျသော ဘုရားဟူသောအဓိပ္ပါယ် ဖြစ်သွားပါမည်။ သို့သော် ခိုင်လုံ၍ အကျိုးအကြောင်း ဆီလျော်သော အငြင်း ပွားမှုများလည်းရှိပါသည် ၊ ၎င်းမှာ "နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ် တော်မူ၏" ဟူ၍ ပြန်ဆိုခြင်းဖြစ်သည်။ ဥပမာ အားဖြင့်၊ "a gods" ဘုရားငယ် လေးများဟုဆိုလျှင် ဘုရားငယ်အများကြီးရှိသည်ဟု အဓိပ္ပါယ်သက်ရောက်

မည်ဖြစ်ကာ၊ ဤအဆိုသည် ဘုရားတစ်ပါးတည်းကိုသာ ယုံကြည်သော ရှေးရိုးစွဲ ဂျူးဘာသာဝင်များနှင့် ခရစ်ယာန်အားလုံးက ယတိပြတ် ငြင်းဆိုကြလိမ့်မည်။ ထို့အပြင် ယုတ္တိကျကျဆိုရလျှင်မူ၊ အကယ်၍ ဘုရားသခင်သည် ထူးခြားသောဘုရား၊ အရာရာကို ဖန်ဆင်းသော တစ်ပါးတည်းသောအရှင်ဖြစ်ပါက "ထိုသူအားဖြင့် အလုံးစုံတို့ကို ဖန်ဆင်းတော်မူ၏"။ "ထိုသူ၏ ဖန်ဆင်းခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သောအရာ တစ်စုံ တစ်ခုမျှမရှိ"ဟု မည်သို့ဆိုနိုင်မည်နည်း (ယောဟန် ၁း၃)။ အခြားသော သက်သေအထောက်အထားများ၏ အဓိပ္ပါယ်နှင့်ပေါင်းစပ်လျှင် ဤအချက်သည် ယုတ္တိရှိပြီး အနက်ဖွင့်ဆိုချက် တသမတ်တည်း ပြည့်စုံမည် ဖြစ်သည်။ အခန်းကြီး (၁)တွင် ယေရှုသည် ဘုရားဖြစ်ကြောင်းဖော်ပြထားပြီး၊ အခန်းကြီး ၂၀း၂၈ တွင် "အကျွန်ုပ်၏ အရှင်၊ အကျွနု်ပ်၏ဘုရားပါတကား" ဟုလျှောက်ဆိုခြင်းအားဖြင့် သောမကလည်း ပြန်လည်အတည်ပြုထားသည်။ ထပ်မံအတည်ပြုသောအချက်မှာ ယေရှုသည် သောမ၏စကားကို အတည်ပြုကာ "သောမ၊ သင်သည် ငါ့ကိုမြင်သောကြောင့် ယုံခြင်းရှိ၏" ဟုလည်း တုန့်ပြန်ခဲ့သည်။ ယေရှုခရစ်သည် ဘုရားဖြစ်ကြောင်း အတည်ပြုသော နောက်ထပ်ကျမ်းပိုဒ်ကို တမန်တော် ၂၀း၂၈ တွင်တွေ့ရသည်။ ထိုကြောင့် သင်တို့သည် ကိုယ်ကို သတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့်ဝယ်တော်မူသောအသင်းတော်ကို လုပ်ကျွေးစေခြင်းငှါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ် ခန့်ထားတော်မူသော သိုးစုတစ်စုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့။" John Gill ပြောသည့်အတိုင်း၊ "ဝယ်သူသည် ဘုရားသခင်ဖြစ်၍၊ ယေရှုသည် ခပ်သိမ်းသော ငါတို့၏ ဘုရားသခင်ဖြစ်သည်" (Gill)။ Matthew Hanry က ဤသို့ဖော်ပြသည်၊ "ထိုအရာက ယေရှုသည် ဘုရားဖြစ်တော်မူကြောင်းကို သက်သေပြနေသည်"၊ မိမိအသွေးတော်အားဖြင့် အသင်းတော်ကို

ဝယ်ယူကြောင်းဖော်ပြသောကြောင့် အသွေးတော်နှင့်ရွေးဝယ်သူမှာ ယေရှု ဖြစ်သည်။ (Hanry) ဟေဗြဲ ၁း၈ တွင် "သားတော်ကိုကား၊ အိုဘုရားသခင်၊ ကိုယ်တော် ၏ပလ္လင်သည် နိစ္စထာဝရပလ္လင်ဖြစ်ပါ၏။ ကိုယ်တော်၏နိုင်ငံ သည် တရားသဖြင့် စီရင်သောနိုင်ငံ ဖြစ်ပါ၏။"

၁ယော၊ ၅း၂၀ မှာ "ဘုရားသခင်၏ သားတော်သည် ကြွလာ၍ မှန် သောဘုရားသခင်ကို သိသောဉာဏ်ကို ငါတို့အား ပေးတော်မူသည်ကိုလည်း ငါတို့သိကြ၏။ မှန်သောဘုရားသခင်၌လည်းကောင်း၊ သားတော်ယေရှုခရစ်၌ လည်းကောင်း၊ ငါတို့သည် တည်လျက်ရှိကြ၏။ ထိုသူသည် မှန်သောဘုရား သခင်ဖြစ်တော်မူ၏။ ထာဝရအသက်လည်း ဖြစ်တော်မူ၏။" ယေရှုသည် မှန်သောဘုရားသခင်ဖြစ်ပြီး ထာဝရအသက်လည်းဖြစ်သည်။ သခင်ယေရှု ကိုယ်တိုင်က ယောဟန် ၁၀း ၂၇-၂၈ တွင် ဖော်ပြသည်။ "ငါ့သိုးတို့သည် ငါ့ စကားသံကို နားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။ ထာဝရအသက်ကိုလည်း ငါပေး၏။" ထို့ကြောင့် ယေရှုသည် မှန်သောဘုရား သခင်နှင့် ထာဝရအသက်လည်း ဖြစ်သည်။

တမန်တော် ရး၅၉ တွင် တွေ့ရသည်မှာ "ကျောက်ခဲနှင့်ပစ်ကြစဉ် သတေဖန်သည် ပဌနာပြုလျက်၊ သခင်ယေရှု၊ အကျွန်ုပ်၏ဝိညာဉ်ကို သိမ်းယူ တော်မူပါဟု လျှောက်ဆို၏" သူသည် ဘုရားသခင်ဖြစ်သော သခင်ယေရှုထံ ဆုတောင်းခဲ့သည်။ ဟေရှာယ ရး၁၄ ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်က "ထို့ကြောင့် ထာဝရဘုရားသည် ကိုယ်တော်တိုင် နိမိတ်လက္ခဏာကို သင်တို့ အား ပေးတော်မူမည်။ ကြည့်ရှုလော့။ သတို့ သမီးကညာသည် ပဋိသန္ဓေ စွဲယူ၍ သားယောကျာ်းကို ဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလ အမည်ဖြင့် မှည့်ရလတံ့။" ဤကျမ်းပိုဒ်ကို ဟေဗြဲဘာသာ စကားပြန်က ဤသို့ ဖော်ပြ

သည်၊ "ငါတို့နှင့်အတူရှိသောဘုရား" သို့မဟုတ် "ငါတို့နှင်အတူရှိသော သူသည် ဘုရားသခင်ဖြစ်သည်"။ ဤအချက်သည် မည်သူနှင့် သက်ဆိုင်မည် နည်းဟူသည့် သံသယကို မဿဲ ၁း၂၃ က ပယ်ဖျက်ပြသည်၊ နှုတ်ကပတ် တော်က ဤအကြောင်းအရာကို ငါတို့၏သခင်ခရစ်တော်ဖြစ်သော ကယ် တင်ရှင်မေရှိယ ဖွားမြင်ခြင်း နှင့် စပ်လျဉ်း၍ ခမ္မသစ်ကျမ်း၌ ဖော်ပြထား သည်။ ဟေရှာယ ၉း၆ တွင် သူသည် တန်ခိုး ကြီးသော ဘုရားသခင်ဟူ၍ ဖော်ပြသည်၊ တိတု ၂း၁၃ တွင် "ကြီးမြတ်သောဘုရားသခင်"နှင့် တမန်တော် ၁၀း၃၆။ ဂလာတိ ၄း၁။ ရောမ ၁၀း၉-၁၀ တို့တွင် အလုံးစုံတို့၏ ဘုရားသခင် ဟူ၍ ဖော်ပြထားသည်။ နောက်ဆုံး၌ ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၁း၁ တိတုဩဝါဒစာ ၂း၁၀ တို့တွင် ခရစ်တော် သည် ဘုရားသခင်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ ယခင်ကျမ်းပိုဒ်၌ ဖော်ပြသည်မှာ။ ... "ငါတို့ဘုရားသခင် ယေရှုခရစ်၏"ဟု ဆိုထားပါသည်။ နောက်တစ်ပိုဒ်က လည်း၊ "ကြီးမြတ်သော ဘုရားသခင်တည်းဟူသော ငါတို့ကို ကယ်တင်တော် မူသော အရှင်သခင် ယေရှုခရစ်၏" ဟုဖော်ပြ သည်။ ဟေရှယ ၄၃း၁၁ ၌ "ငါတစ်ပါးသည် ထာဝရဘုရားဖြစ်၍၊ ငါမှတစ်ပါး ကယ်တင်သော သခင်မရှိ" ဟူသောအကြောင်းကို ထည့်သွင်းသုံးသပ်သောအခါ 'ဘုရားသခင်' ဟူသော စကားလုံးသည် ကယ်တင်ရှင်ယေရှုခရစ်တော်ကို ရည်ညွှန်းသည်မှာ ရှင်း လင်းနေပါသည်၊ အဘယ် ကြောင့်ဆိုသော် ဘုရားသခင်မှလွဲ၍ အခြားသော ကယ်တင်ရှင်မရှိပါ။ ဤအချက်ကို C Grandville ၏ ပြောင်မြောက်လှသည့် ဂရိသဒ္ဒါ ပြောဆိုချက်ကလည်း ထပ်မံလေးနက်စေသည်။ ဤနည်းစနစ်မှာ နာမ်နှစ်ခုရှိသောအခါ၊ ပုဂ္ဂိုလ်တစ်ဦးကို ဖော်ပြသည့်သင့်လျော်သော အမည် နာမ မဟုတ်ဘဲ၊ ၎င်းနှင့် "နှင့်" (kai) ဟူသောစကားလုံးနှင့် ဆက်စပ်ပြီး၊ တိကျသော အာတီကယ်သည် ဒုတိယနာမ် အတွက်မဟုတ်ဘဲ ပထမနာမ်

အတွက်သာ ဖြစ်သော်လည်း နာမ်နှစ်မျိုးလုံးသည် လူတစ်ဦးတည်း ကိုသာ ရည်ညွှန်းသည်။ ထို့ကြောင့် “ဘုရားသခင်” နှင့် “ကယ်တင်ရှင်” ဟူသော စကားလုံးနှစ်ခုလုံး သည်  ယေရှုခရစ်တော်နှင့် သက်ဆိုင်သည်။ ဂရိသဒ္ဒါ နည်းစနစ်အမြင်အရ ဤအနက်ဖွင့်ဆိုချက်သည် အငြင်းပွားစရာမရှိပါ။

## ၁။ ဘုရားဖြစ်ကြောင်း အတိအလင်း ပြောဆိုခြင်း

ဆွေးနွေးရန် မေးခွန်းများ

1. ယေရှု၏ဘုရားဖြစ်ကြောင်းကို မည်သည့်ကျမ်းချက်က အကောင်းဆုံး ဖော်ပြထားသနည်း။ ထိုကျမ်းပိုဒ်ကို အလွတ်ရပါသလား။ သင်သည် ထိုအကြောင်းအရာကို ငြင်းချက်ထုတ်လိုပါ သလား။
2. သောမသည် ယောဟန် ၂၀း၂၈ တွင် ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ထောက်ခံရာ၌ မည်သို့ ဆိုခဲ့ သနည်း။ ထိုအခြေအနေကို သင်ဖော်ပြနိုင်ပါသလား။ ယေရှုသည် သောမအား မည်သို့တုံ့ပြန် ပြောဆိုခဲ့သနည်း။
3. တမန်တော် ဝတ္ထု ၂၀း၂၂ နှင့် ပတ်သက်၍ Gill နှင့် Henrry တို့က မည်သို့ ဆိုကြသနည်း။
4. ဟေဗြဲ ၁း၈ က ကိုးကားထားသော ဆာလံကျမ်းချက်ကို သင်ပြောပြနိုင်ပါ သလား။
5. သခင်ယေရှုသည် ဘုရားဖြစ်သည်ဟု ဟေဗြဲ ၁း၈ တွင် ကြေညာထားပါ သလား။ ဟေဗြဲ ၁း၂-၇ က ဤအချက်ကို ထောက်ခံပါသလား။
6. တိတု ၂း၁၀ က ၁ယော၊ ၂း၁၀ ပြောဆိုချက်ကို ထောက်ခံပါသလား။ ရှင်းပြပါ။
7. တမန်တော် ၇း၅၉ တွင် သတေဖန်၏ပြောဆိုချက်က ယေရှုခရစ်တော် ဘုရားဖြစ်ခြင်းကို မည်သို့ ထောက်ခံနေပါသနည်း။
8. ခရစ်တော်၏ဘုရားဖြစ်ခြင်းကို ထောက်ပြရာတွင် ဟေရှာယ ၇း၁၄ နှင့် မဿဲ ၁း၂၃ ကို အသုံးပြုပါ။

## ၂။ သမ္မာကျမ်းစာ ပရောဖက်ပြုချက်

သမ္မာကျမ်းစာသည် ယုံကြည်ဖွယ်ဖြစ်ခြင်း၊ ပြည့်စုံမှန်ကန်ခြင်းနှင့် အမှန်တရားကို အခိုင်မာဆုံး သက်သေပြခြင်းတစ်ခုမှာ ပြည့်စုံပြီးသော ပရောဖက်ပြုချက် မှတ်တမ်းများကြောင့်ပင် ဖြစ်သည်။ ပြည့်စုံခဲ့ပြီးသော ပရောဖက်ပြုချက်များအရ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ် ကြောင်း သတ်မှတ်ထားသည်။ ဤအချက်ကြောင့် ခရစ်တော်သည် ဘုရားဖြစ်ကြောင်း ဖော်ပြသည့်အခါ မေရှိယနှင့်ပတ်သက်သော ပရောဖက်ပြုချက်များအကြောင်းကို ဤအပိုင်း၌ အသေးစိတ် လေ့လာလိုပါသည်။ စာအုပ် သို့မဟုတ် သီးခြားစာရွက်ပေါ်တွင် ရေးမှတ်ထားနိုင်ပါသည်။ သမ္မာကျမ်းစာသည် မယုံနိုင်လောက်အောင် တိကျမှန်ကန်စွာ ပြည့်စုံခဲ့ပြီးသည့် ပရောဖက်ပြုချက်များနှင့် ပြည့်နှက်နေပါသည်။ သမ္မာကျမ်းစာအပေါ် မေးခွန်း ထုတ်သော (Skeptics) သံသယ သမားများက "ထိုအရာအားလုံးသည် တိုက်ဆိုင်မှုတစ်ခုသာဖြစ်ပြီး၊ ထိုအရာသည် မတော်တဆ ဖြစ်ပျက်ခဲ့ခြင်းသာ"ဟု ဆိုကြသည်။ ထိုသို့ဆိုလျှင် ဤအချက်ကို ဆန်းစစ်ရန် လိုအပ်လာပေသည်။ ခရစ်ယာန်ဘာသာသည် အကဲဖြတ်ဆန်းစစ်ခြင်းကို အစစ်ခံနိုင်သော ကျိုးကြောင်းဆီလျော်သည့် ယုံကြည်ခြင်းဖြစ်သည့်အပြင် နှစ်ပေါင်းများစွာတိုင်အောင် အခွင့်အာဏာနှင့် ကြီးမားသည့် တိုက်ခိုက် ထိုးနှက်ခြင်းများကို ခံရကောင်း ခံရနိုင်သည်။ ဤအရာကို ဖုံးကွယ်စရာမလိုပါ။ အဖြေပေးနိုင်ရန် အမြဲ အဆင်သင့်ဖြစ်ရန်သာ လိုအပ်သည်။ ထို့အပြင်၊ သမ္မာကျမ်းစာ၏ အမှန်တရားသည် ရှောင်လွဲမရကြောင်းနှင့် အငြင်းပွားစရာမရှိကြောင်းကို ကျွန်ုပ်တို့ ခွန်အားယူသင့်ပါသည်။ လူတစ်ဦးသည် အချက်အလက်များကို ငြင်းပယ်ခြင်း သို့မဟုတ် လိမ်လည်ခြင်း မပြုလုပ်ပါက ကျမ်းစာပရောဖက်ပြုချက်များသည် မယုံနိုင်လောက်အောင် တိကျမှန်ကန်စွာ ပြည့်စုံခဲ့ကြောင်း

ငြင်းဖွယ်ရာ မရှိပါ။ သမ္မာ ကျမ်းစာပရောဖက်ပြုချက် စွယ်စုံကျမ်း ကျမ်းစာပရောဖက်ပြုချက်သည် ၁၈၁၇ ခုရှိသည်ဟု ဆိုပါ သည်။ (Encyclopedia, 1980) ၁၂၃၉ တို့သည် ဓမ္မဟောင်းကျမ်း၌ရှိပြီး၊ ၅၇၈ ချိန်ခွင်ကို ဓမ္မသစ်ကျမ်း၌ တွေ့ရှိရသည်။ ဓမ္မဟောင်း၏ဟောဖြဲ ကျမ်းစောင်များတွင် မေရှိယဆိုင်ရာ ပရောဖက်ပြုချက် (၁၉၁)ခု ရှိသည်၊ ထိုအရာသည် သမ္မာကျမ်း ရေးသားခြင်း မတိုင်မီ ကျွန်ုပ်တို့အား ကြိုတင် ဖွင့်ပြပေးခဲ့သည်။ မေရှိယနှင့်ဆိုင်သော ပရောဖက်ပြုချက်သည် ခရစ်တော်၏ဘုရားဖြစ်ခြင်းကို အခိုင်မာဆုံး သက်သေ ထူပေးသောအချက်တစ်ခုဖြစ်သည်။ ထိုအချက်သည် "ဘုရားလူသား" ယေရှုအတွက် အစီစဉ် တစ်ခု လုံးသည် ကနဦးထဲက ဘုရားသခင် ဖြစ်ကြောင်း၊ သူ၏ဘုရားဖြစ်ခြင်းကို သူမမွေးဖွားမီ အနှစ်တစ်ထောင်ကျော်ကပင် ကြိုတင်ပရောဖက်ပြု ဟောကြားခြင်း၊ အချို့ကိစ္စများတွင် ကြေငြာခြင်းနှင့် မျှော်လင့်ထားခြင်းတို့ရှိခဲ့သည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ လူ့ဇာတိခံယူသော၊ ယေရှု၏ဘုရားဖြစ်ခြင်းကို  သက်သေပြရန်ဖြစ်သည့်အတွက် ပြည့်စုံသောမေရှိယဆိုင်ရာ ပရောဖက်ပြုချက်များကို ကျွန်ုပ်တို့ အာရုံစိုက်ကြ မည်။ သမ္မာကျမ်းစာက တရားဟောရာ ၁၈း၂၂ တွင် ဖော်ပြသည်။ "ပရောဖက်သည် ထာဝရဘုရား၏ အခွင့်ကိုဆောင်၍ ဟောပြောသည် အတိုင်း၊ အမှုမဖြစ်၊ ဟောပြောသည်အတိုင်း ထိုစကားကို ထာဝရဘုရား မိန့်တော်မမူ။"

ထိုကြောင့် သမ္မာကျမ်းစာသည် ပရောဖက်ပြုချက်အပေါ် ယုံကြည်စိတ်ချမှုအတွက် ၎င်း၏ ကိုယ်ပိုင်စံနှုန်းကို ချမှတ်ထားသည်။ အကယ်၍ ဟောပြောသောအကြောင်းအရာသည် ဖြစ် မလာသေး၊ မပြည့်စုံသေးပါက ထိုအရာသည် အစစ်အမှန်မဟုတ်၊ ထာဝရဘုရားထံမှမဟုတ်ကြောင်း သိရပေမည်။ ဤမှတ်တမ်းကို တင်ပြပြီးနောက် သင်သည် မေရှိယဆိုင်ရာ ပရော

ဖက်ပြုချက်မှ ဘုရားသခင်၏ သဘောသဘာဝကို မယုံကြည်လျှင်၊ သင်သည် ဤစာစဉ်အပေါ် ရှင်းလင်းသောစိတ်ထားဖြင့် အမှန်တရားအတွက် ရှာဖွေနေသူ မဟုတ်ကြောင်း သိနိုင်ပါသည်။ ထိုအရာကို ရှင်းလင်းစွာ တင်ပြရန် အကောင်းဆုံးနည်းလမ်းမှာ ဟေဗြဲကျမ်းစာစောင်များမှ ပရောဖက်ပြုချက်များနှင့်အတူ မေရှိယသခင်ယေရှု၏အသက်တာနှင့် အမှုတော်လုပ်ငန်း၌လည်းကောင်း၊ ပရောဖက်ပြုချက်ပြည့်စုံကြောင်းသက်သေပြရန်ဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်သည်။ ဤပရောဖက်ပြုချက် (၉)ခုကို ကျွန်ုပ်တို့ အသေးစိတ်လေ့လာပြီးနောက်၊ သင်၏ကိုယ်ပိုင် အချိန်၌ လေ့လာရန် အခြားစာရင်းကိုလည်း ပြုစုပေးပါမည်။

**ပရောဖက်ပြုချက် (၁)** "ထို့ကြောင့် ထာဝရဘုရားသည် ကိုယ်တော်တိုင် နိမိတ်လက္ခဏာကို သင်တို့အားပေး တော်မူ မည်။ ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဘွားမြင် လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့်မှည့်ရလတံ့။"(ဟေရှာ၊ ရှ:၁၄)။ စိတ်ဝင်စားဖွယ်ရာကောင်းသည်မှာ ဟေရှာယကျမ်းသည် ခရစ်တော်မမွေးဖွားမီ နှစ်ပေါင်း ၇၀၀ ခန့်က ရေးသားခဲ့ခြင်းဖြစ်သည်။ သတို့သမီးကညာသည် ဖခင်မပေါ်သော ပဋိသန္ဓေကို စွဲယူ၍ သားယောက်ျား ဖွားမြင်းမည့်အကြောင်း ရေးသားထားခြင်းဖြစ်သည်။ သမ္မာကျမ်းစာ၌ သူ၏အမည်ကို "ဧမာနွေလ" အမည်ဖြင့် မှည့်ရမည်ဟု ဆိုပါသည်။ ဟေဗြဲဘာသာစကားတွင် "ဧမာနွေလ" ဟူသော အသုံးအနှုန်းသည် မေရှိယအတွက် ပရောဖက်ပြုချက်ဆိုင်ရာ အမည်ကို ဆိုလိုသည်။

**ပရောဖက်ပြုချက် ပြည့်စုံခြင်း (မဿဲ ၁း၂၃၊ လုကာ ၁း၂၇-၃၄)**

ဤစာအုပ်တွင် သခင်ယေရှု၏ အပျိုစင်မှမွေးဖွားခြင်းအကြောင်းကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် "လူဇာတိခံယူခြင်း"အပိုင်းကိုဖတ်ရှုပါ။ သူ၏ဖွားမြင်ခြင်းသည် အခြားသူများ၏ ဖွား မြင်ခြင်းနှင့်မတူပါ။ လူသား ဖခင်မရှိဘဲ ပဋိသန္ဓေဆောင်ဖွားမြင်ခဲ့သည်။ သူသည် ကျွန်ုပ်တို့ကဲ့သို့ အပြစ် ဗီဇကို မဆက်ခံသည့်၊ အပြစ်ကင်းသော ဘုရားသခင်၏ သားတော်ဖြစ်သည်။ မဿဲ ၂း၂၂-၂၃ ၌ "ထိုအကြောင်းအရာမှုကား၊ ထာဝရဘုရားသည် ပရော ဖက်ဖြင့် ထားတော်မူသော ဗျာဒိတ်တော်ပြည့်စုံ မည်အကြောင်းတည်း"ဟု ကျမ်းစာက ဆိုထားသည်။ သခင်ယေရှုသည် ထိုကျမ်းချက်၏ ပြည့်စုံချက် ဖြစ်ကြောင်း ရှင်မဿဲက ဟေရှာယ ၁း၁၄ ကို ဆက်လက်ကိုးကား၍ ရှင်း လင်းစွာဖော်ပြခဲ့သည်။ ကျွနု်ပ်တို့အတွက် "မောနွေလ"ကို "ငါတို့နှင့်အတူ ရှိသောဘုရားသခင်" ဟု သမ္မာကျမ်းစာက ဆက်လက်၍ အဓိပ္ပါယ် ဖွင့်ဆို ထားသည်။ ဤကျမ်းချက်သည် ဓမ္မဟောင်း၏ အနာဂတ္တိပြည့်စုံချက်တစ်ခု အနေဖြင့် ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို သက်သေထူခဲ့ကြောင်း သံသယ ဖြစ်စရာမရှိပါ။

**ပရောဖက်ပြုချက် (၂)** အိုဗက်လင် ဧဖရတ်မြို့၊ အစိုးရသောယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော် လည်း၊ ဣသရေလအမျိုးကို အုပ်စိုး ရသော သခင်သည် ငါ့အဘို့ သင်၏အထဲမှာ ပေါ်ထွန်း လတံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသော သခင်ဖြစ်၏" (မိက္ခာ၊ ၅း၂)။

မိက္ခာ၊ ၅း၂ က ဗက်လင်မြို့ထဲတွင် အစိုးရသောမင်း ပေါ်ထွန်းမည့် အကြောင်းနှင့် ထိုသူသည် ရှေးကပ်ကမ္ဘာမှစ၍ ဖြစ်သောသူဖြစ်ကြောင်း ကြိုတင်ဟောကြားထားသည်။ ကျမ်းစာအနက်ဖွင့် သူတစ်ဦးက "ရှေး

ဟောင်း၊ ထာဝရမှစ၍" ဟူသော ဂရိစကား၏ အဓိပ္ပါယ်ကို "လောကမှ" မဟုတ်ဘဲ၊ "အစအဦးမှ"၊ "အချိန်ကာလ" မဟုတ်ဘဲ "ထာဝရကာလမှ" ဟူ၍ အဓိပ္ပါယ် ဖွင့်ဆိုထားသည်။

**ပရောဖက်ပြုချက် ပြည့်စုံခြင်း (မဿဲ၊ ၂း၁။ လုကာ၊ ၂း၁-၆။ ယော ရး၄၂)**

မဿဲ ၂း၁ ၌ ကျမ်းစာက ဖော်ပြသည်မှာ၊ "ယုဒပြည်ဗက်လင်မြို့၌ ယေရှုသည် ဘွားမြင်ခြင်းကို ခံတော်မူပြီးမှ" ယောသပ်သည် ဒါဝိဒ်၏ အမျိုးအနွယ်ဖြစ်သောကြောင့် မာရိနှင့်အတူ ဤမြို့မှ ခရီးထွက်စဉ် ယေရှုသည် ဗက်လင်မြို့ရှိ နွားစားခွက်၌ ဖွားမြင်ခဲ့သည်။ ထိုအဖြစ်အပျက်ကို လုကာ၊ ၂း၁-၆ တွင် ဖော်ပြထားသည်။ ယောဟန်၊ ရး၄၂ က မေရှိယဖြစ်မည်ဟူသည့် ဂျူးပရောဖက်ပြုချက်ကို ဤသို့ အတည်ပြုသည်။ "ခရစ်တော်သည် ဒါဝိဒ် အမျိုး၊ ဒါဝိဒ်နေရာဌာန၊ ဗက်လင်မြို့သား ဖြစ်ရမည်ဟူ၍ ဆိုထားသည်။" ထို့ကြောင့် ယေရှုသည် ထာဝရကာလမှစ၍ ထာဝရကာလအထိတိုင် တည်ရှိသောသူ၊ ဘုရားသခင်၏ ထာဝရသားတော်ဖြစ်သည်။ ယောဟန် ၁း၁ တွင်လည်း ဤသို့ ဖော်ပြသည်၊ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏၊ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစ အဦး၌ ဘုရားသခင်နှင့်အတူရှိ၏။"

**ပရောဖက်ပြုချက် (၃)** "ခွေးတို့သည် အကျွန်ုပ်ကိုဝိုင်းလျက်၊ စုဝေးသော လူဆိုးတို့သည် ဝန်းရံလျက်နေ၍ အကျွန်ုပ်၏ ခြေလက်တို့ကို ထိုးဖောက်ကြပြီ။" (ဆာလံ ၂၂း၁၆) ဆာလံ ၂၂ တွင် မေရှိယနှင့်ပတ်သက်သော အကြောင်းအရာများစွာကို ပရောဖက်ပြုထား သည်။ သို့သော် ဤအချက်တွင်မူ မေရှိယသည် ကားတိုင်ပေါ်တွင် အသေသတ်ခြင်းကို ခံရမည့် အကြောင်းကို ကြိုတင်ဟောထားသည်။ ထိုအချိန်ကာလ ဂျူးလူမျိုးတို့၏ အသေသတ်ကွပ်မျက်ခြင်း

ပုံစံမှာ ကျောက်ခဲဖြင့် သတ်ပစ်ရသော ကာလဖြစ်သည်။ ဤကြောက်မက်ဖွယ် ညှဉ်းပန်းနှိပ်စက်ခြင်းဖြင့် ကွပ်မျက်မှုကို ရောမတို့က အသုံးပြု၍ သူ၏ လက်နှင့်ခြေများကို ထိုးဖောက်လိမ့်မည်ဟုဆိုထားသော ပရောဖက်ပြုချက်သည် ပြည့်စုံလာခဲ့သည်။

**ပရောဖက်ပြုချက်ပြည့်စုံခြင်း (မ ၂၇း၃၁။ မာ ၁၅း၂၀။ ယော ၁၉း၁၅-၁၆)**

သခင်ယေရှုအား ကားတိုင်တင်သတ်ခြင်းဖြင့် အသေခံခဲ့ခြင်းသည် သမိုင်း အဆက်ဆက် အထောက်အထားအရှိဆုံးအချက်များထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ခရစ်ယာန်နှင့် လောကီပညာရှင် အများစုက အတည်ပြုခဲ့ကြသည်။ ဤအချက်ကို အငြင်းပွားစရာမရှိပါ။ ယေရှုသည် ကားတိုင်ပေါ်၌ အသေခံခဲ့သည်။ လက်ဝါးကပ်တိုင်၌ အသေခံသည့်အခါ၊ ကိုယ်တော်၏ လက်တော်နှင့် ခြေတော်ကို သံမှိုဖြင့် ရိုက်ကြသည်။ ဤအဖြစ်အပျက်ကို သမ္မာကျမ်းစာ၌ သက်သေပြခဲ့သည်။ မဿဲ ၂၇း၃၁ နှင့် မာကု ၁၅း၂၀ နှစ်ခုလုံးက ယေရှုအား ကားတိုင်တင်သတ်ရန် ခေါ်ဆောင်ခြင်း ခံခဲ့ရကြောင်း ဖော်ပြထားသည်။ "ထိုအခါ ပိလတ်မင်းသည် ယေရှုကိုလက်ဝါးကပ်တိုင်မှာ ရိုက်ထားစေခြင်းငှါ ထို သူတို့လက်သို့ အပ်သဖြင့်"ဟု ယောဟန် ၁၉း၁၅-၁၆ ၌လည်း ဖော်ပြသည်။

**ပရောဖက်ပြုချက် (၄)** "ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကို ခံ၍ နှုတ်ကိုမဖွင့်ဘဲ နေ၏။ အသေသတ်ခြင်းငှါ ဆောင်သွားသော သိုးသငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့ မှာ မမြည်ဘဲ နေသကဲ့သို့ သူသည် နှုတ်ကိုမဖွင့်ဘဲ နေ၏" (ဟေရှာယ ၅၃း၇)။ ဤကျမ်းချက်သည် ဟေရှာယမှဆင်းသက်လာပြီး၊ ဆင်းရဲဒုက္ခခံရသော အစေခံကျွန်၏ အကြောင်းကို အလေးထား ဖွဲ့နွဲ့ထားသည့် ပရောဖက်ပြုချက်ဟု လူသိများ

သည့်အပြင်၊ ဂျူးလူမျိုး များကပင်လျှင် မေရှိယနှင့်ဆိုင်သော ပရောဖက်ပြု ချက်အဖြစ် မေရှိယကိုလက်ခံကြသည်။ မေရှိယ သည် နာကျင်စွာ ထိုးနှက် နှိပ်စက်ခြင်း ဝေဒနာခံစားရသောအခါ သိုးသငယ်ကို သတ်သကဲ့သို့ သူသည် တိတ်ဆိတ်စွာ နေမည်ဖြစ်ကြောင်း ကြိုတင်ဟောခဲ့သည်။

## ပရောဖက်ပြုချက် ပြည့်စုံခြင်း
## (မဿဲ ၂၇း၁၂ - ၁၄။ မာကု ၁၅း၄ - ၅။ ၁ပေတရု ၂း၂၂ - ၂၃)

ယဇ်ပရောဟိတ်အကြီးနှင့် လူအကြီးအကဲတို့က မေရှိယယေရှုကို မေးခွန်း ထုတ်သောအခါ သူ သည် "စကားတခွန်းကိုမျှ ပြန်တော်မမူ" ဟု မဿဲ ၂၇း ၁၂-၁၄ မှာ ဖော်ပြသည်။ "ပိလတ်မင်းကလည်း၊ သင့်တစ်ဘက်၌ အဘယ်မျှ လောက် သက်သေခံကြသည်ကို သင်မကြားသလောဟု ပြောဆို သော်လည်း စကားတစ်ခွန်းကိုမျှ ပြန်တော်မမူ"။ ဤအကြောင်းကို မာကု ၁၅း ၄-၅ မှာ လည်း ဖော်ပြထား သည်။ ထို့အပြင် ၁ပေတရု ၂း၂၂-၂၃ တွင် ဤသို့ ဖတ်ရ သည် "ထိုသခင်သည် ဒုစရိုက်ကိုမပြု နှုတ်တော်၌လည်း မုသာကို ရှာမတွေ့၊ ကဲ့ရဲ့ခြင်းကို ခံရသောအခါ ပြန်၍မကဲ့ရဲ့၊ အသေခံရသောအခါ ခြိမ်းခြောက် ခြင်းကို မပြု"။

**ပရောဖက်ပြုချက် (၅)** "အိုဇိအုန်သတို့သမီး၊ အလွန်ဝမ်းမြောက်လော့။ အို ယေရုရှလင်မြို့သတို့သမီး၊ ကြွေးကြော်ကြလော့။ တရားသဖြင့် စီရင်၍ ကယ်တင်ခြင်းသို့ ရောက်သော သခင်၊ သင်၏ အရှင်မင်းကြီးသည် မြည်းမနှင့် မြည်းကလေးကို စီး၍ နူးညံ့သိမ်မွေ့သော စိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူ သည်ကို ကြည့်ရှုလော့" (ဇာခရိ၊ ၉း၉)။ ဇာခရိကျမ်းကို ဘီစီ ၅၃၀ ခန့်တွင်

ရေးသားခဲ့သည်။ ထိုကျမ်းစာ၏ အဓိကရည်ရွယ်ချက်မှာ ယုဒလူများကို အပြစ်တင်ရန်နှင့် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ရန်အတွက် သူတို့ကို လှုံ့ဆော် ရန်ဖြစ်သည်။ သို့သော် အရေးကြီးသော အကြောင်းအရာတစ်ခုမှာ မေရှိယကြွလာမည့်အကြောင်းနှင့် ဘုရားသခင်၏ နိုင်ငံတော်ကို ဆန့်ကျင်သော အင်အားစုများကို ဖျက်ဆီးမည့်ဟူသည့် မျှော်လင့်ချက်ဖြစ်သည်။ ဤကျမ်းပိုဒ်တွင် ယေရုရှလင်မြို့သို့ မြည်းကိုစီးဝင်ပြီး ကယ်တင်ခြင်းကို ယူဆောင် လာ မည့် မေရှိယသည် နှိမ့်ချစွာ ကြွလာမည့်အကြောင်းနှင့် ထိုအမှု၌ ဘုရားသခင်လူမျိုးတို့၏ ဝမ်းမြောက် ခြင်းအကြောင်းကို ပုံဖော်ပြသည်။

## ပရောဖက်ပြုချက် ပြည့်စုံခြင်း (မဿဲ ၂၁း ၈- ၁၁။ လုကာ ၁၉း ၃၅-၃၇ နှင့် ယောဟန် ၁၂း၁၂-၁၅)

စွံပလွံခက်နေ့(Palm Sunday)ဟု လူသိများသော ကယ်တင်ရှင်ယေရှုခရစ်၏ အောင်ပွဲခံခရီးကို ကမ္ဘာတစ်လွှားရှိ အသင်းတော်များတွင် နှစ်စဉ်ကျင်းပလျက်ရှိကြသည်။ သမ္မာကျမ်းစာက ထိုသမိုင်းဝင်အဖြစ်အပျက်ကို ရှင်းလင်းစွာ ဖော်ပြထားသည်။ မဿဲ ၂၁ တွင် သခင်ယေရှုက သူ၏ တပည့်တော်များအား ဤသို့ပြောခဲ့သည်။ “သင်တို့ရှေ့၌ရှိသောရွာသို့သွားကြ။ ထိုရွာ၌ ချည်နှောင် လျက်ရှိသော မြည်းမနှင့် မြည်းကလေးကို သင်တို့သည် ချက်ခြင်းတွေ့လိမ့်မည်။ မြည်းကြိုးကို ဖြည်၍ ငါ့ထံသို့ ဆောင်ခဲ့ကြ”။ ဤကျမ်းစာ ဖြစ်ရပ်သည် ဇာခရိ ၉း၉ ပြည့်စုံခြင်းဖြစ်သည်ဟု ဖော်ပြသည်။ အပိုဒ်ငယ် ၄ ၌ ဖော်ပြသည်မှာ၊ “ပရောဖက်၏ နှုတ်ထွက်ပြည့်စုံမည်အကြောင်း ဤအမှုအလုံးစုံတို့ကို ပြုလေ၏” ဟူ၍ ဇာခရိ ၉း၉ ကို ကိုးကားပြီး ဖော်ပြသည်။ ထို့အပြင် လုကာနှင့်ယောဟန်တို့ကလည်း ၎င်းအဖြစ်အပျက်ကို ပြန်ပြောပြကြသည်။ ယေရှုသည် မြည်းကိုစီးကာ ကြွလာပြီး လူအများတို့သည် “မိမိတို့အဝတ်ကို

လမ်း၌ခင်း" (လုကာ ၁၉း၃၆)၊ သံလွင်ရွက်များကို ခင်းပြီး၊ "ဟောရှဏ္ဏာ၊ ထာဝရဘုရား၏ အခွင့်နှင့်ကြွလာတော်မူသော ရှင်ဘုရင်သည် မင်္ဂလာရှိစေ သတည်း" ဟု ကြွေးကြော်ကြသည်။

**ပရောဖက်ပြုချက် (၆)** "အကယ်စင်စစ် ငါယုံ၍ ငါ့မုန့်ကိုစားသော အဆွေခင်ပွန်းသည် ငါ့ကိုခြေနှင့်ကျောက်သတည်း" (ဆာလံ ၄၁း၉) ။

ဒါဝိဒ်သည် မိမိခံရမည့်ဆင်းရဲဒုက္ခနှင့် သစ္စာဖေါက်ခြင်းများကို ဘုရားသခင်၏ မှုတ်သွင်းခြင်းအားဖြင့် ဆာလံကျမ်းကို ကြိုတင်ရေးသားခဲ့သည်။ ထိုရေးသားချက်တွင် ကြွလာမည့် မေရှိယနှင့် သက်ဆိုင်ခြင်းလည်း ရှိပါသည်။ မေရှိယနှင့်သက်ဆိုင်သော ဆာလံက သတိပေးနှိုးဆော်သည်မှာ သူနှင့်ရင်းနှီး ကျွမ်းဝင်သော မိတ်ဆွေသည် မေရှိယယေရှုကို သစ္စာဖောက်လိမ့်မည်ဟု သတိပေးထားခဲ့သည်။

## ကျမ်းချက် ပြည့်စုံခြင်း (မဿဲ ၂၆း၄၇-၅၀၊ လုကာ ၂၂း ၂၁-၂၂၊ ၄၇။ ယောဟန် ၁၃း၁၈၊၂၁၊၂၆)

ဤကျမ်းချက်သည် မေရှိယသခင်ဖြစ်သော ယေရှုခရစ်နှင့် အမှန်တကယ်သက်ဆိုင်ကြောင်း မည်သို့သိနိုင်ပါသနည်း။ ယောဟန် ၁၃း၁၈ တွင် သခင်ယေရှု မိန့်တော်မူသည်မှာ၊ "ကျမ်းစာချက် ပြည့်စုံမည်အကြောင်း ငါနှင့်အတူစားသောသူသည် ငါ့ကိုခြေနှင့် ကျောက်သတည်း။ ယဇ်ပုရောဟိတ်တို့နှင့်ခေါင်းဆောင်အကြီးအကဲများက စေလွှတ်သောလူများနှင့်အတူ ဥယျာဉ်သို့ရောက်လာသောသူသည် ကိုယ်တော်ကိုအပ်နှံသောယုဒရှကာရုတ်ဖြစ်သည်။ ၎င်းညတွင်ကိုယ်တော်ကို အပ်နှံသူယုဒက အမှတ်လက္ခဏာ ပေးခဲ့သည်။ ညအမှောင်ထုတွင်ဖြစ်သောကြောင့် လူမှား၍ မဖြစ်ပါ။ "ငါနမ်းသော သူသည်

ထိုသူပင် ဖြစ်သည်” ဟု သူက ဆိုခဲ့သည်။ ယေရှုက ယုဒကို မိတ်ဆွေအဖြစ် မှတ်ယူခဲ့သည်။ ယေရှုက “အဆွေ၊ အဘယ်အခင်းရှိ၍လာသနည်း” ဟုမေး ခဲ့သည်။

**ပရောဖက်ပြုချက် ၇။ “**အကျွန်ုပ်အဝတ်ကို အချင်းချင်းဝေဖန်၍ အကျွန်ုပ် အင်္ကျီကို စာရေးတံချကြပါ၏။” (ဆာလံ ၂၂း ၁၈)

ဆာလံ ၂၂ မှာ ကယ်တင်ရှင်၏ဝတ်လုံ၊ သူ၏အဝတ်တော်ကို စာရေးတံချကာ အလောင်း အစားလုပ်ပြီး ခွဲဝေကြလိမ့်မည်အကြောင်းကို ကြိုတင်ဟောကြား သည်။ မေရှိယကြွလာသောအခါ ရန်သူများ၏ လုပ်ရပ်များနှင့် စပ်လျဉ်း၍၊ သူတို့သည် “ယေရှု၏အဝတ်ကိုခွဲပြီး သူတို့အတွက် စာရေးတံချကြသည်” ဟု သမ္မာကျမ်းစာ၌ ဆိုသည်။

**ကျမ်းချက်ပြည့်စုံခြင်း (မဿဲ ၂၇း၃၅၊ မာကု ၁၅း၂၄၊ ယောဟန် ၁၉း၂၃-၂၄)**

မဿဲ ၂၇း၃၅ တွင် ရှင်းလင်းစွာ ဖော်ပြထားသည်။ “ကိုယ်တော်ကို လက်ဝါး ကပ်တိုင်မှာ ရိုက်ထားပြီးလျှင် အဝတ်တော်တို့ကို စာရေးတံချ၍ ဝေဖန် ကြ၏” အမှန်စင်စစ်၊ ဤအကြောင်းအရာသည် ပရောဖက်ပြုချက် ပြည့်စုံ ခြင်းဖြစ်ကြောင်း ဖော်ပြပါသည်။ ”ပရောဖက်ပြောသောစကားပြည့်စုံမည် အကြောင်းတည်း” ဟု ဒါဝိဒ်၏ ဆာလံ ၂၂ ကို ရည်ညွှန်းပြီး ဖော်ပြထားသည်။ ရှင်မာကုခရစ်ဝင်ကျမ်း ၁၅း၂၄ ၌လည်း “အဝတ်တော်ကို စားရေးတံချ၍ အသီးအသီးတို့အား ဝေဖန်ကြ၏” ဟု ဖော်ပြသည်။ ထို့အပြင် ယောဟန်၌ ပြည့်စုံသော ပရောဖက်ပြုချက်အတွက် ရှင်းလင်းတိကျခိုင်မာသည့် အထောက်အထားကို ကျွန်ုပ်တို့တွေ့ရသည်။ ယောဟန် ၂၃ နှင့် ၂၄ ထိုအဝတ် တော်သည် ချုပ်ရိုးမရှိသောကြောင့် မစုတ်ဖြဲဘဲ စာရေးတံချကြသည့် အ

ကြောင်းကို ရှင်းပြထားသည်။ သို့သော် ယောဟန်က "ကျမ်းစကား ပြည့်စုံမည် အကြောင်းတည်း" ဟု မိန့်တော်မူပြီးမှ ၎င်းသည် မေရှိယနှင့်ဆိုင်သော ပရောဖက်ပြုချက်ဖြစ်ပြီး မေရှိယသခင်၌ ပြည့်စုံကြောင်း ဖော်ပြရန် ဆာလံ ၂၂ ကို ကိုးကားသည်။

**ပရောဖက်ပြုချက် (၈)** "သူ၏အရိုးရှိသမျှတို့ကို စောင့်ရှောက်တော်မူသည် ဖြစ်၍ တစ်ချောင်းမျှ မကျိုးမပဲ့ရ။" (ဆာလံ ၃၄း၂၀)

ထွက်မြောက်ရာကျမ်းအခန်းကြီး ၁၂ တွင် ဖာရောဘုရင်၏ စိတ်ခိုင်မာခြင်းကို နောက်ဆုံးဆန့်ကျင်ကာ ကပ်ဘေးအားဖြင့် အီဂျစ်လူမျိုးတို့၏ သားဦးများကို ဘုရားသခင် မည်သို့ယူဆောင် သွားပုံကို ပြန်ပြောပြသည်။ ဣသရေလလူမျိုးတိုသည် တစ်နှစ်သားရှိပြီး အပြစ်အနာအဆာမရှိသော သိုးသငယ်ကို သတ်ကာ၊ ထိုသိုး၏အသွေးကို တံခါးတိုင် နှစ်ဘက်အပေါ်တွင် သုတ်လိမ်းခြင်းဖြင့် ဤ တရားစီရင်ခြင်းမှ ကာကွယ်ပေးခဲ့သည်။ ကောင်းကင်တမန် လာသော အခါ သိုးအသွေးသုတ်လိမ်းထားသော အိမ်များကို ကျော်လွှန်သွားခဲ့သည်။ သိုးသငယ်အသွေးက သူတို့ကို ကာကွယ်ပေးပြီး ဖာရောဘုရင်က သူတို့ကို အီဂျစ်ပြည်မှ ထွက်ခွာခွင့်ပေးခဲ့သည်။ တောလည်ရာကျမ်း အခန်းကြီး ၉ နှင့် ပသခါပွဲ စတင်ကျင်းပခဲ့သောအကြောင်းအရာကို ကျွန်ုပ်တို့ ပြန်ကြည့်ပါက ကယ်တင်ရှင်နှင့် သက်ဆိုင် သောအရာများဖြစ်သည်မှာ အလွန်ရှင်းပါသည်။ တောလည်ရာကျမ်း ၉း၁၂ တွင် ပသခါပွဲ ကျင်းပချိန်တွင် ဂျူးလူမျိုးများသည် ပသခါသိုးသငယ်ကို မည်သို့သတ်ရမည်၊ မည်သို့စားရမည်အကြောင်းကို ဖော်ပြသည်၊ သို့သော် "ထိုအသားကို နံနက်တိုင်အောင် မကြွင်းစေရ၊ အရိုးတို့ကိုလည်း မချိုးရ" ဟု ဆိုထားပါသည်။

## ကျမ်းချက် ပြည့်ဆုံခြင်း ( ယောဟန် ၁၉း၃၁-၃၇။ ၁ကော၊ ၅း၇)

ငါတို့၏ ပဿခါ သိုးသငယ်ခရစ်တော်၊ ဘုရားသခင်၏ သိုးသငယ်ခရစ်တော်၊ ယေရှု့အတွက် ကရာနီလက်ဝါးကပ်တိုင်သည် သူ၏ယဇ်ပလ္လင်ဖြစ်လာသော အခါ၊ လောက၏အပြစ်များအတွက် အသွေးတော်သွန်းလောင်းပြီး သူ၏ အရိုး တစ်ချောင်းမျှ မကျိုးမပဲ့ခဲ့ပါ။ ယောဟန် ၁၉း၃၁-၃၇ မှာ လက်ဝါးကပ် တိုင်ပေါ် အသေသတ်ခြင်းခံရသော သူတို့သည် ကားတိုင်ပေါ်တင်ပြီးလျှင် အမှန် သေသည်မသေသည်ကို သေချာစေရန် သူတို့၏ခြေထောက်များကို ရိုက်ချိုးတတ်ကြောင်း ဖော်ပြသည်။ ယေရှုနှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းခံရသော လူဆိုးနှစ်ဦးတို့၏ ခြေထောက်ကိုလည်း စစ်သား များက ရိုက်ချိုးခဲ့ကြသည်။ သို့သော် "ယေရှုထံသို့ရောက်၍ အသက်မရှိ ကြောင်းကိုမြင်လျှင် ခြေကိုမချိုးဘဲနေခဲ့သည်။" ၁ကော၊ ၅း၇ တွင် "ခရစ် တော်တည်းဟူသော ငါတို့ပသခါ သိုးသငယ်သည် ငါတို့အဘို့ ယဇ်ပူဇော်ရာ ဖြစ်၏" ဟု ဖော်ပြထားသည်။

**ပရောဖက်ပြုချက် (၉) "**အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်၏ ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထားတော် မမူ။ ကိုယ်တော်၏သန့်ရှင်းသောသူ အားလည်း ပုပ်စပ်ခြင်းကို ရှိစေတော်မမူဘဲလျက်၊ အသက်ရှင်ခြင်းလမ်းကို ပြည္ဆွန်တော်မူလိမ့်မည်" (ဆာလံ ၁၆း၁၀) ။

ပရောဖက် ဒါဝိဒ်မင်းကြီးသည် ခရစ်တော်မတိုင်မီ ဘီစီ ၁၀၀၀ ခန့်တွင် မွေး ဖွားခဲ့သည်။ ဆာလံ ၁၆း၁၀ တွင် သူသည် မေရှိယ၏အလောင်းကို သင်္ချိုင်း တွင်းမှ ရှင်ပြန်ထမြောက်စေပြီး သေပြီးနောက် သာမန်လူများနှင့်အတူ ဖြစ် ပျက်သော ခန္ဓာကိုယ် ပျက်စီးယိုယွင်းခြင်းကို မမြင်နိုင်ကြောင်း ပရောဖက် ပြုခဲ့သည်။

**ကျမ်းချက် ပြည့်စုံခြင်း (တမန်တော် ၂း၂၇၊ မဿဲ၊ ၂၈း၅-၇၊ မာကု၊ ၁၆း၆-၇၊ ၁ကော၊ ၁၅း၁၇)**

တမန်တော် ၂း၂၇ တွင် ဤကျမ်းစာသည်၊ ဘုရားသခင်၏ နုတ်ကပတ်တော် အားဖြင့်၊ ယေရှု ခရစ်နှင့် သက်ဆိုင်ကြောင်း အခိုင်အမာဖော်ပြသည်။ အခန်း ငယ် ၃၁ တွင် ပင်တေကုတ္တေပွဲနေ့၌ ပေတရုဟောသော တရားဒေသနာသည် ခရစ်တော်၏ဘုရားဖြစ်ခြင်းကို ထောက်ပြသော ဆာလံ ၁၆း၁၀ ကို ကိုးကား ထားသည်။ ပေတရုဟောပြောသည့်အရာမှာ၊ ဘုရားသခင်သည် ခရစ်တော်ကို "မိမိပလ္လင်ပေါ် မှာ တင်တော်မူမည့်အကြောင်း သခင်ကိုထမြောက်စေ၏" "သူသည် ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း မဖြစ်မှီကပင် ဤအမှုကို ကြိုမြင်ခဲ့သည်" ဟုပြောပြီး ဆာလံ ၁၆း၁၀ ကို ထပ်မံထောက်ပြသည်။ လက်ဝါးကပ်တိုင်မှာ အသေခံပြီးနောက် ခရစ်တော်၏ကိုယ်ခန္ဓာကို ကား တိုင်ပေါ်မှ ဖယ်ရှားပြီး ကျောက်၌ ထွင်းထားသော သင်္ချိုင်းတွင်းထဲသို့ ထည့် လိုက်ကြသည်။ မဿဲ ၂၈း၅-၇ နှင့် မာကု ၁၆း၆-၇ တွင် မိန်းမတို့သည် သင်္ချိုင်းဂူသို့ ရောက်လာ၍ ကောင်းကင်တမန် တစ်ပါးနှင့်တွေ့ဆုံစဉ် မြင် ကွင်းကို ဖော်ပြသည်။ ကောင်းကင်တမန်က "ထိုသူသည် ထမြောက်တော် မူပြီ၊ ဤအရပ်၌ မရှိ" ဟုပြောဆိုခဲ့ သည်။ ဤရှင်ပြန်ထမြောက်ခြင်းသည် မှန်ကန်ကြောင်း တပည့်တော်များနှင့် အမျိုးသမီးများက ထမြောက်ခဲ့သော သခင်ယေရှုကို အကြိမ်များစွာ တွေ့မြင်ခဲကြသည့်အပြင် ရှင်ပြန်ထမြောက် ခဲ့သော ကယ်တင်ရှင်ကိုလည်း မြင်တွေ့ခဲ့သော အခြားလူပေါင်း ၅၀၀ ကျော် က သက်သေပြခဲ့ကြသည်။ ဤ အရာသည် ကြိုတင်ပရောဖက်ဟောချက်များ ပြည့်စုံခြင်းဖြစ်ကြောင်း ရှင်းလင်းစွာ သိရသည်။

**နိဂုံးချုပ်**

အငြင်းပွားဖွယ်ရာဖြစ်သော်လည်း Dr. Peter Stoner ၏ လုပ်ဆောင်မှုသည် ဤအရာအလုံးစုံတို့ကို ယုံကြည်ဖွယ်ရာ ရှုထောင့်တစ်ခုအဖြစ် အသုံးဝင်နိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ Dr. Peter Stoner သည် Pasadena City College မှာ ၁၉၅၁ ခုနှစ်အထိ သင်္ချာနှင့် နက္ခတ္တဗေဒဌာနများ၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ Westmont College မှာ ၁၉၅၃-၅၇ ခုနှစ်အထိ သိပ္ပံဌာန၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ Westmont College မှာ သိပ္ပံပါမောက္ခ ဂုဏ်ထူးဆောင်အဖြစ် အမှုထမ်းဆောင်ခဲ့သည်။ သူသည် မေရှိယအကြောင်းကြိုတင်ပရောဖက်ပြုချက် (၈)ချက်ကို မတော်တဆအားဖြင့် သော်လည်းကောင်း၊ အကြောင်းအရာ တိုက်ဆိုင်သောအားဖြင့်သော်လည်းကောင်း၊ ပြည့်စုံနိုင်ခြေရှိသည်ဟူသော စိတ်ကူးယဉ်ရှုထောင့်အား အထူးလေ့လာခဲ့သည်။ ဤတွင် သူ၏အံ့သြဖွယ်ရလဒ်သည် အောက်ပါအတိုင်းဖြစ်သည်။ သူက ဤပရောဖက်ပြုချက်(၈) ချက်သည်ပင်လျှင် မတော်တဆအားဖြင့် သော်လည်းကောင်း၊ တိုက်ဆိုင်ခြင်းအားဖြင့်သော်လည်းကောင်း ပြည့်စုံနိုင်သည်ဟူသော ပြောဆိုခြင်းသည် ၁,၀၀၀,၀၀၀,၀၀၀ မှာ တစ်ယောက်၊ သို့မဟုတ် သန်းပေါင်းတစ်ထောင်တွင် တစ်ယောက်သာ ဖြစ်နိုင်ဖွယ်ရှိမည်ဟု ခန့်မှန်းတွက်ဆခဲ့သည်။ ချစ်မိတ်ဆွေ၊ မေရှိယဆိုင်ရာပရောဖက် ပြုချက်များ ပြည့်စုံသည်ဟူသောအရာသည် မတော်တဆကြောင့် မဟုတ်ပါ၊ အကြောင်းအရာတိုက်ဆိုင်ခြင်း ကြောင့်လည်း မဖြစ်နိုင်ပါ၊ အမှန်တကယ် ဘုရားသခင်၏လုပ်ရပ်သာ ဖြစ်သည်။ မိတ်ဆွေ နေရာ မှာသာ ကျွန်ုပ်ရှိခဲ့မည်ဆိုပါကလည်း ခရစ်တော်ကို ကျွန္ုပ်ယုံကြည်မည်ဟု ထင်ပါသည်။ ပြည့်စုံသော ပရောဖက်ပြု ချက်များသည် အမှန်တရားကို ကြွေးကြော်နေကြသည်။ သူသည် မေရှိယ၊ ဘိသိက်ခံ သောသူ၊ လောက၏ ကယ်တင်ရှင်ဖြစ်သည်ဟု ကြွေး

ကြော်နေသည်။ အခြားပြည့်စုံသည့် များစွာသော ပရောဖက်ပြုချက်များက သူသည် ငါတို့၏ကယ်တင်ရှင် ဘုရားဖြစ်သည်ဟု ခရစ်တော်၏ လူပုဂ္ဂိုလ် အကြောင်းကို သက်သေခံကြသည်။ သို့သော် ထိုအရာတစ်ခုချင်းဆီကို ကြည့်ရန် ကျွန်ုပ်တို့မှာ အချိန်မရှိပါ။ ပြည့်စုံခဲ့သော ပရောဖက်ပြုချက်များ၏ သက်သေသာဓကသည် အံ့သြဖွယ်မှန်ကန်ကြောင်းလက်ခံရန် လုံလောက်ပေသည်။ ဤအချက်သည် ဘက်မလိုက်သော မည်သူမဆို သူတို့၏ ယုံကြည်ခြင်းကို ပြန်လည်ဆန်းစစ်ပြီး ခရစ်တော်အကြောင်းကို ပြန်လည်သုံးသပ်စေပါလိမ့်မည်။ ထို့အပြင်၊ ယုံကြည် သူတိုင်းကိုလည်း မတ်တပ်ရပ်လျက် အမြင့်ဆုံးသော ထာဝရဘုရားကို ဟောရှဏာဟု ကြွေးကြော်ချီးမွမ်းစေပါလိမ့်မည်။ ဤနေရာ၌ သင့်အတွက် နောက်ထပ် သုတေသနပြုရှာဖွေ လေ့လာရန် အချို့မှာ -

| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
|---|---|
| သေခြင်းမှ ရှင်ပြန်ထမြောက်မည်။ (ဆာလံ ၁၆း၁၀၊ ၃၀:၃၊ မဿဲ ၂၀:၁၈-၁၉) | ရှင်မဿဲ ၂၈း၁-၁၀၊ ယော ၂၀:၁၁-၃၁၊ ၁ ကော ၁၅း၃-၈ |

| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
|---|---|
| မေရှိသခင်သည် အသပြာသုံးဆယ်ဖြင့် ရောင်းစားခံရမည်။ (ဇာခရိ ၁၁း၁၂) | မဿဲ ၂၆း၁၅ |

| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
|---|---|
| ကြာပွတ်ဖြင့်ညှဉ်းပန်းနှိပ်စက်ကြမည်။ (ဟေရှာ ၅၀:၆၊ ၅၃း၅) | ယော ၁၉း၁၊ မာ ၁၅း၅၊ မဿဲ ၂၇:၂၆-၂၉ |

| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
| --- | --- |
| ဒါဝိဒ်အမျိုးအနွယ်မှ ဆင်းသက်လာမည်။<br>(ဓမ္မရာဇဝင် ဒုတိယစောင် ၇:၁၂) | မဿဲ ၁း၁-၁၂ |
| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
| လက်ဝါးကပ်တိုင်ပေါ်မှ နောက်ဆုံးစကား၊<br>(ဆာလံကျမ်း ၂၂း၁) | မဿဲ ၂၇:၄၆<br>မာကု ၁၅း၃၄ |
| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
| ပုံးရည်ကို သောက်စေခြင်း၊<br>(ဆာလံ ၆၉း၂၁) | ယောဟန် ၁၉း၂၈-၂၉<br>မဿဲ ၂၇:၃၄ |
| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
| ဆေးခါးကို တိုက်ကြသည်။<br>(ဆာလံ ၆၉း၂၁) | မဿဲ ၂၇:၅၇-၆၀၊ |
| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
| သူဌေး သင်္ချိုင်းတွင်း၌ သင်္ဂြိုလ်ကြသည်။<br>(ဟေရှာ ၅၃း၉) | မဿဲ ၂၇:၅၇-၆၀ |
| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
| တံတွေးထွေးခြင်း ခံရမည်။<br>(ဟေရှာယ ၅၀:၆) | မဿဲ ၂၇:၃၀ |

| ပရောဖက်ပြုချက် | ပြည့်စုံလာခြင်း |
| --- | --- |
| လမ်းခရီးတော်ကိုပြင်ဆင်မည့်သူအကြောင်း<br>(မာလခိ ၃း၁) | ယောဟန် ၁း၆-၇<br>မာကု ၁း၁-၄ |
| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
| အရိုးအဆစ်ရှိသမျှ ပြုတ်<br>(ဆာလံ ၂၂း၁၄) | လက်ဝါးကပ်တိုင်ပေါ်<br>အသေခံခြင်းကို ဆိုလို |
| **ပရောဖက်ပြုချက်** | **ပြည့်စုံလာခြင်း** |
| အဆင်းအသရေပျက်ခြင်း<br>(ဟေရှာယ ၅၂း၁၄) | မဿဲ ၂၇ိး၃ဝ၊<br>မာကု ၁၄း၆၅<br>မာကု ၁၅း၁၉<br>ယောဟန် ၁၉း၁-၃ |

အာမင်, အာမင်, အာမင် ...။

## ၂။ ကျမ်းစာ ပရောဖက်ပြုချက်မှာ

ဆွေးနွေးရန် မေးခွန်းများ

**1.** ခန့်မှန်းခြေအားဖြင့် သမ္မာကျမ်းစာထဲတွင်ဖော်ပြထားသည့် သမ္မာကျမ်းစာပရောဖက်ပြုချက် မည်မျှရှိသနည်း။ ဓမ္မဟောင်းကျမ်း၌ မည်မျှရှိသနည်း။ ဓမ္မသစ်ကျမ်း၌ မည်မျှရှိသနည်း။ ကြွလာလတ့ံသော မေရှိယယေရှုအကြောင်း ပရောဖက်ပြုချက်သည် ဓမ္မဟောင်းကျမ်း၌ မည်မျှရှိသနည်း။

**2.** ယေရှုသည် ဂျူးလူမျိုးများ စောင့်မျှော်နေသော မေရှိယဖြစ်ကြောင်းကို ထောက်ပြရေးသားသော ခရစ်ဝင်ကျမ်းမှာ မည်သည့်ကျမ်း ဖြစ်သနည်း။ ရောမလူတို့အား ရေးသားပေးပို့သော ခရစ်ဝင်ကျမ်းသည် မည်သည့်ကျမ်းနည်း။ ဂရိလူတို့အား ရေးသားပေးပို့သော ခရစ်ဝင်ကျမ်းသည် မည်သည့်ကျမ်းနည်း။ မည်သည့်ကျမ်းက ယေရှုကို ဘုရားသခင် ဖြစ်ကြောင်း ရေးသားသောကျမ်းဟု မှတ်ယူရသနည်း။

**3.** ဟေရှာယ ၅၃ သည် ကြွလာမည့်မေရှိယအကြောင်းကို မည်သို့ ကြိုတင်ဟောသနည်း။ ဖြစ်ပျက်ခဲ့ပြီးသော ခရစ်တော်အကြောင်းနှင့် ပတ်သက်၍ မှန်ကန်မှု ရှိပါသလား။

4. ဓမ္မဟောင်းကျမ်းထဲမှ ကြွလာမည့်ခရစ်တော်အကြောင်းကို ပရောဖက်ပြုသော (၆)ကျမ်းက အဘယ်နည်း၊ သူတို့က မည်သို့ဟောပြီး မည်သို့ ပြည့်စုံခဲ့ကြသနည်း?။

5. ဆာလံ ၂၂ ကို ဆွေးနွေးပြီး ကြွလာမည့်မေရှိယအကြောင်း ကြိုတင်ဟောပြောသောအချက် (၃) ခုနှင့်အတူ ထိုပရောဖက်ပြုချက်သည် ခရစ်တော်၌ အဘယ်သို့ ပြည့်စုံကြောင်းကိုလည်း ဆွေးနွေးပေးပါ။

6. ခရစ်တော်သည် ဘုရားဖြစ်ခြင်းနှင့် ပတ်သက်၍ ဟေရှာယ ၉း၆ ကို ဆွေးနွေးပါ။ ထိုကျမ်းပိုဒ်ကို အလွတ်ရွတ်ဆိုနိုင်မည်လား။
7. ကျမ်းစာ ပရောဖက်ပြုချက်များကို ငြင်းဆိုရန်အတွက် ယုံကြည်မှုများစွာ လိုအပ်သည်ဟု အဘယ်ကြောင့်ဆိုရသနည်း။

## ၃။ သူ၏ မြင့်မြတ်သော ဘုရားနာမနှင့် ဂုဏ်ပုဒ်များ

သခင်ယေရှု၏ ဘုရားဖြစ်ခြင်းကို ထုတ်ဖော်ခြင်းသည် ယုဒခေါင်းဆောင်များ၏ ဒေါသစိတ်ကိုဖြစ်စေခဲ့သည်။ ခရစ်တော်သည် ဓမ္မဟောင်းကျမ်း၌ ဖော်ပြထားသော ခေါင်းစဉ်များ၊ ဘုရား သခင်၏ အမည်နာမများအား ဖော်ထုတ်ပြီး အခြားသူများကိုလည်း ထိုအမည်နာမအားဖြင့် မိမိကိုယ်ကို ခေါ်စေခဲ့ပါသည်။ (McDowell and Larson, 1983) R.A Torrey က ပြောခဲ့သည်။

"ငါတို့သခင်ယေရှု၏ဘုရားဖြစ်ခြင်းကို သက်သေပြသော ပထမဦးဆုံးအချက်သည် ဘုရား၏အမည်နာမ အများအပြားနှင့် ဘုရားနှင့်သာ သက်ဆိုင်သော ခေါင်းစဉ်များကို ဓမ္မဟောင်းကျမ်းက ခရစ်တော်အကြောင်းကို ဖော်ပြရာတွင် အသုံးပြုသည်၊ သူတို့ထဲက တစ်ချို့ဆိုရင် ထပ်ခါထပ်ခါ သုံးပြီး စုစုပေါင်းအရေအတွက် ရာပေါင်းများစွာအထိ အသုံးပြုထားတယ်။" (Torrey, 1918)

ယေရှုဟူသော အမည်နာမသည်ပင် အပျိုစင်မာရိမှ မွေးဖွားသော သားယောကျာ်းအား ထာဝရဘုရား၏ ကောင်းကင်တမန်အားဖြင့် အမည်ပေးလိုက်သောအခါ ထို***ဘုရားလူသား***ကို ကယ်တင်ရှင်ယေရှုခရစ်ဟု ကြေငြာခဲ့သည်။ ဤအရာသည် ဂရိစကားအရ ယဲရှွား(Yeshua) သို့မဟုတ် ယောရှု (Joshua) ဖြစ်ပြီး ထိုစကား၏အဓိပ္ပါယ်မှာ "ယေဟောဝါ-ကယ်တင်ရှင်" သို့မဟုတ် "သခင် ကယ်တင်သည်" ဟု ဆိုလိုသည်။ ပြည့်စုံလုံလောက်သည်ဟု မဆိုလိုသော်လည်း ယေဟောဝါဘုရားသခင်အတွက် သီးသန့်ထားသော အမည်များကို ယေရှုက ပွင့်ပွင့်လင်းလင်း အသုံးပြုခဲ့သည့်အပြင် ထိုနာမအားဖြင့် သူ့ကိုခေါ်သောသူများကိုလည်း ခွင့်ပြုခဲ့သည်ဟူသောအချက်ကို ဖော်ပြရန် အောက်ပါအတိုင်း ရွေး ချယ်ထားသည်။

**ငါဖြစ်သည် (I AM)**

ဂျူးလူတို့က အမြင့်မြတ်ဆုံးသောနာမအဖြစ် လေးစားရသော ဘုရားသခင်၏နာမတော်ကို ယေရှုကိုယ်တိုင်က ဖော်ပြခဲ့သည်၊ ယုဒလူမျိုးတို့က လေးစားလွန်းသဖြင့် နှုတ်ဖျားနှင့်ပင် တော်ရုံပြောမထွက်ရဲသည့် ဘုရား၏ နာမတော်သည် "YHWH" ယာဝေ သို့မဟုတ် ယေဟောဝါ (Yahweh or Jehovah) ဖြစ်သည်။ ဟေဗြဲဘာသာစကားအားဖြင့် ရေးသားသော ဓမ္မဟောင်းကျမ်းကို ဂရိဘာသာဖြင့် ဘာသာပြန်ထားသော Septuagint ထဲ၌ ဘာသာပြန်သူက ထွက်မြောက်ရာ ကျမ်း ၃း၁၄ တွင် "ငါဖြစ်သည်" ဟူသော စကားကို "ego eimi" ဟု ပြန်ဆိုထားသည်။ ထိုစကားနှင့် ထပ်တူဖြစ်သော စကားလုံးကို ယောဟန် ၈း၅၇-၅၈ တွင် ယေရှုကိုယ်တိုင် သူ့ကိုသူ ရည်ညွှန်းပြောဆိုသော စကား၊ "ငါဖြစ်သည်" (I AM) ဟူသောစကားကို ဘာသာပြန်သူက "ego eimi" ဟု ပြန်ဆိုထားသည်ကို တွေ့ရသည်။ ထိုစကားကြောင့် ဂျူးများ၏ တုံ့ပြန်ချက်သည် ယေရှုက သူ့ကိုယ်သူ ယေဟောဝါဘုရားဟု ဆိုလိုသည် ဟူ၍ စွပ်စွဲကာ ဓမ္မဟောင်းခေတ်တွင် ယေဟောဝါဘုရား၏နာမကို စော်ကား လွန်ကျူးသူများအား ကျောက်ခဲဖြင့်ပစ်ခဲ့ကြသကဲ့သို့ ယေရှုကို ကျောက်ခဲဖြင့် ပစ်ချင်ခဲ့ကြသည် (ဝတ်ပြုရာ ၂၄း ၁၆)။ တစ်နည်းအားဖြင့်၊ ခရစ်တော်သည် မိမိကိုယ်ကို ယေဟောဝါ ဘုရားသခင်ဟု ရည်ညွှန်းပြောဆိုခဲ့သည်။

**အရှင်-သခင် (The Lord)**

ဤ“သခင်” ဟူသောခေါင်းစဉ်သည် သခင်ယေရှုအတွက် ဓမ္မသစ်မှာ အကြိမ်ပေါင်းများစွာ အသုံးပြုသည်။ ဓမ္မသစ်ကျမ်းထဲမှာ (၉) ကြိမ်တိုင်တိုင် လူကိုရည်ညွှန်းပြောဆိုသည်ကို တွေ့ရသော် လည်း ယေရှုကို ရည်ညွှန်းပြီး ဖော်ပြသည့်အခါတိုင်း ထိုကဲ့သို့ မဖော်ပြပါ။ (Torrey, page 56)။ ဓမ္မဟောင်းကျမ်းတွင် ကမ္ဘာဦး ၂း၄ မှာ ပထမဦးဆုံး အသုံးပြုခဲ့ပြီး ယေဟောဝါ ဘုရားသခင်ကို ရည်ညွှန်းပြီး အသုံး ပြုနေသည်။ ယေဇကျေလကျမ်း၌ ယေဟောဝါဘုရားအကြောင်းကို ဖော်ပြရာတွင် “အရှင်ဘုရားသခင်” ဟူသော ပေါင်းစပ်သည့် ဝေါဟာရကို ၁၆ ကြိမ် အသုံးပြုခဲ့ပြီး ထိုအသုံးအနှုန်း နှစ်ခုလုံးသည် ယေဟောဝါ ဘုရားသခင်နှင့် အီလောဟဲမ်း (Elohim) ဘုရားသခင်ကို ဆက်စပ်ထားသည်။ “သခင်” (Lord)ဟူသော ဝေါဟာရသည် ဘုရားသခင်၏ အမည်နာမအဖြစ် အသုံးပြုပြီး ယေရှုကို ရည်ညွှန်းဖော်ပြသည့်အခါတွင်လည်း အလားတူအသုံးပြုသည်။ ဥပမာအားဖြင့် ဖိလိပ္ပိ ၂း၁၁ မှာ ယေဟောဝါ ဘုရားမိန့်တော်မူသည်က “ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်ဖြင့် ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း။ တမန်တော် ၁၀း၃၆ ဘုရားသခင်၏ နှုတ်ကပတ်တော်က “အလုံးစုံတို့ကို အစိုးရတော်မူသောသူ”ဟု ယေရှုအကြောင်းကို ဖော်ပြထားသည်။ ၁ကော၊ ၂း၈ တွင်လည်း ခရစ်တော်၏ အသေခံခြင်းအမှု၌ ပါဝင်ခဲ့သောသူများအား ရည်ညွှန်းသည့်အခါ ရှင်ပေါလုက “ထိုပညာကို လောကီမင်းတစုံတယောက်မျှမသိ။ သိလျှင်၊ ဘုန်းကြီးတော်မူသော သခင်ကို လက်ဝါးကပ်တိုင်မှာ မကွပ်မျက်ကြပြီ” ဟူ၍ ဖော်ပြထားသည်။

**အဦးဆုံးနှင့် နောက်ဆုံး (First and the Last)**

“အဦးဆုံးနှင့်နောက်ဆုံး” ဟူသော စကားလုံးသည် ခရစ်တော်ဘုရားဖြစ်ခြင်းကို ထင်ရှားစေသော အမည်များနှင့် ခေါင်းစဉ်များအဖြစ် အသုံးပြုလျက်ရှိသည့် နောက်ထပ်အထိရောက်ဆုံး နောက်ထပ် ဥပမာတစ်ခု ဖြစ်သည်။ ဗျာဒိတ်ကျမ်း ၁း၁၃၌ ဤသို့ ဖော်ပြထားသည်၊ “ထိုမီးခွက်ခုနှစ်လုံး အလယ်၌ လူသား တော်နှင့်တူသောသူတစ်ဦးကိုလည်းကောင်း၊ မြင်၏။ ထိုသူသည်ခြေသို့တိုင်အောင် ဝတ်ခြုံလျက်၊ ရင်တော်၌ ရွှေခါးပန်းကို စည်းလျက် ဖြစ်၏။”

ဗျာဒိတ်ကျမ်း ၁း၁၇-၁၈ ၌ ဆက်လက်ဖော်ပြသည်မှာ -
“ထိုသူကို ငါမြင်သောအခါ၊ သေမတတ်ဖြစ်၍ ခြေတော်ရင်း၌ လဲလျက်နေ၏။ ထိုသူသည် လက်ျာလက်တော်ကို ငါ့အပေါ်သို့ တင်လျက်၊ ကြောက်ရွံ့ခြင်း မရှိနှင့်။ ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသောသူ ဖြစ်၏။ အသက်ရှင်သောသူလည်း ဖြစ်၏။ ငါသည် အရင်ဆုံးသောသူ လည်း ဖြစ်၏။ ငါသည် အရင်သေသည်ဖြစ်၍၊ ကမ္ဘာအဆက်ဆက်အသက်နှင့် ပြည့်စုံ၏။ မရဏာနှင့် မရဏာနိုင်ငံကိုလည်း ငါအစိုးရ၏”

“ငါသည် လူသားတော်၊ အဦးဆုံးသောသူ၊ နောက်ဆုံးသောသူ၊ အသက်ရှင်သောသူလည်း ဖြစ်၏။ အရင်သေသည်ဖြစ်၍၊ ကမ္ဘာအဆက်ဆက် အသက်နှင့် ပြည့်စုံ၏” ဟူသော စကားလုံးများသည် ဘုရားသခင်၏ သားတော်ကို ရည်ညွှန်းကြောင်း ရှင်းလင်းထင်ရှားပါသည်။ ဗျာဒိတ်ကျမ်း၏ အဓိကအချက်အချာသည် ယေရှုဖြစ်သည်၊ ထိုသခင်ခရစ်တော်သည် အသေခံပြီး သုံးရက်မြောက်၌ “သေခြင်းမှရှင်ပြန်ထမြောက်” သောသူဖြစ်သည်။ (၁ကော၊ ၁၅း၄)

ထို့ကြောင့် အထက်ပါကျမ်းပိုဒ်နှင့် အချက်အလက်များက ယေရှုသည် "အဦးဆုံးနှင့် နောက်ဆုံး" သောသူဖြစ်ကြောင်းကို ရှင်းလင်းစွာ ဖော်ပြထားသည်။ သို့သော် ဟေရှာယ၊ ၄၄း၆ တွင် ဖတ်ရသည်မှာ "ဣသရေလအမျိုး၏ ရှင်ဘုရင်ထာဝရဘုရား၊ ဣသရေလလူမျိုးကို ရွေးနှုတ်သူ၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသောသူ ဖြစ်၏။ ငါမှတစ်ပါး အခြားသောဘုရား သခင်မရှိ" ဤနေရာတွင် "သခင်" ဟူသော စကားလုံးအတွက် အသုံးပြုသော ဝေါဟာရသည် ဟေဗြဲစကားအားဖြင့် "ယေဟောဝါ" ဟူသော စကားလုံးဖြစ်သည်။ ယေဟောဝါဘုရားသခင်မှအပ အခြားသောဘုရားမရှိ၊ ထိုသူသည် အဦးဆုံးသောသူနှင့် နောက်ဆုံးသောသူဖြစ်၏။ ထိုကြောင့် သမ္မာကျမ်းစာက ယေရှုခရစ်တော်ကို ယေဟောဝါ ဘုရားသခင်၏ သီးသန့်ခေါင်းစဉ်ဖြစ်သည့် အဦးဆုံးသောသူနှင့် နောက်ဆုံးသောသူအဖြစ် ဖော်ပြထားသောကြောင့် ခရစ်တော်သည် ထာဝရဘုရားသခင် ဖြစ်တော်မူ၏ဟု သမ္မာကျမ်းစာက အတည့်အလင်း ဖော်ပြထားပါသည်။

## သခင်တကာတို့၏ သခင် (Lord of Lords)

ဗျာဒိတ်ကျမ်း ၁၇း၁၄ တွင် ခရစ်တော်ယေရှုကို ရည်ညွှန်းသော သိုးသငယ်ကို သခင်တို့၏သခင် ဘုရင်တို့၏ဘုရင်ဟု ခေါ်ဆိုသည်။ ယေရှုကို နောက်ထပ် ၁ တိမောေ ၆း၁၄-၁၅ တွင် ဖော်ပြသော အမည်နာမဖြင့် ရည်ညွှန်းခေါ်ဆိုခြင်းဖြစ်သည်။ တရားဟောရာကျမ်း ၁၀း၁၇တွင် ယေဟောဝါသည် "ဘုရားတို့၏ဘုရား၊ သခင်တို့၏သခင်" ဖြစ်သည်ဟု ဖော်ပြထားသည်။ ဤအချက်က ယေရှု၏ဘုရားဖြစ်ခြင်းကိုလည်း ထောက်ခံပြောဆိုပါသည်။ McDowell နှင့် Larson တို့က ထုတ်ဖော်ပြောဆိုသကဲ့သို့ တိမောသေဩဝါဒစာ ပထမစာက

ဘုရားသခင်ကို အမှန်အကန် ရည်ညွှန်းပြောဆိုလျှင် ဘုရားသခင်နှင့်ခရစ်တော်သည် “သခင်တို့၏သခင်” ဟူသော တူညီသောဘွဲ့နာမကို အတူမျှဝေခြင်းဖြစ်ရမည်၊ ထိုဘွဲ့နာမအားဖြင့် ယေရှုကို သိုးသငယ်ဟု ဗျာဒိတ် ၁၇း၁၄ တွင် ရည်ညွှန်းဖော်ပြထားသည်။ ၎င်းသည် ခရစ်တော်နှင့်သက်ဆိုင်လျှင်၊ ရှင်းလင်းသည်ဟု ယူဆသည်၊ ဘုရားသခင်နှင့်အတူ ”သေနိုင်ခြင်းမရှိခြင်းနှင့် အစွမ်းထက်ခြင်း” တို့အပြင် အခြားဘွဲ့နာမများကိုလည်း မျှဝေကြောင်း ထင်ရှားသည် (Mcdowell and Larson, 1983)။ မည်သို့ပြင်ဖြစ်စေ ဤကျမ်းပိုက်နှင့် အချက်အလက်များသည် ယေရှု၏ဘုရားဖြစ်ခြင်းကို အတည်ပြုပါသည်။

## ကယ်တင်ရှင်နှင့် ရွေးနှုတ်သူ (Savior and Redeemer)

တိတုသြဝါဒစာ ၂း၁၄၊ ဂလာတိသြဝါဒစာ ၄း၅၊ ဖေက်သြဝါဒစာ ၁း၇ နှင့် ဟေဗြဲသြဝါဒစာ ၉း၁၂ တို့တွင် “ငါတို့ကို ရွေးနှုတ်ခြင်းငှါကိုယ်ကိုစွန့်တော်မူ၏” ဟူ၍ သူ၏အသွေးတော်အားဖြင့် ငါတို့ကို ရွေးနှုတ်ကယ်တင်ခဲ့ကြောင်း ယေရှုကိုရည်ညွှန်း၍ ဖော်ပြထားသည်။ သူသည် ကယ်တင်ရှင်နှင့်ငါတို့ကို ရွေးနှုတ်သောသူဖြစ်သည်။ ဓမ္မဟောင်း၌ “ဣသရေလအမျိုးတို့ကို ခပ်သိမ်းသော အပြစ်ဒုစရိုက်မှ ရွေးနှုတ်ကယ်တင်မည့်သူသည်  ယေဟောဝါဖြစ်သည်ကို တွေ့ရသည်။ ဆာလံ ၇၈း၃၅ တွင် သူသည် “သူတို့၏ ရွေးနှုတ်သောအရှင်ဘုရား” အဖြစ် ရည်ညွှန်းဖော်ပြသည်။ ဟေရှာယ ၄၁း၁၄။ ၄၃း၁၄။ ၄၈း၄၊ ၄၈း၁၇ တို့မှာ သူသည် “သင့်ကို ရွေးနှုတ်သောသူ ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရားဖြစ်သည်” ဟု ဖော်ပြထားသည်နည်းတူ သခင်ယေရှုလည်းပဲ ယေဟောဝါဘုရားသခင်နှင့် နာမဂုဏ်ပုဒ်ကို မျှဝေသုံးနှုန်းသည်။ ဓမ္မဟောင်းကျမ်း၌ ဘုရားသခင်အတွက် သီးသန့်အသုံးပြုသော “ကယ်တင်ရှင်” ဟူသော နာမဖြင့် သခင်ယေရှုအပေါ်၌လည်း သုံးနှုန်းခေါ်ဝေါ်ထားကြောင်း

ဘုရားသခင်၏နှုတ်ကပတ်တော်က ရှင်းလင်းစွာ ဖော်ပြသည်။ ဟေရှာယ ၄၃း၁၁၊ ၄၅း၂၁၊ ဟောရှေ ၁၃း၄ ၌ ယေဟောဝါဘုရားသခင်သည် ကျွန်ုပ်တို့၏ ကယ်တင်ရှင် ဘုရားသခင်ဖြစ်ပြီး၊ တပါးတည်းသော ကယ်တင်ရှင်ဖြစ်သည်။ ဟေရှာယ ၄၃း၁၁ တွင်လည်း "ငါတစ်ပါးသည် ထာဝရဘုရား ဖြစ်၍၊ ငါမှတပါး၊ ကယ်တင်သော သခင်မရှိ" ဟု ဖော်ပြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်က ဟေရှာယ ၄၉း၂၆ တွင် "ငါထာဝရဘုရားသည် သင့်ကို ကယ်တင်သောအရှင်၊ သင့်ကို ရွေးနှုတ်သောသခင်၊ ယာကုပ်အမျိုး၌ တန်ခိုးကြီးသော ဘုရားဖြစ်ကြောင်း" ဟု ဖော်ပြထားသည်။ (ဟေရှာယ ၆၀း၁၆ ကိုလည်းကြည့်ပါ)

ရှင်လုကာ ၁၉း၁၀ ထဲမှာ ယေရှုက "လူသားသည် ပျောက်သော သူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်း" ဟုဆိုထားသည်။ ဤအချက်ထက်ပို၍ ရှင်လင်းစွာ ရှင်လုကာ ၂း၁၁ က ဖော်ပြသည်၊ "ယနေ့တွင် ဒါဝိဒ်မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့ အလိုငှါ ဘွားမြင်ခြင်းကို ခံတော်မူပြီ" အထူးသဖြင့် တိတုမှာ ဖော်ပြထားသည့် အချက်သုံးချက်သည် စိတ်ဝင်စားဖွယ်ကောင်းပါသည်။ တိတု ၁း၃ ပထမအပိုဒ်ရှိ ကျမ်းစာက "ငါတို့၏ ကယ်တင်ရှင်ဘုရားသခင်"ဟု ဖော်ပြသည်၊ သို့သော် ဆက်လက်၍ "ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင် ယေရှုခရစ်တော်"ဟု ဖော်ပြထားသည်။ ဒုတိယအချက်မှာ အခန်းကြီး ၂း၁၀ မှာ "အရာရာ၌ ငါတို့၏ကယ်တင်ရှင်"ဟု ဖော်ပြပြီး၊ ထို့နောက် ဆက်လက်၍ "ကြီး မြတ်သော ဘုရားသခင်နှင့် ငါတို့၏ကယ်တင်ရှင် ယေရှုခရစ်"ဟု ဖြော်ပြထားသည်။ နောက်ဆုံး တစ်ချက်မှာ အခန်းကြီး (၃)တွင် တွေ့ရသည်။ အပိုဒ်ငယ် (၄)တွင် "ငါတို့ကို ကယ်တင်တော်မူသော အရှင် ဘုရားသခင်၏ စေတနာတော်နှင့် လူတို့ကို ချစ်တော်မူသော မေတ္တာတော်သည်" ဟု တွေ့ရ

သည်၊ သို့သော် အပိုဒ်ငယ် (၆)၌ "ငါတို့ကို ကယ်တင်သော အရှင်ယေရှုခရစ်" ဟု ပြန်တွေ့ရ သည်။ သမ္မာကျမ်းစာ အနက်အဓိပ္ပါယ်ပြန်ခြင်း၏ နည်းစနစ်အရ ဤအထက်ပါ အချက်သုံးအချက်သည် ဘုရားသခင်ကို ကယ်တင်ရှင်အဖြစ်၊ ဒုတိယအချက်မှာ ယေရှုကို ကယ်တင်ရှင်အဖြစ်၊ ဖော်ပြခြင်းသည် ဘုရားသခင်နှင့် ယေရှုသည် အတူတူပင်ဖြစ်ကြောင်း ရှင်းလင်းစွာသက်သေထူခြင်း ဖြစ်သည်။ တိတုအခန်းကြီး (၃)ခန်းမှ တစ်ခန်းစီတိုင်းတွင် ဘုရားသခင်တစ်ပါးတည်းကိုသာ ရည်ညွှန်းသည့် နာမများတွင် ဘုရားသခင်ကိုလည်းကောင်း၊ ယေရှုခရစ်ကိုလည်းကောင်း ရည်ညွှန်းဖော်ပြထားကြောင်း တွေ့ရသည်။ ကျွန်ုပ်တို့ သခင်ယေရှုသည် ဘုရားဖြစ်ကြောင်း သက်သေထူပြနေသည်ကို မည်မျှပင်အစွမ်းပကားကြီးသနည်း။ နောက်ဆုံးအနေဖြင့် တမန်တော် ၄း၁၂ တွင် သခင်ယေရှုနှင့် စပ်လျဉ်း၍ရဲရင့်စွာ ကြွေးကြော်သည်မှာ၊ ထိုသခင်၏ နာမတော်မှတစ်ပါး "ငါတို့ကို ကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ" ဟု ဖော်ပြထားသည်။ ထို့ကြောင့် ယေရှုနှင့် ယေဟောဝါ ဘုရားသခင်သည် တလုံးတဝတည်းဖြစ်သည်၊ဓမ္မဟောင်းကျမ်း၌ ဟေရှာယ ၄၃း၁၁ မှာ ယေဟောဝါ ဘုရားသခင်မှတပါး အခြားသောကယ်တင်ရှင်မရှိကြောင်းကို ဖော်ပြသကဲ့သို့ ဓမ္မသစ်ကျမ်း၌လည်း သားတော်ဘုရားဖြစ်သော သခင်ယေရှုမှတပါး အခြားသောကယ်တင်ရှင် မရှိကြောင်းကို ဖော်ပြထားသည်။

**အလင်း (Light)**

ဘုရားသခင်နှင့် ယေရှုခရစ် နှစ်ပါးလုံးအတွက် နောက်ထပ်ဘွဲ့နာမတစ်ခုမှာ "အလင်း" ဖြစ်သည်။ ရှင်ယောဟန် ၁း၄ ၌ ယေရှုသည် "လူတို့၏အလင်းဖြစ်သည်" ဟု ဖော်ပြသည်။ ရှင်ယောဟန် ၃း၁၉ တွင် ထိုသူကို

"ဤလောကသို့ကြွလာတော်မူသော" "အလင်း" ဟုဖော်ပြသည်။ ယောဟန် ၉း၅ မှာ ယေရှုကိုယ်တိုင်က "ငါသည် ဤလောက၏ အလင်းဖြစ်သည်" ဟု ဝန်ခံပြောဆိုခဲ့သည်၊ သို့သော် ဆာလံ ၂၇း၁ တွင် "ထာဝရဘုရားသည် ငါ၏ အလင်း၊ ငါ့ကို ကယ်တင်သောအရှင် ဖြစ်တော်မူ၏" ဟု ဖော်ပြသည်။ ဤ အချက်က ယေရှုသည် အလင်းနှင့်ကယ်တင်ရှင် နှစ်မျိုးလုံးဖြစ်ကြောင်း သက်သေပြသည်။ ဟေရှာယ ၆၀း၂၀ တွင် "သင်၏ ဘုရားသခင်သည် ထာဝရအလင်းဖြစ်သည်" ဟု ဆိုသည်။ အလင်းဟူသော အမည်နာမကို သခင်ယေရှုက ယေဟောဝါနှင့်အတူ မျှဝေသုံးနှုန်းခဲ့သည်။

**သမ္မာတရား (The Truth)**

ယောဟန် ၁၄း၆ တွင် ယေရှုက "ငါသည် လမ်းခရီး၊ သမ္မာတရားနှင့် အသက်လည်းဖြစ်သည်" ဟု ဖော်ပြသည်။ ယေရှုကိုယ်တိုင်က သူ့ကိုသူ သမ္မာတရားဖြစ်သည် ဟုပြောခဲ့သည်။ ယောဟန် ၁း၁၇ တွင် "ပညတ်တရား တော်ကို မောရှေလက်တွင် ပေးတော်မူ၏၊ ကျေးဇူးတရားနှင့်သစ္စာတရား မူကား ယေရှုခရစ်အားဖြင့် ဖြစ်၏" ဟုဖော်ပြသည်။ ဗျာဒိတ် ၁၉း၁၈ တွင် ယေရှုအား မြင်းစီးသော သူအဖြစ် ဖော်ပြပြီး "သစ္စာနှင့်သမ္မာတရား အမည် ဖြင့်" ခေါ်ထားသည်။ အပိုဒ်ငယ် ၁၃ မှာ ထိုအချက်သည် "ဘုရားသခင်၏ နှုတ်ကပတ်တော်" ယေရှုကို ရှင်းလင်းစွာ ရည်ညွှန်းကြောင်း တွေ့ရသည်။ ထို့အပြင် သစ္စာနှင့် သမ္မာတရားဟူသောအချက်သည် စာလုံးအကြီးဖြင့် ရေးထားသောကြောင့် ၎င်းသည် ခေါင်း စဉ်ဖြစ်သည်ဟု ဆိုရပါမည်။ ဆာလံ ၃၁း၅ တွင် ယေဟောဝါအား "သစ္စာစောင့်တော်မူသော ဘုရားသခင်" ဟု၍ ဖော်ပြထားသည်။ တရားဟောရာကျမ်း ၃၂း၄ တွင်လည်း အလားတူ "သစ္စာ စောင့်တော် မူသော ဘုရားသခင်" ဟု ဖော်ပြသည်။ ဆာလံ ၁၅း၅ တွင် ဒါဝိဒ်က ဘုရားသခင်အား "သင်၏ သမ္မာ တရားလမ်းထဲသို့ ပို့ဆောင်ပါ" ဟု

ဆုတောင်းခဲ့သည်။ "သင်၏ သမ္မာတရား" ဟူသော ဤအသုံးအနှုန်းသည် ဘုရားသခင်အား ရည်ညွှန်းပြီး ဆာလံကျမ်းတွင် (၁၄)ကြိမ်တိုင်တိုင် ဖော်ပြထားသည်။ ဘုရားသခင်သည် သမ္မာတရားဖြစ်သကဲ့သို့ ယေရှုသည်လည်း သမ္မာတရားဖြစ်ကြောင်း ထင်ရှားသည်။

## အရာခပ်သိမ်းကို စီရင်ပိုင်သော (Judge of all)

ဟေဗြဲသြဝါဒစာ ၁၂း၂၃ ၌ ဘုရားသခင်အား "ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူသော ဘုရားသခင်" ဟုဖော်ပြသည်။ ယေဟောဝါဘုရား၏ ခေါင်းစဉ်အဖြစ်အသုံးပြုသော "တရားစီရင်သူ"ဟူသော စကားလုံးသည် စာလုံးအကြီးဖြင့် ရေးထားသည်။ ဆာလံ ၅၀း၄-၆ တွင် ဘုရားသခင်က မိမိလူတို့ကို တရားစီရင်ကြောင်း တွေ့ရသည်။ ဆာလံ ၉၆း၁၃ တွင် ယေဟောဝါသည် "လောကသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း၊ လူများကို သစ္စာတော်နှင့်လည်းကောင်း၊ စီရင်ဆုံး ဖြတ်လတံ့"ဟု ဖော်ပြသည်။ ခရစ်တော်သည် ထိုနာမတော်ကို ယေဟောဝါနှင့်ဝေမျှသည်၊ ထိုအချက်က သူသည် ဘုရားဖြစ်ကြောင်း သက်သေပြသည်။ ယောဟန် ၅း၂၂ တွင် ဘုရားသခင်သည် "တရားစီရင်ခြင်းအခွင့်ရှိသမျှကို" သားတော်အား အပ်ပေးတော်မူ၏ဟု တွေ့ရသည်။ ရောမ ၁၄း၁၀ နှင့် ၁ကော ၅း၁၀ များတွင် "ခရစ်တော်၏ တရားပလ္လင်တော်"ဟု တွေ့ရသည်။ မဿဲ ၂၅ တွင် သခင်ယေရှုသည် ဘုန်းကြီးသောပလ္လင်တော်ပေါ်မှာထိုင်သော တရားသူကြီးဖြစ်သည်ဟု ဖော်ပြသည်။ ၂တိမောသေ ၄း၁ တွင် "ကိုယ်တော်တိုင် ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ၊ အသက်ရှင် သောသူ၊ သေသောသူတို့ကို စစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ် ရှေ့၌လည်းကောင်း၊ ဘုရားသခင် ရှေ့၌လည်းကောင်း၊ ငါသည် သင့်ကို သစ္စာပေးသည်တကား"ဟု ဖော်ပြထားသည်။

## သိုးထိန်း (Shepherd)

ခရစ်တော်သည် ငါတို့၏ သိုးထိန်းဖြစ်သည်။ ဤအသုံးအနှုန်းသည် ဓမ္မသစ်နှင့် ဓမ္မဟောင်းမှာ ယေဟောဝါဘုရားအတွက် အထပ်ထပ်အခါခါ အသုံးပြုသော အခေါ်ဝေါ်ဖြစ်သည်။ ဆာလံ ၂၃း၁ တွင် "ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ" ဟု ဖော်ပြထားသည်။ ဆာလံ ၈၀း၁ တွင် ယေဟောဝါဘုရားအား "ဣသရေလသိုးထိန်းကြီး"ဟု ရည်ညွှန်းဆိုထားသည်။ ခရစ်တော် တဖန်ကြွလာခြင်းနှင့်ပတ်သက်၍ ၁ ပေတရု ၅း၄ က "သိုးထိန်းအကြီး ပေါ်ထွန်းတော်မူသောအခါ" ဟူ၍ ဖော်ပြသည်။ ယောဟန် ၁၀း၁၁ နှင့် ၁၀း၁၄ တို့တွင် ယေရှုကိုယ်တိုင်က မိမိကိုယ်မိမိ "ကောင်းသောသိုးထိန်း" အဖြစ် ပြောခဲ့သည်။ ဆာလံ ၁၀၀း၃ တွင် ဣသရေလလူမျိုးတို့သည် "ထာဝရဘုရား၏လူ၊ သူ၏သိုးစုများဖြစ်သည်" ဟု တွေ့ရသည်။ ယေရှုက ယောဟန် ၁၀း၂၇ တွင် သူတို့အား "ငါ့အသံကို ကြားသော ငါ၏သိုး" ဟုခေါ်သည်။ ယေရှုသည် သိုးထိန်းရှင်၊ ယေဟောဝါဘုရား၊ သူတို့အား ထာဝရအသက်ကို ပေးသောသူဖြစ်သည်။

## ဖန်ဆင်းရှင် (Creator)

နောက်ဆုံးအချက်အနေဖြင့် ယေရှုသည် ယေဟောဝါဘုရားနှင့်အတူ ဖန်ဆင်းရှင်ဟူသော ဘွဲ့နာမတော်ကို မျှဝေသည်။ ထိုအချက်က ယေရှုသည် ဘုရားဖြစ်ကြောင်းကို လက်ခံနိုင်ဖွယ်အဖြစ် အရိပ်အယောင်ပြနေသည်။ "အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏" (ကမ္ဘာဦး ၁း၁)။ ယေဟောဝါဘုရားနှင့်ပတ်သက်၍ ဆာလံ ၁၀၂း၂၅ တွင် ယေဟောဝါ ဘုရားသည် မြေကြီး၏အရင်းအမြစ် ဖန်ဆင်းရှင်ဖြစ်ပြီး "မိုဃ်းကောင်းကင်သည်လည်း သူ၏ လက် တော်နှင့် ဖန်ဆင်းသောအရာဖြစ်သည်"

ဟု တွေ့ရသည်။ ဓမ္မသစ်မှာလည်း အလားတူစကာလုံးများကို ဟေဗြဲ ၁း၁၀ တွင် ထပ်၍ ဖော်ပြထားသည်၊ သို့သော် ထိုအပိုဒ်က ဘုရားသခင်၏သားတော် ယေရှုအား ရည်ညွှန်းဖော်ပြထားခြင်း ဖြစ်သည်။ ဤအချက်သည် ဟေဗြဲ ၁း၈ ထဲက ယေရှုအကြောင်းကို ဖော်ပြသည့် အကြောင်းအရာ၏ အဆက်ဖြစ်သည် (Gill)။ ယောဟန် ၁း၁-၃ တွင် ကျမ်းစာက ဖော်ပြ ထားသည်မှာ -

> "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထို နှုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့် အတူ ရှိ၏။ နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက် ဖြစ်သောအရာ တစ်စုံတစ်ခုမျှမရှိ"

ကောလောသဲ ၁း၁၅-၁၆ တွင်လည်း အလားတူဖော်ပြထားသည်။

"ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ဖြစ်၏။ ဝေနေယျ သတ္တဝါအပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။ အကြောင်းမူကား ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရ ခြင်းဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်လည်းကောင်း ထိုသခင်အဘို့အလို့ငှါလည်းကောင်း၊ ခပ်သိမ်းသော အရာတို့သည် ဖန်ဆင်းလျက် ဖြစ်ကြ၏"။ ထို ကြောင့် ကျွန်ုပ်တို့၏သခင်ယေရှုသည် ယေဟောဝါဘုရားသခင်နှင့် အတူတူ "ဖန်ဆင်းရှင်" ဟူသော ဘွဲ့နာမပေးခြင်းခံရသောသူ ဖြစ်သည်။ ဘုရားတပါး ဖြစ်သည်နှင့်အညီ ယေရှုသည် သူ၏လက်တော်အားဖြင့် စကြဝဠာကို ဖန်ဆင်းခဲ့ပြီး၊ မြေကြီးမတိုင်မီ တည်ရှိသောသူလည်းဖြစ်သည်။

## ၃။ သူ၏ မြင့်မြတ်သော ဘုရားနာမနှင့် ဂုဏ်ပုဒ်များမှ

(ဆွေးနွေးချက်မေးခွန်းများ)

1. ယေရှုသည်ဘုရားဖြစ်ကြောင်း ကြေငြာထောက်ပြရန် အထိရောက်ဆုံး အချက်သည် မည်သည့်အရာနည်း၊ ထိုအချက်က အဘယ်ကြောင့် ယုဒ လူမျိုးတို့အား ဒေါသထွက်စေခဲ့သနည်း။
2. ထွက်မြောက်ရာ ၃း၁၄ ကို ယောဟန် ၈း၅၈ နှင့် နှိုင်းယှဉ်ပါ၊ ထိုအချက်က ခရစ်တော် ဘုရား ဖြစ်ခြင်းကို မည်သို့ထောက်ခံပါသနည်း။
3. ဟေရှာယ ၄၄း၆ တွင် ဘုရားသခင်က ငါသည် အဦးဆုံးနှင့် နောက်ဆုံး သောသူဖြစ်သည်ဟု အဘယ်ကြောင့် ဆိုသနည်း။ ဗျာဒိတ်ကျမ်း ၁း၁၇-၁၈ တွင်လည်း ဘုရားသခင်က ငါသည် အဦးဆုံးနှင့် နောက်ဆုံးသောသူ ဖြစ်သည်ဟု အဘယ်ကြောင့် ဆိုသနည်း။ ၎င်းက ခရစ်တော်ဘုရား ဖြစ်ခြင်းကို မည်သို့ထောက်ခံသနည်း။
4. ဟေရှာယ ၄၃း၁၁ နှင့် ဟောရှေ ၁၃း၄ တို့တွင် ဘုရားသခင်က ငါမှတပါး အခြားကယ်တင်သော ဘုရားမရှိဟု အဘယ်ကြောင့်ဆိုသနည်း။ လုကာ ၂း၁၁၊ ၁တိမောသေ ၁း၁၀။ ၁ပေတရု ၁း၁၁ တို့က သူကို ကယ်တင်ရှင်ဟု အဘယ်ကြောင့် ဆိုသနည်း။ ထိုအချက်များက ယေရှုသည် ဘုရားဖြစ် ကြောင်း  မည်သို့ ထောက်ခံသနည်း။
5. တိတု ၁၊ ၂၊ နှင့် ၃ တို့တွင် ပါသည့် သုံးလုံးတွဲအချက်သည် မည်သည့် အတွက်ကြောင့် စိတ်ဝင်စားဖွယ် ကောင်းသနည်း။ ထိုအချက်များက ယေရှုသည်ဘုရားဖြစ်ကြောင်းကို မည်သို့ ထောက်ခံ သနည်း။ ဟေဗြဲ ၁၂း၂၃ နှင့် ဆာလံ ၉၆း၁၃ တို့ကို ၂တိမော ၄း၁ နှင့် ရောမ ၁၄း၁၀ တို့ကို နှိုင်းယှဉ်ပါ။ ဟေဗြဲနှင့် ဆာလံကျမ်းအရ လောကလူသားအားလုံးကို တရားစီရင်သောသူက မည်သူဖြစ်သနည်း။ သို့သော် တိမောသဲနှင့်

ရောမပြဿဝါဒစာအရ တရားသူကြီးသည် မည်သူဖြစ်မည်နည်း။ ထိုအချက်က ယေရှုဘုရားဖြစ်ခြင်းကို မည်သို့ ထောက်ခံသနည်း။

6. ကမ္ဘာဦးကျမ်း ၁း၁ နှင့် ယောဟန် ၁း၃ တို့ကို ကောလောသဲ ၁း၁၆ နှင့် နှိုင်းယှဉ်ပါ။ ကမ္ဘာဦးကျမ်းက ဖန်ဆင်းရှင်သည် မည်သူနည်း။ ယောဟန်နှင့် ကောလောသဲတွင် ဖော်ပြထားသော ဖန်ဆင်းရှင်မှာ မည်သူဖြစ်သနည်း။ ၎င်းအချက်က သခင်ယေရှု၏ ဘုရားဖြစ်ခြင်းကို မည်ကဲ့သို့ ထောက်ခံနေသနည်း။

## ၄။ ယေရှုကိုယ်တိုင်ပြောသော သူ့အကြောင်း

ဤအပိုင်းတွင် သခင်ယေရှုကိုယ်တော်တိုင်ပြောသော သူ့အကြောင်းအရာများ ပါဝင်သည်။ သမ္မာကျမ်းစာသည် အမှားအယွင်းကင်းသော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်ဟူသည့် ယုံကြည်ခံယူချက်အပေါ် အခြေခံထားသောကြောင့် သမ္မာကျမ်းစာသည် မှားယွင်းခြင်းမရှိဟု စိတ်ချသည်။ ထို့အပြင် သမ္မာကျမ်းစာသည် ဘုရားသခင်၏သားတော် ယေရှုနှင့် ပတ်သက်သော ဗျာဒိတ်တော်ဖွင့်ပြချက်ဖြည့်သည်အားလျော်စွာ ယေရှုကိုယ်တိုင်က ရှင်းလင်းစွာ ဖော်ပြထားသော သူ၏အကြောင်းအရာများသည် အလွန်အရေးပါသည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ Machen ပြောသည့်အတိုင်း ယေရှုသည် ဘုရားဖြစ်ကြောင်းနှင့်ပတ်သက်၍ သက်သေထင်ရှားသော အခြားအကြောင်းအရာတစ်ခုသည် ယေရှုကိုယ်တိုင် ဟောပြောသော ဧဝံဂေလိတရား၌ ပါဝင်သည်၊ သူကိုယ်တိုင်ပင် ဧဝံဂေလိတရား၏ အချက်အချာဖြစ်ပြီး၊ လမ်းခရီး၊ သမ္မာတရားနှင့် အသက်၊ ရှင်ပြန်ထမြောက်ခြင်းနှင့်၊ ငါဟူသောသူလည်းဖြစ်သည်။ ယေရှု၏ ဧဝံဂေလိတရားသည် သခင်ယေရှုအကြောင်း ဖြစ်ပြီး၊ သူကိုယ်တိုင် ဟောခဲ့သောတရားက သူသည် ကယ်တင်ရှင်ဖြစ်ကြောင်း ထင်ရှားစေသည့် ဧဝံဂေလိတရားလည်း ဖြစ်သည်။

### ငါ့ကိုလည်း ယုံကြည်ကြလော့ (Believe also in me)

ယေရှုက “ငါသည် ဘုရားသခင်ကို ယုံကြည်သကဲ့သို့ သင်တို့လည်း ဘုရားကို ယုံကြည်ကြ” ဟု မပြောခဲ့ပါ၊ သို့သော် “ငါ့ကိုယုံကြည်ကြလော့” ဟုဆိုခဲ့သည်။ (Machen, pg. 1881-1937) ယောဟန် ၁၄း၁ တွင် “ဘုရားသခင်ကိုလည်း ယုံကြည်ကြလော့၊ ငါ့ကိုလည်း ယုံကြည်ကြလော့” ဟူ၍ ယေဟောဝါဘုရားကို ယုံကြည်ခြင်းနှင့် သူ့ကိုယုံကြည်ခြင်းတို့ ဆက်စပ်ပုံကို

ဖော်ပြခဲ့သည်။ ယောဟန် ၁၁း၂၆ တွင် ယေရှုက လူများ၏ အာရုံကိုဖမ်းကာ "ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်" ဟု ပြောခဲ့သည်။ ယေရှုကို ယုံကြည်ခြင်းသည် ထာဝရအသက်နှင့် ကျန်းမာခြင်း၏ အရင်း အမြစ်ဖြစ်သည် (ယောဟန် ၁၁း၂၆။ လုကာ ၈း၄၈)။ ခရစ်တော်၌ ယုံကြည်ခြင်းသည် ပြည့်စုံခြင်း၏ အရင်းအမြစ်ဖြစ်သည် (ယောဟန် ၆း၃၅)။ သမ္မာကျမ်းစာသည် ခရစ်တော်ကို အဓိကထားသည်။ သမ္မာကျမ်းစာနှင့် ဧဝံဂေလိတရား၏ အခြေခံအုတ်မြစ်သည် ခရစ်တော်ဖြစ်သည်။ ခရစ်တော်ကို ယုံကြည်ခြင်းနှင့် ခရစ်တော်တစ်ပါးတည်းသာလျှင် အပြစ်စီရင်ခြင်းခံရသော အပြစ်သားအား ကယ် တင်ခြင်းခံရသော သန့်ရှင်းသူများမှ ခွဲထုတ်သည်။ (Machen, pg. 1881-1937)

## သူတို့သည် ငါ၏သိုးဖြစ်ကြ၏ (They are My Sheep)

သူကယ်တင်ခဲ့သည့် သန့်ရှင်းသူတို့ကို ယေရှုက ယောဟန် ၁၀း၂၇ ၌ ဤသို့ ပြောသည်၊ "ငါ့သိုးတို့သည် ငါ့စကားသံကို နားထောင်၍ ငါ့နောက်သို့ လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။ ထာဝရအသက်ကိုလည်း ငါပေး၏" ယောဟန် ၁၀း၃ နှင့် ၄ နှစ်ခုလုံးမှာ ယေရှုက သူတို့သည် "ငါ၏သိုး" ဖြစ် ကြသည် ဟု ပြောသည်။ သို့သော် ဆာလံ ၉၅း၇ က ဘုရားသခင်ရွေးချယ်သောသူတို့ကို "အထံတော်၌ ကျက်စားသောသူ၊ လက်တော်အောက်၌ နေသောသိုးစု ဖြစ်ကြ၏"ဟု ကြေညာပြီး။ ဆာလံ ၁၀၀း၃ တွင် "ထာဝရဘုရား၏လူ၊ အထံတော်၌ ကျက်စားသော သိုးစု" ဟု ဖော်ပြသည်။ ယေဇကျေလ ၃၄း၃၁ ၌ ယေဟောဝါ ဘုရားသခင်က "ငါ၏ ကျက်စားရာအရပ်၌ရှိသော ငါ့သိုးတို့" ဟု ခေါ်သည်။ သုံးပါးတဆူ၌ ဒုတိယပုဂ္ဂိုလ်၊ သားတော်ဘုရားဖြစ်သော ယေရှုက

ဤသိုးတို့သည် ခမည်းတော်က သူ့အား အပ်ပေးပြီး သူတို့ကို သူပိုင်တော်မူကြောင်း ရဲရဲဝံ့ဝံ့ကြေညာခဲ့သည်။ (ယောဟန် ၁၀း၂၉)

## ငါသည် လမ်းခရီး၊ သမ္မာတရားနှင့် အသက်လည်းဖြစ်၏

နှုတ်ကပတ်တော်၌ ယေရှုပြောသောသူ့အကြောင်းမှ အခြားတစ်ခုမှာ "ငါသည် လမ်းခရီး၊ သမ္မာတရားနှင့် အသက်လည်းဖြစ်၏" ဟူသော အချက်ဖြစ်သည် (ယောဟန် ၁၄း၆)။ သူ သည် သိုးဝင်ရာတံခါးဝဖြစ်၍ သူ့ဖြင့် ဝင်သောသူတို့သည် ကယ်တင်ခြင်းခံရမည် (ယောဟန် ၁၀း၇-၉)။ သူ သည် ကျဉ်းသော ကောင်းကင်လမ်းခရီးဖြစ်သည် (မဿဲ ရး၁၃-၁၄)။ သူသည် ကျွန်ုပ်တို့အား သေခြင်းနှင့်အပြစ်တရားလက်မှ လွတ်မြောက်စေသောသူဖြစ်သည်၊ (ရောမ ၈း၂) ထာဝရအသက်ကို ပေးသောသူလည်း ဖြစ်သည်။ (၁ယောဟန် ၅း၁၂) ထိုနည်းတူ ဆာလံ ၂၅း၄-၅ တွင်လည်း "အို ထာဝရဘုရား၊ ကိုယ်တော်၏လမ်းတို့ကို အကျွန်ုပ်အား ပြသွန်၍၊ ခရီးတော်တို့ကို သွန်သင်တော်မူပါ။ ကိုယ်တော်၏ သမ္မာတရားကိုပြ၍၊ အကျွန်ုပ်ကို သွန်သင်တော်မူပါ။ အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်ကို ကယ်တင်သောဘုရားသခင် ဖြစ်တော်မူ၏"ဟု ဖော်ပြသည် (ဆာလံ ၈၆း၁၁ ကိုလည်းကြည့်ပါ)။ ထိုကြောင့် ဘုရားသခင်သည် လမ်းခရီး (လမ်း)၊ သမ္မာတရားနှင့် အသက် (ကယ်တင်ခြင်း)လည်း ဖြစ်သည်။ သခင်ယေရှုသည် ယေဟောဝါဘုရားသခင်တစ်ပါးကသာ ပေးနိုင်သော ဘုရားပေးလက်ဆောင် အရင်းအမြစ်ဖြစ်သည့်အကြောင်း ရှင်းနေပါသည်။ ခရစ်တော်ကိုယ်တိုင်က သူသည် ဘုရားလက်ဆောင်၏ အရင်းအမြစ်၊ လမ်းခရီး၊ သမ္မာတရားနှင့် အသက်လည်းဖြစ်သည်ဟု မိန့်တော်မူသည်။

## ယေရှုကိုသိခြင်းသည် ခမည်းတော်ကို သိခြင်းဖြစ်သည်

သခင်ယေရှုက ယောဟန် ၈း၁၉ မှာ "ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကိုလည်း သိကြလိမ့်မည်" ဟု မိမိသည် ဘုရားဖြစ်ကြောင်း၊ ပြတ်ပြတ်သားသား မိန့်ဆိုခဲ့သည်။ မှတ်ချက်။ ။ ယေရှုက ငါ၏ခမည်းတော်ကို သိလျှင်ဟု မပြောပါ၊ ထိုသို့ပြောမည့်အစား အကယ်၍ သင်သည် ယေရှုကို သိလျှင် ခမည်းတော်ကို သိခြင်းဖြစ်သည် ဟုပြောပါသည်။ လောဂေါစ် (Logos) ဖြစ်သော သားတော်ကို သိခြင်းက ခမည်းတော်ကိုလည်း သိစေပါသည်။ သူသည် လမ်းခရီးဖြစ်သည်။ သူသည် ခမည်းတော်ကို သိခြင်းနှင့် ခမည်းတော်နှင့်ဆက်စပ်ရန် အခွင့်လမ်းဖြစ်သည်။ "ငါမှတစ်ပါး အဘယ်သူမျှ ခမည်းတော် ထံသို့ မရောက်ရ" (ယောဟန် ၁၄း၄)။ သို့ဖြစ်၍ သားတော်အားဖြင့်မဟုတ်ခဲ့ပါက အဘယ်သူမျှ ခမည်း တော်ကိုသိခြင်းနှင့် ချဉ်းကပ်ခွင့်ရနိုင်ရန် နည်းလမ်းမရှိ။ သူနှင့် ခမည်းတော်သည် တစ်လုံးတစ်ဝတည်း ဖြစ်ကြသည် (ယောဟန် ၁၀း၃၀)။

## ငါသည် အသက်မုန့်ဖြစ်၏

ယောဟန် ၆း၅၁ တွင် ယေရှုက "ငါသည် ကောင်းကင်မှ ဆင်းသက်သော အသက်မုန့် ဖြစ်၏။ ဤမုန့်ကို စားသောသူမည်သည်ကား၊ အစဉ်မပြတ်အသက်ရှင်လိမ့်မည်" ဟု မိန့်တော်မူ၏။ အပိုဒ်ငယ် ၅၄ မှာ "ငါ၏အသားကိုစား၍ ငါ၏ အသွေးကိုလည်း သောက်သောသူသည် ထာဝရ အသက်ကိုရ၏။ ထိုသူကို နောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်"ဟု ပြောသည်။ သူ့အားဖြင့် ဘုရားသခင်က ထာဝရအသက်ကို ပေးသည်ဟု သူပြောသည်မဟုတ်ပါ။

သို့သော် သို့အားဖြင့် ထာဝရအသက်ကို ရရှိကြောင်း ပြောနေခြင်းဖြစ်ပြီး၊ ထိုသူတို့ကိုလည်း နောက်ဆုံးသောနေ့၌ သေခြင်းမှ ထမြောက်စေမည်ဟု ပြောသည်။ ဘုရားဖြစ်ခြင်း အပြည့်အဝနှင့် လူသားဖြစ်ခြင်း အပြည့်အဝရှိသော ယေရှုသည် ဘုရားဖြစ်သည့်အားလျော်စွာ ဘုရားသခင်သာ လုပ်သော အလုပ်ကို လုပ်နေပါသည်။

## "ငါ့ကြောင့်" ညှဉ်းပန်းနှိပ်စက်ခြင်းခံသောသူသည် မင်္ဂလာရှိ၏

ယေရှုက မဿဲ ၅း၁၁ တွင် "ငါ့ကြောင့် သင်တို့ကို ကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာ တင်ကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏" ဟု ပြောသည်။ သူ့၏နာမကြောင့် ညှဉ်းပန်း နှိပ်စက်ခြင်းခံသော သူတို့သည် ဝမ်းမြောက်စရာအကြောင်း ဖြစ်သည်၊ အကြောင်းမှာ ကောင်းကင်၌ သူတို့၏ အကျိုးကြီးသည်ဟု သူကဆက်ပြောသည်။ ယေရှုက သူ၏နောက်ကို လိုက်သောသူတို့သည် သူ၏နာမကြောင့် သူတစ်ပါး၏ မုန်းခြင်းကို ခံရမည်ဖြစ်ပြီး အဆုံးတိုင် တည်ကြည်သောသူတို့သည် ကယ်တင်ခြင်းသို့ ရောက်မည်ဟု ဖော်ပြသည် (မဿဲ ၁၀း၂၂)။ ငါတို့၏သခင်ယေရှုက မဿဲ ၁၀း၃၉ တွင် "ငါ့ကြောင့်" အသက်ဆုံးရှုံးသောသူသည် ထာဝရအသက်ကို ရရှိမည်ဟု ပြောသည်။ သူနှင့်ဘုရား သခင်တို့၏ ခြားနားခြင်းအကြောင်းကို သွန်သင်နေသည်မဟုတ်၊ သို့သော် သူသည် ဘုရားသခင်နှင့်အဆင့်တူညီကြောင်းကို ဖော်ပြသည့်အနေဖြင့် သူ့ကြောင့်ညှဉ်းဆဲခြင်းခံသောသူတို့သည် ကောင်းကင်၌ အကျိုးကြီးလိမ့်မည်ဟု သွန်သင်သည်။

## ငါ့ကြောင့် ရှက်ကြောက်ခြင်းရှိသော သူတို့သည်

ယေရှုက လုကာ ၁၄း၂၆ တွင် "အကြင်သူသည် ငါ့ထံသို့လာ၍ မိဘ၊ သားမယား၊ ညီအစ်ကို၊ နှမတို့ကိုလည်းကောင်း၊ ထိုမှ္မမက မိမိအသက်ကို လည်းကောင်း၊ မမုန်း၊ ထိုသူသည် ငါ့တပည့် မဖြစ် နိုင်ရာ"ဟု ပြောသည်။ အလားတူပင် ထိုယေရှုက မာကု ၈း၃၈ တွင် "မျောက်မထားသော ဤလူမျိုး ဆိုးတွင် အကြင်သူသည် ငါ့ကိုလည်းကောင်း၊ ငါ့စကားကိုလည်းကောင်း ရှက်၏။ လူသားသည် မိမိ အဘခမည်းတော်၏ ဘုန်းအာနုဘော်ကို ဆောင်လျက်၊ သန့်ရှင်းသော ကောင်းကင်တမန် အခြံအရံတို့နှင့် ကြွလာသောအခါ ထိုသူကို ရှက်တော်မူလတ့ံ"ဟု ဖော်ပြသည်။ Machen က အောက်ပါအတိုင်း လေး နက်စွာ ထောက်ပြသည်၊ "ဤကဲ့သို့ ဆည်းကပ်ကိုးကွယ်ခြင်းအမှုကို အဘယ် သူက အသန့်ရှင်း ဆုံးလူတစ်ဦး၏ ဆည်းကပ်ကိုးကွယ်ခြင်း၊ လူတစ်ဦး၏ ထာဝရကံကြမ္မာနှင့်သက်ဆိုင်သော ဆည်းကပ်ကိုးကွယ်ခြင်း။ ဘုရားသခင် တတ်နိုင်သည် သို့သော်အဘယ်လူသားက တတ်နိုင်သနည်း"
(Machen, စာမျက်နှာ ၁၆)။

## တရားသူကြီး (Judge)

ယေရှုက ယောဟန် ၅း၂၂ တွင် ခမည်းတော်သည် သားတော်အား "တရားစီရင်ခြင်းအခွင့် ရှိသမျှကို အပ်ပေးတော်မူကြောင်း" ပြောသည်။ ရောမ ၂း၁၆ တွင် "ဘုရားသခင်သည် ယေရှုခရစ် အားဖြင့် လူတို့၏ မထင်ရှား သောအမှုအရာတို့ကို စစ်ကြောစီရင်တော်မူလတ့ံ" ဟု ဖော်ပြသည်။ ဟေရှာ ယ ၃၃း၂၂ တွင်လည်း "အကြောင်းမူကား၊ ထာဝရဘုရားသည် ငါတို့၏ တရား သူကြီးဖြစ်တော် မူ၏။ ထာဝရဘုရားသည် ငါတို့၏ ပညတ်တရားရှင် ဖြစ် တော်မူ၏။ ထာဝရဘုရားသည် ငါတို့၏ ရှင်ဘုရင်ဖြစ်၍ ငါတို့ကို ကယ်တင်

တော်မူလိမ့်မည်”ဟု ဖော်ပြသည်။ ခရစ်တော်က ဘုရားသခင်သည် တရားသူကြီးဖြစ်သကဲ့သို့ သူသည်လည်း တရားသူကြီးဖြစ်ကြောင်းနှင့် ဘုရားသခင်သည် ကယ်တင်ရှင်ဖြစ်သကဲ့သို့ သူသည်လည်း  ကယ်တင်ရှင်ဖြစ်ကြောင်း ကြေညာခဲ့သည်။

## ခမည်းတော်ကို ရိုသေသည်နည်းတူ သားတော်ကိုလည်း ရိုသေရမည်

ယောဟန် ၅း၂၃ ၌ ဤသို့ဖော်ပြသည်၊ “သားတော်ကို ရိုသေစေမည်အကြောင်း၊ ခမည်းတော် သည် အဘယ်သူကိုမျှ မတရားစီရင်တော်မမူ။ တရားစီရင်တော်မမူ။ တရားစီရင်ခြင်း အခွင့်ရှိသမျှကို သားတော်အားအပ်ပေးတော်၏။ သားတော်ကို မရိုသေသောသူသည်ကား၊ “သားတော်ကို စေလွှတ်တော်မူသော” ခမည်းတော်ကို မရိုသေသောသူ ဖြစ်၏။ ဤနေရာတွင် ခမည်းတော်အတွက်သာဖြစ်သောရိုသေမှုကို သူလည်းပဲ ရရှိထိုက်သူဖြစ်ကြောင်း ယေရှုက ရှင်းလင်းစွာ ဖော်ပြသည်။ ထို့အပြင် ဤအခန်း (အပိုဒ်ငယ် ၃၉) တွင် သမ္မာကျမ်းစာသည် သူ့အကြောင်းကိုသာ သက်သေခံသည်ဖြစ်ပြီး ထာဝရအသက်ကို ရရှိရန် အသက်စာစောင်ကို စေ့စေ့ကြည့်ရှုသူတို့သည် သူ့ထံသို့သာ သွားရမည်ဖြစ်ကြောင်း သွန်သင်ပါသည်။

## EPILOGUE IV: သခင်ယေရှု ကိုယ်တော်တိုင် ပြောသော သူ့အကြောင်း

အခန်း (၄)တွင် သခင်ယေရှုက သူသည် ဘုရားသခင်ဖြစ်သည်ဟု အံ့ဖွယ်ကောင်းသော ပြော ဆိုမှုကို ထောက်ခံသည့်သက်သေအား ယောဟန် (၁)မှာ ဖော်ပြသည့် "ဘုရားသခင်ဖြစ်သော" လောဂေါ့စ်၊ နှုတ်ကပတ်တော်၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းသောသူ၊ သူ၏ဖန်ဆင်းခြင်းနှင့် ကင်းလွတ်သောအရာ တစ်စုံတစ်ခုမျှမရှိ၊ ထိုအကြောင်းအရာများ ပါဝင်သည်။ သူကိုယ်တိုင် ထိုသို့ မိမိအကြောင်းအရာများကို ပြောခဲ့သည်။ အကျဉ်းချုပ်အားဖြင့် -

1. ယေရှုက ဘုရားသခင်ကို ယုံကြည်သကဲ့သို့ ယေရှုကိုလည်း ယုံကြည်ရန် ကျွန်ုပ်တို့အား ပြောခဲ့သည်။ အကယ်၍ သူသာဘုရားသခင် မဟုတ်ခဲ့လျှင် ရုပ်တုမကိုးကွယ်ရန်နှင့် ပတ်သက်သော ပညတ်တော်ထဲက ပထမနှစ်ခုတို့သည် ဆန့်ကျင်ဖက်ဖြစ်သွားလိမ့်မည်။
2. ယေရှုက သူ့ကိုယုံကြည်သောသူတို့သည် သေလွန်သော်လည်း ရှင်လိမ့်မည်ဟု မိန့်တော်မူခဲ့သည်။
3. ယေရှုက ဘုရားသခင်၏ သန့်ရှင်းသူတို့သည် သူ၏ သိုးများဖြစ်သည်ဟု ပြောသည်။ သူတို့သည် သူ၏သိုးဖြစ်၍ သူ၏အသံကို ကြားသောသူများဖြစ်ပြီး ထိုသိုးတို့ကို သူက ထာဝရအသက်ကို ပေးသည်။
4. ယေရှုက သူသည် လမ်းခရီး (ဂရိဘာသာဖြင့် ဟောဒေါ်စ်)၊ သမ္မာတရားနှင့် အသက်လည်းဖြစ် ဖြစ်ပြီး၊ သူမှတပါး အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရဟု ပြောသည်။ သူသည် ကောင်းကင်သို့သွားရာ တစ်ခုတည်းသော လမ်းခရီးဖြစ်သည်။ ထို့အပြင် သူသည် သမ္မာတရားဖြစ်သော ကြောင့် သူပြောသောစကားသည် အမှန်ဖြစ်သည်။ သူအားဖြင့်

အသက်ကို ရရှိနိုင်သည်။ ထိုအချက်သည် ဘုရားသခင်သာလျှင် တတ်နိုင်သောအရာ ဖြစ်သည်။

5. ယေရှုက သူ့ကိုသိခြင်းသည် ခမည်းတော်ကို သိခြင်းဖြစ်ပြီး သူ့ကို မြင်ခြင်းသည်လည်း ခမည်းတော်ကို မြင်ခြင်းဖြစ်သည်ဟု ပြောပါသည်။ အကြောင်းမှာ သူတို့သည် တလုံးတဝတည်း လည်းဖြစ်၊ အတူတူလည်း ဖြစ်သည်။ ယောဟန် ၁၄း၈ ထဲတွင် ဖိလိပ္ပုက ယေရှုကို "သခင် ခမည်းတော်ကို အကျွန်ုပ်တို့အားပြတော်မူပါ။ ထိုသို့ပြတော်မူလျှင် အကျွန်ုပ်တို့ အလိုပြည့်စုံပါမည်"ဟု မေးခဲ့သည်။ ထိုမေးခွန်းကို ယေရှုက ဤသို့ ဖြေခဲ့သည်၊ "ဖိလိပ္ပု၊ ဤမျှကာလ ပတ်လုံး ငါသည် သင်တို့နှင့်အတူ ရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်၏"။

6. ယေရှုက သူသည် အသက်မုန့်ဖြစ်သည်ဟု ပြောခဲ့သည်။ ယေရှုသည် အသက်ရှင်သောအသက်မုန့် ဖြစ်သည်။ သို့ဖြစ်၍ ထိုမုန့်ကို စားသော သူသည် "အသက်ရှင်ရလိမ့်မည်။"

7. ယေရှုက သေသောသူတို့ကို ထာဝရအသက်ရှင်စေနိုင်သော တန်ခိုးရှိသည်ဟု ဆိုသည်။

8. ယေရှုက သူ့ကြောင့်နှင့် သူ၏နာမကြောင့် ညှဉ်းဆဲခြင်းခံသော သူတို့သည် ကောင်းကင်ဘုံ၌ကြီးသောအကျိုးကို ရရှိမည်ဟု ပြောသည်။ မဿဲ ၁၆း၂၄-၂၈ တွင် သခင်ယေရှုက ငါတို့အားပြောသည်မှာ ငါနောက်သို့ လိုက်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်၊ ခါးသီးသော ကိုယ့် လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့လိုက်ရမည်၊ မိမိအသက် ကိုလည်း ရှုံးရမည်။ ထို့နောက် သူသည် ခမည်းတော်၏ ဘုန်းတော်အားဖြင့် ကြွလာသောအခါ လူအပေါင်းတို့ကို သူတို့၏ အကျင့်အတိုင်း ဆုချ

လိမ့်မည်။ သူတို့သည် သူ၏နိုင်ငံ၊ ယေရှု၏နိုင်ငံတော်သို့ ကြွလာသည်ကို မြင်ကြ လိမ့်မည်။

9. သခင်ယေရှုက သူ၏ မိသားစုအပါအဝင် သူ၏အမျိုးအားလုံးတို့၏ ကိုးကွယ်ခြင်းကို ထိုက်တန်သည်ဟု ဖော်ပြပြီး၊ သူ့အား ကိုးကွယ်ခြင်းသည် ကျွန်ုပ်တို့၏ ထာဝရအရာအတွက် ဆုံးဖြတ်ချက်ပေး သည်။

10. သခင်ယေရှုက သူသည် လောကတစ်ခုလုံးကို တရားစီရင်သော တရားသူကြီးဖြစ်သည်ဟု ဆိုသည်။ ထိုအချက်သည် ဘုရားသခင်တပါးက သာလျှင်၊ သို့မဟုတ်၊ ငါသည် ဘုရားသခင်ဖြစ်သည်ဟု ပြောသောသူက သာလျှင် ပြောနိုင်သောစကားဖြစ်သည်။

11. ယေရှုက ဘုရားသခင်ကိုပေးသောရိုသေခြင်းကို သူလည်း ထိုက်တန်သည်ဟု ဆိုခဲ့သည်။ လူတို့သည် ခမည်းတော်ဘုရားသခင်အား ကိုးကွယ်ခြင်းနှင့် ရိုသေခြင်းပြုသကဲ့သို့ သူ့ကိုလည်း ရိုသေကိုးကွယ်ခြင်း ပြုပြီး အသက်တာကို ဆက်ကပ်ရမည်ဟု ပြောသည်။

ကျမ်းစာပရောဖက်ပြုချက် (ဟေရှာယ ၅၃း၁၄)သည် သူသည် အပျိုကညာမှ မွေးဖွားခြင်းဖြင့် ပြည့်စုံသွားပြီဖြစ်သည်။ လူပေါင်း (၅၀၀) ကျော်တို့က သူ၏ ရှင်ပြန်ထမြောက်ခြင်းကို ရက်(၄၀) အတွင်း မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ကြရသည်။ ထိုနောက် အံ့ဩစရာကောင်းသော နောက်ထပ်အချက်တစ်ခုမှာ ထိုမျက်မြင်သက်သေဖြစ်သော လူအများတို့က ယေရှုရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်လိုပါက ငြင်း ပယ်နိုင်သည့်ကာလ နှစ်ပေါင်းများစွာ အချိန်ရှိခဲ့ကြသော်လည်း ထိုသူတို့သည် ယေရှု၏ရှင်ပြန်ထမြောက်ခြင်းဖြစ်စဉ်အား ငြင်းပယ်ခဲ့ဖူးသည်ဟူသော မှတ်တမ်းနှင့်သမိုင်းအထောက်အထားမရှိခဲ့ပါ။ ထို့ နောက် သူ၏ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်သွားခြင်းကို မြင်တွေ့ခဲ့သော တပည့်တော်များသည် နောက်ပိုင်းတွင် ညှဉ်းပန်းနှိပ်စက်

ခြင်းကို ခံခဲ့ကြရသည်။ သူတို့အထဲက အများစုတို့သည် ထိုယုံကြည်ခြင်းကို ကာကွယ်ကြခြင်းကြောင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော နာကျင်မှုများဖြင့် သေဆုံးခဲ့ကြသည်။ အမှန်တွင် တမန်တော် ရှင်ယောဟန်မှလွဲ၍ ကျန်သော တမန်တော်များအားလုံးသည် အရှင်လတ်လတ် သတ်ခြင်းကို ခံခဲ့ကြရသည်။ ယေရှုက သူသည် လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်း ခံရမည်ဟု ကြိုတင် ဟောပြောသကဲ့သို့ ပေတရုလည်းပဲ သူ၏တောင်းဆိုမှုအရ လက်ဝါးကပ်တိုင် ပေါ်မှာ ဇောက်ထိုးအနေအထားဖြင့် အသတ်ခံခဲ့သည်။ ယေရှုက ငါသည် သေခြင်းမှ ရှင်ပြန်ထမြောက်မည်ဟု ကတိတော်ပေးခဲ့သည့်အတိုင်း အမှန် တကယ် ထမြောက်ခြင်းမရှိခဲ့ပါလျှင် ယုဒဘာသာဝင်ဖြစ်သော ဤလူများ သည် လိမ်လည်မှုအတစ်ခုအတွက် အသက်ပေးဆပ်ကြခြင်းသာ ဖြစ်ကာ အကျိုးကြောင်း ဆီလျော်မှု၊ ဆင်ခြင်တုံတရားနှင့်ဆန့်ကျင်ဘက် ဖြစ်သွား မည်သာ ဖြစ်သည်။

ဤအဖြစ်များကို စိတ်ထဲထား၍ ယေရှုကိုယ်တိုင်သည် ဘုရားဖြစ်ကြောင်း ကြေညာချက်တို့ကို ဆန်းစစ်ကောင်းပါသည်။ ပထမဦးဆုံး ဤကျမ်းစာ၌ ဖော်ပြသော  ယေရှုသည် လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀)ခန့် ကမ္ဘာပေါ်မှာ နေထိုင်အသက်ရှင်ခဲ့သောသူမဟုတ်ဘဲ ဒဏ္ဍာရီပုံပြင် တစ်ပုဒ်ကဲ့သို့သာ ဖြစ်သလောဟူသည့်အကြောင်းအရာကို ဆုံးစွာဆန်းစစ်ရန် လိုလိမ့်မည်။ ဤ အကြောင်း အရာသည် အကြောင်းပြချက်များစွာထဲက အလွန်မြင့်မားသည်၊ သို့မဟုတ်၊ မတွေးနိုင်စရာဖြစ်သည်။ ပထာမဦးစွာ ရှေမားဟူသော ယုဒလူမျိုး တို့၏ အသန့်ရှင်းဆုံး ဆုတောင်းခြင်းပဌနာက ဖော်ပြသည့်အတိုင်း ယုဒ လူမျိုးတို့သည် ဘုရားသခင် တပါးတည်းသာရှိသည်ဟု ယုံကြည်ခဲ့ကြပြီး၊ ယေရှုသည်လည်း ယုဒလူမျိုးတစ်ဦးအဖြစ် ကြီးပြင်းလာခဲ့ သူဖြစ်ကြောင်း ကျွန်ုပ်တို့ သတိရသင့်သည်။

C.S. Lewis က ဤကဲ့သို့ ငြင်းဆိုသည်၊ သမိုင်းတွင် ကျန်ရစ်လောက်အောင် ဘာသာရေးခေါင်း ဆောင်တစ်ဦး၏ တီထွင်မှု၊ "ကမ္ဘာပေါ်ရှိလူတစ်ဦး၏ ထိုကဲ့သို့သော အမှားမျိုးကျူးလွန်ခြင်းသည် အ သေးငယ်ဆုံး ဖြစ်နိုင်သည်" ဟူသောအဆိုသည် အလွန်ထူးဆန်းသည်။ အကယ်စင်စစ် သူ၏နောက်လိုက် တပည့်တော်များအတွက် ယေရှုကိုဘုရားဖြစ်သည်ဟု ယုံကြည်ရန်မှာ လွယ် ကူမည် မဟုတ်ပါ။ ပေတရုက ငြင်းပယ်ခဲ့ပြီး ယုဒက သူ့အား အပ်နှံခဲ့သည်၊ အခြားတပည့်တော်တို့ကလည်း ဥယျာဉ်တော်၌ ကိုယ်တော်ကို စွန့်ပစ်ခဲ့ကြ သည်။ သောမတ်သည်ပင်လျှင် ထမြောက်တော်မူသော ခရစ်တော် ကိုမြင်ပြီး "အကျွန်ုပ်၏အရှင်သခင်နှင့် အကျွန်ုပ်၏ဘုရား" ဟု ဝန်ခံမြွက်ဆိုခြင်း မပြုမှီ အထိ ယေရှုသည် ဘုရားဖြစ်သည်ဟု မကြေညာခဲ့ပါ။

ရှင်ယောဟန် အခန်းကြီး (၆) ၌ သခင်ယေရှုသည် (တမန်တော်များ သာမက) များစွာသော လူတို့အား အောက်ပါအံ့သြဖွယ်ကောင်းသော စကား များကို ပြောခဲ့သည်၊ "ငါ၏အသားအသွေးကို သောက်စားသောသူသည် ငါ၌ တည်၏။ ထိုသူ၌လည်း ငါတည်၏။ ငါ၏အသားကို စား၍ငါ၏အသွေးကို လည်း သောက်သောသူသည် ထာဝရအသက်ကိုရ၏" ဟုပြောသောစကားကို တပည့်တော်အများက ကြားသည့်အခါ မိန်းမောတွေးဝေခြင်းရှိပြီး "ထိုစကား သည် အလွန်ခက်လှ၏။ အဘယ်သူနာခံနိုင်မည်နည်း"ဟု ဆိုကြ၏။ ထိုသို့ တပည့်တော်တို့က မယုံကြည်ကြသည်ကို သိတော်မူသောအခါ ယေရှု မိန့် တော်မူသည်ကား၊ "ဤတရားစကားကြောင့် သင်တို့သည် စိတ်ပျက်ကြသ လော့။ လူသားသည် အရင်နေရာအရပ်သို့ တစ်ဖန်ကြွတော်မူသည်ကို မမြင် ရလျှင် အဘယ်သို့ ထင်မှတ်ကြမည်နည်း"။ ဤသည်မှာ ဘုရားဖြစ်ကြောင်း ရှင်းလင်းသောပြောဆိုချက်များဖြစ်သည်။ ထိုစကားတော်ကြောင့် "တပည့် တော်များတို့သည် ကိုယ်တော်နှင့်မပေါင်းဘော်ဘဲ ဆုတ်သွားကြ၏။" ထို

အကြောင်းအရာများသည် တမူထူးခြားသည်။ ထိုကဲ့သို့ သမိုင်းတွင် ကျန်ရစ်လောက်သည့် အဖြစ်မျိုးကို ဣသရေလအမျိုးထဲက ယုဒအမျိုး သားတစ်ဦး ပေါ်ထွန်းခဲ့ခြင်းသည် အလွန်ထူးခြား ဆန်းကြယ်လှသည်။ ဧကန်စင်စစ် သမ္မာကျမ်းစာ၏ ရိုးရှင်းမှုက ကျမ်းစာသည်လုပ်ကြံထားသော မုသာစာပေဖြစ်သည်ဟူသော အယူအဆကို ဆန့်ကျင် (တိုက် ဖျက်)ခဲ့သည်။ ပေတရု၏ ငြင်းဆိုခြင်း၊ ယုဒ၏သစ္စာဖောက်ရောင်းစားခြင်း၊ တပည့်တော်များ၏ ယုံကြည်မှု အားနည်းခြင်းတို့ကို ဖုံးကွယ်ခဲ့လျှင် ပိုမိုလွယ်ကူလိမ့်မည်။ သို့သော်လည်း သမ္မာကျမ်းစာသည် ရိုးရှင်းပြီး မှန်ကန်မှု ရှိသောကြောင့် ဤအရာများကို ဘုရားသခင်မှုတ်သွင်းသော နှုတ်ကပတ်တော်ထဲက ချန်လှပ်၍ မထားပါ။ C.S. Lewis က ငြင်းဆန်သကဲ့သို့ ခရစ်ဝင်ကျမ်းများသည် စာပေသမိုင်းနှင့် မတူပါ။ သူတို့သည် ယေရှု၏သက်တော်စဉ် အကြောင်းများစွာကို ချန်လှပ်ထားသည်။ သူတို့က အနုပညာနှင့် စာပေသမိုင်း၏ စတိုင်မျိုးရှိသည် မဟုတ်ပါ။ ထို့ကြောင့် ဤအဖြစ်က ကျွန်ုပ်တို့ကို မည်သည့် နေရာ၌ ထားခဲ့သနည်း။ ဤအရာသည် ဒဏ္ဍာရီပုံပြင်မဟုတ်ခဲ့လျှင် ထိုယေရှုသည် မည်သူနည်း။ ၁၉၃၆ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော “Normal Christian Faith” ဟူသော သူ၏ စာအုပ်မှာ Watchman Nee က ကျွန်ုပ်တို့အတွက် ရွေးစရာသုံးခု ချပေးခဲ့သည်။

1. ပထမအချက်မှာ၊ သူသည် ဘုရားသခင်ဖြစ်သည်ဟု ဆိုသော်လည်း အမှန်တကယ် မဟုတ်ပါက သူသည် ရူးသွပ်သူ (သို့) စိတ္တဇဖြစ်သူသာ ဖြစ်ရမည်။
2. ဒုတိယအချက်မှာ သူသည် ဘုရားသခင်မဟုတ် စိတ္တဇဖြစ်သူလည်း မဟုတ်ခဲ့လျှင် လိမ်ညာသူ ဖြစ်ရမည်။ သူတပါးကို သူ၏ မုသားဖြင့် လှည့်စားသူဖြစ်ရမည်။

3. တတိယအချက်မှာ၊ အကယ်၍သူသည် အထက်ပါအချက်နှစ်ခုလုံး မဟုတ်ခဲ့လျှင် သူသည် ဘုရား သခင်ဖြစ်ရမည်။

Nee ကလည်း “နာဇရက်မြို့သားယေရှုသည် ဘုရားဟုတ်သည်၊ မဟုတ်သည်ကို ကျွန်ုပ်တို့ သက်သေပြစရာမလိုပါ။ ကျွန်ုပ်တို့လုပ်စရာမှာ သူသည် ရူးသွပ်သူလား၊ စိတ္တဇဖြစ်သူလား ဟူသောအချက်ကိုသာ လေ့လာရမည်။ အကယ်၍ သူသည် ရူးသွပ်သူလည်းမဟုတ် စိတ္တဇလည်းမဟုတ်ခဲ့ပါက သူသည် ဘုရားသခင်၏သားတော်ဖြစ်ရမည်” ဟုဖော်ပြသည်။ C.S.Lewis က ၁၉၄၂ တွင် ထုတ်ဝေသော “Mere Christianity” ဟူသော သူ့စာအုပ်၌ မကြာခဏကိုးကားအသုံးပြုသော အငြင်းပွားမှုတစ်ခုကို ဖော်ပြသည်။ သူကပြောသည်မှာ ပထမဦးဆုံးအနေဖြင့် ယေရှုကို ကျင့်ဝတ်ကောင်းသော ကြီးမြတ်သော ဆရာတစ်ပါးနှင့် ကောင်းသောအရာကိုသင်ပေးသော ဆရာကောင်းဖြစ်ရုံဖြင့် ကျွန ်ပ်တို့က လက်မခံနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ယေရှုက ထိုမျှလောက်သာ ပြောခဲ့သည်မဟုတ်။ သူ သည် ဘုရားဖြစ်သည်ဟု ကြေညာခဲ့သည်။ C.S.Lewis က ဖော်ပြရာတွင် အကယ်၍ ယေရှုက သူသည် ဘုရားမဟုတ်ဘဲလျက် ငါသည် ဘုရားဖြစ်သည်ဟု ကြေညာခဲ့လျှင်၊ “သူသည် စိတ္တဇတစ်ဦး ဖြစ်ပါလိမ့်မည်… သို့မဟုတ် ငရဲမှလာသော စာတန်မာရ်နတ်ဖြစ်လိမ့်မည်၊” စိတ္တဇလား၊ ရူးသွပ်သူလား တစ်ခုခု ဖြစ်လိမ့်မည်။ ချစ်သောမိတ်ဆွေ၊ ဤအကြောင်းကို ရှင်းလင်းကြည့်ကြပါစို့။ သင်သည် ရွေးချယ်မှုလုပ်ရမည်။ သင်သည် ယေရှုကို ရူးသွပ်သူဟု ယုံကြည်၍ လှောင်ပြောင်ပေလိမ့်မည်။ သို့မဟုတ် အခန်းထဲမှာသော့ခတ်ထားကာ သူ့ကို တံတွေးဖြင့် ထွေးသူ သို့မဟုတ် လိမ်ညာသူနှင့်နတ်ဆိုးကဲ့သို့ သတ်ပစ်လိုက်ပါ။ သို့မဟုတ် Lewis က ပြောသကဲ့သို့ “သူ၏ခြေတော်ရင်း၌ ပြပ်ဝပ်၍ ဘုရားနှင့်သခင်ဟု ယေရှုကို ခေါ်လိုက်ပါ။” ယခု သူသည် ရူးသွပ်နေသူမဟုတ်၊ လိမ်လည်သူ

လည်း မဟုတ်ကြောင်း ထင်ရှားပြီ။ ထို့ကြောင့် ကျွန်ုပ်တို့သည် အံ့ဩစရာကောင်းသလို၊ ကြောက်စရာလည်းကောင်းသည့် နိဂုံးသို့ ရောက်ရှိမည်သာဖြစ်သည်၊ အထူးသဖြင့် သင်သည် ကယ်တင်ခြင်းမရရှိသေးပါက ပို၍ မှန်ပေလိမ့် မည်။။ ထိုနိဂုံးသည် သူကြေညာခဲ့သည့်အတိုင်း သူသည် ဘုရားသခင်ဖြစ်သည်။ သင့်အား ကျွန်ုပ်တိုက်တွန်းလိုသည်မှာ ဤစာအုပ်ပါ အထောက်အထားအားလုံးကို ကြည့်ရှုရန်နှင့် ကျန်သည့် သမ္မာကျမ်းစာပါ သက်သေသာဓကများ၊ သမိုင်းအထောက်အထားများနှင့် သိပ္ပံနည်းကျ ထောက်ခံမှုများကို လေ့လာပြီးနောက် သင့်ကိုယ်ပိုင် နိဂုံးချုပ်သို့ ရောက်လာပါသည်။ ကျွန်ုပ်လည်း ထိုသို့လေ့လာမှုပြုခဲ့ပြီး သူသည် ကျွန်ုပ်အသက်တာတစ်ခုလုံးကို ပြောင်းလဲစေခဲ့သည်။ ကျွန်ုပ်သည် သူ့ကိုချစ်ပြီး သူက ကျွန်ုပ်ကို ထာဝရအသက် ပေးခဲ့သည်။ ထို့အပြင် ချမ်းသာကြွယ်ဝသူ၊ ဆင်းရဲနွမ်းပါးသူ၊ ခေါင်းဆောင် ကောင်းများ၊ အတွေးခေါ်သမားများ၊ ပညာတတ်နှင့် ပညာမတတ်၊ ကျော်ကြားသော အမျိုးသားနှင့် အမျိုးသမီးများ၊ ရိုးရှင်းသောသူနှင့် လူမသိသော သူများအား လုံးအပါအဝင်၊ သန်းပေါင်းများစွာသော သူများအထဲကသန်းနှင့်ချီသော လူများပြုသကဲ့သို့ သင်သည်လည်း ယေရှုကို သင်၏အသက်သခင်အဖြစ် ယုံကြည်လက်ခံပါမည်အကြောင်း ကျွန်ုပ်ဆုတောင်းပါသည်။ ဘုရားအသွေးဖြစ်သည့် ယေရှု၏အသွေးတော် သွန်းလောင်းခြင်းဖြင့် ရွေးဝယ်ခဲ့သည့် ကျေးဇူးတော်သက်သက်ဖြင့်ပေးသော အခမဲ့ ဆုလက်ဆောင်ကို သူတို့က ယုံကြည်လက်ခံကြသည်။ သင်၏ အပြစ်များအတွက် နောင်တရပြီး သင်၏ ဘုရားသခင်နှင့် ကယ်တင်ရှင်ကို ကျေးဇူးတင်ပါ၊ သူသည် သင့်ကို အလွန်ချစ်သောကြောင့် သင်၏အပြစ်များအတွက် ပေးဆပ်ရန် လူ့ဇာတိကို ခံယူကာ သင့်နေရာ၌ ကိုယ်စား အသေခံပေးခဲ့ သည်။ ယခုအချိန်မှာ သူသည် ကောင်းကင်၌ သူ၏သန့်ရှင်းသူတို့အဘို့ နေရာပြင်ဆင်ပေးနေသည် ဖြစ်၍

ထိုနေရာ၌ ဘုရားသခင်နှင့်အတူ ဖော်ပြမရသော ဝမ်းမြောက်ခြင်းကို ခံစားပြီး ထာဝရနေရမည်။ ထိုနေရာ၌ မိတ်ဆွေကိုပါ တွေ့ဆုံရန် ကျွန်ုပ်ဆုတောင်းပါသည်။ တမန်တော် ၁၆း၃၁ တွင် ဖော်ပြ သကဲ့သို့၊ "သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။"

# ၄။ ယေရှုကိုယ်တိုင်ပြောသော သူ့အကြောင်း

(ဆွေးနွေးချက် မေးခွန်းများ)

1. ယေရှုက ငါသည် ဘုရားဖြစ်သည်ဟု ကြေညာခဲ့သည့်အကြောင်းကို Machen က ရှင်းလင်းပြတ် သားစွာ ရှင်းပြခဲ့သည်။ ထိုအကြောင်းကို ရှင်းပြပါ။
2. ကျမ်းစာ၏ဖော်ပြချက်အရ ထာဝရအသက်၏ အရင်းအမြစ်ကား အဘယ်နည်း။ ယေရှုက ငါ့ကို ယုံကြည်လော့ဟု ပြောခဲ့သည့် ကျမ်းပိုဒ် တစ်ချက် ပြုစုရေးသားပါ။
3. ဆာလံ ၁၀၀း၃ ကို ယောဟန် ၁၀း၂၇ နှင့် နှိုင်းယှဉ်ပါ။ ထိုအပိုဒ်က ယေရှု၏ဘုရားဖြစ်ခြင်းကို မည်သို့ ထောက်ခံသနည်း။
4. ယောဟန် ၁၄း၆ ၌ ယေရှုက မိမိကိုယ်ကို မည်သူဖြစ်သည်ဟု ကြေညာ သနည်း။ ထိုအချက်ကို ဆာလံ ၈၆း၁၁ နှင့် နှိုင်းယှဉ်ပါ။
5. ယောဟန် ၈း၁၉ နှင့် ယောဟန် ၁၄း၇-၉ တို့၌ ယေရှုက မည်သည့် အရာကို ကြေညာသနည်း။ ရှင်းပြပါ။
6. ယေရှုက ယောဟန် ၆း၅၁-၅၄ တွင် အံ့သြဖွယ်ကောင်းသော သူ့အ ကြောင်း ကြေညာခဲ့သည့် အချက်သုံးချက်ကို ဖော်ပြပါ။ ထိုအချက်က ယေရှု၏ဘုရားဖြစ်ခြင်းကို မည်သို့ ထောက်ခံသနည်း။
7. ယောဟန် ၅း၂၃ နှင့် ယောဟန် ၁၅း၅ကို ဟေရှာယ ၄၂း၈ နှင့် နှိုင်းယှဉ်ပါ။ ဘုရားသခင် အတွက်သာ သီးသန့်ဖြစ်သည့် ဘုန်းကြီးခြင်းနှင့် ရိုသေ ခြင်းတို့ ကို သူထိုက်တန်သည်ဟု ပြောသည့်အကြောင်းကို ဆွေးနွေးပါ။

## ၅။ ဘုရားသခင်၏မွေးဖွားခြင်း၊ အသက်တော်စဉ်၊ သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့တက်ကြွသွားခြင်းနှင့် ပြန်ကြွလာခြင်း

ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ရှင်းရှင်းလင်းလင်ဖော်ပြသော အခြားသက်သေသည် သူ၏ သဘာဝလွန်မွေးဖွားခြင်း၏အထိမ်းအမှတ်၊ သူ၏သန့်ရှင်းခြင်းအသက်တာ၊ အပြစ်နှင့်ကင်းစင်ခြင်း၊ သဘာဝလွန် အသက် ရှင်ခြင်း၊ ဘုရားအဖြစ်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ဘုရားသခင်၏ပလ္လင်တော်သို့ တက်ကြွတော်မူခြင်း၊ အံ့သြဖွယ်ပြန်ကြွလာခြင်းတို့ဖြစ်သည်။

### ဘုရားသဘာဝဖြင့် မွေးဖွားခြင်း (Divine Birth)

ယေရှုသည် သဘာဝလွန် ပဋိသန္ဓေစွဲယူပြီး ဘုရားအဖြစ် လူ့ဇာတိကို စတင်ခဲ့သည် (ယော ဟန် ၁း၁၄)။ ဟေရှာယ ၇း၁၄ တွင် ဖော်ပြထားသကဲ့သို့ ဤလောကသို့ ခရစ်တော်ကြွလာခြင်းကို ပရောဖက်ပြုချက်အတိုင်း လက်ခံရပေမည်။ "ဗျာဒိတ်တော်အချက်ဟူမူကား၊ ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည် ဖြင့် မှည့်ရကြလတဲ့ဟု လာသတည်း"။ ယေရှု၏ မွေးဖွားခြင်းသည် အခြား မည်သူနှင့်မျှမတူကြောင်း ကနဦးအသင်းတော်၌ သဘောတူညီမှု ရှိခဲ့သည်၊ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲယူပြီး သတို့သမီးကညာအားဖြင့် မွေးဖွားခဲ့သဖြင့် ထိုသို့မွေးဖွားခြင်းဖြစ်စဉ်သည် အခြား လူသား မည်သူမျှမရှိခဲ့ဖူးပါ။ နောက်နောင်မှာလည်း ရှိလိမ့်မည်မဟုတ်။ မဿဲ ၁း၁၈ အရ၊ မာရိသည် ယောသပ်နှင့် ထိမ်းမြားရန် ဖြစ်သော်လည်း "သူတို့နှစ်ဦးအတူမနေမီ မာရိသည် ပဋိသန္ဓေစွဲယူသည်" ဟု ကျမ်းစာ က ဖော်ပြသည်။

ထိုနောက် ဓမ္မသစ်ကျမ်းမှာ မဿဲ ၁း၂၃ က ဟေရှာယ ရး၁၄ ကို ရည်ညွှန်းပြီး "ဗျာဒိတ် တော်အချက်ဟူမူကား ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလ အမည်ဖြင့် မှည့်ရကြလတံ့ဟုလာသတည်း။ ဧမာနွေလအနက်ကား ငါတို့နှင့် အတူရှိတော်မူသောဘုရားသခင်ဟု ဆိုလိုသတည်း"ဟု ဖော်ပြသည်။ ထို နောက် ရှင်လုကာ ၁း၂၇ မှာ မာရိသည် အပျိုကညာဖြစ်ကြောင်း ဖော်ပြထား သည်။ ထိုအကြောင်းကို အပိုဒ်ငယ် ၃၄ ၌ မာရိ ကိုယ်တိုင် သက်သေခံသည်။ "သင်သည် ပဋိသန္ဓေစွဲယူမည်" ဟု ကောင်းကင်တမန်က မာရိအား ကြား ပြောသောအခါ မာရိက ပြန်မေးသည်၊ "ဤအမှုအရာသည် အဘယ်သို့ ဖြစ် လိမ့်မည်နည်း။ အကျွန်ုပ်ယောက်ျားနှင့် မဆက်ဆံပါဟု ကောင်းကင် တမန်အား ပြန်ပြော၏။" မာရိ သည် "ယောက်ျားနှင့် ဆက်ဆံခြင်း" မရှိသေး ကြောင်း  သိရသည်။ ခရစ်တော်သည် အခြားလူများနှင့် မတူပါ။ သူသည် လူ့အသွေးအသားဇာတိကို ခံယူသောသူ၊ ဘုရားဇာတိပြည့်အဝရှိသည့် လူသား ဖြစ်ပြီး၊ ငါတို့နှင့်အတူရှိသောဘုရား၊ သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် ပဋိသန္ဓေစွဲယူကာ အပျို ကညာအားဖြင့် ဖွားမြင်သောသူဖြစ်သည်။ ထိုအဖြစ်သည် သေတတ်သော လူ့ဇာတိ၏ ကန့်သတ်ချက် ထဲ၌ မဖြစ်နိုင် သောအမှု ဖြစ်သည်။

## ဘုရားသဘာဝဖြင့် အသက်ရှင်ခြင်း (အမှုတော်)

ယေရှုမွေးဖွားပြီးနောက် ဘုရားကဲ့သို့ အသက်ရှင်ခြင်းက သူသည် ဘုရားဖြစ်ကြောင်းကို သက်သေပြသည်။ သူသည် အပြစ်ကင်းမဲ့သောဘဝကို ပိုင်ဆိုင်ပြီး အသက်ရှင်ခဲ့သည် (impeccable အပြစ်မလုပ်နိုင်)။ "အော်သိုဒေါ့ ဓမ္မပညာရှင် (Orthodox theologians) များက ယေရှုသည် မည်သည့်အခါ၌

မှု၊ တစ်ကြိမ်တစ်ခါမျှ အပြစ်ကျူးလွန်ခဲ့ခြင်းမရှိကြောင်း ယေဘုယအားဖြင့် သဘောတူညီ ကြသည်” (Walvoord, 1969) နောက်မှာ အောက်ပါအတိုင်း ဖော်ပြသည်၊

> “ယေရှုသည်အပြစ်မလုပ်နိုင်ဟူသော ခံယူချက်အမှန်သည် ယေရှု၌ စုံစမ်းသွေးဆောင်၍ ရသည့် လူ့ဇာတိမျိုး ယေရှု၌ရှိသည်ဖြစ်၍ ယေရှုခရစ်တော် ရင်ဆိုင်ခဲ့သော စုံစမ်းသွေးဆောင်ခြင်းသည်၊ အစစ်အမှန်ဖြစ်ကြောင်း ဤအချက်က အတည်ပြုသည်။ အာဒံ၏အမှု၌ ဖြစ်ခဲ့ဖူးသ ကဲ့သို့ အကယ်၍ ယေရှု၏လူ့ဇာတိအား သူ၏ ဘုရားဖြစ်ခြင်းဇာတိက မထိန်းသိမ်း ထားခဲ့ပါက ခရစ်တော်၏ လူ့ဇာတိသဘောက ပြစ်မှားမိနိုင်ကြောင်း ရှင်းရှင်းလင်းလင်း တွေ့မြင်ရသည်။ သို့သော်လည်း အပြစ်လုပ်မိနိုင်ခြေရှိခြင်းကို ဘုရားဖြစ်ခြင်းဇာတိက လုံးလုံးလျားလျား ဖယ်ရှားခဲ့သည်။” (Walvoord, 1969, page 149)

ခရစ်တော်သည် အပြစ်လုပ်နိုင်ခြင်းမရှိဘဲ စုံစမ်းနှောင့်ယှက်ခြင်းကိုသာ ရင်ဆိုင်ခဲ့ရသည်။ “စုံစမ်းသွေးဆောင်ခြင်းကို အပြည့်အဝကြုံတွေ့ခဲ့သော်လည်း ခရစ်တော်သည် မိမိကိုယ်ကို ထိန်းချုပ်ခဲ့ ပါသည်။” (Ibid)။

> “သူက အပြစ်မလုပ်နိုင်ဘူး။ ခရစ်တော်ရဲ့လူပုဂ္ဂိုလ်ဖြစ်ခြင်းက စုံစမ်းသွေးဆောင်၍ ရနိုင်ပေ မယ့် သူက အပြစ်ကင်းစင်သော ဘုရားသခင်ရဲ့ သိုးသငယ်အဖြစ် ထာဝရကာလမှစပြီး ခန့်အပ်ခြင်းခံခဲ့ရလို့ သူ့အသက်တာထဲကို အပြစ်တရား ဝင်ရောက်နိုင်ခြေမရှိပါဘူး။” (Ibid, page 152) ။

ထိုအကြောင်းနှင့်စပ်လျဉ်း၍ ၁ကော၊ ၅း၂၁ ၌ ဤသို့ဖော်ပြသည် “အဘယ် ကြောင့်နည်းဟူမူ ကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည်အကြောင်းတည်း” (၁ပေတရု ၂း၂၂) ယေရှုအကြောင်းကို ကျမ်းစာက ဤသို့ ဖာ်ပြထားသည်။ “ထိုသခင်သည် ဒုစရိုက်မပြု၊ နှုတ်တော်၌လည်း မုသာကို ရှာမတွေ့”။ ဟေဗြဲ ၄း၁၅ ကလည်း ယေရှု အကြောင်းကို အလားတူ ဖော်ပြသည် “ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်း တို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့် ကင်းလွတ် တော်မူ၏” ခရစ်တော်သည် ကျွနု်ပ်တို့၏အားနည်းချက် ခံစားမှုနှင့်လည်း အထိတွေ့ရှိခဲ့ဖူးသော်လည်း အပြစ်မလုပ်ခဲ့ပါ။ ခရစ်တော်သည် အပြစ်မလုပ် နိုင်ပါ။ သူပြုခဲ့သော အံ့သြဖွယ်အမှုများက သူ၏ဘုရားဖြစ်ခြင်းကို သက်သေ ထူခဲ့သည်။ တမန်တော်ယောဟန် သေဆုံးပြီးနောက် (၇၇) နှစ်ကြာပြီးနောက် သာဒိမြို့သား Melito က ရေးသားခဲ့သည်မှာ -

> “ခရစ်တော်ဗတ္တိဇံခံယူပြီးတဲ့ချိန် သူရဲ့လုပ်ဆောင်မှု၊ အထူးသဖြင့် သူပြုခဲ့တဲ့ အံ့သြဖွယ်အမှုများက သူ့ကိုယ်ခန္ဓာ၌ ဝှက်ထားသော ဘုရားဖြစ်ခြင်း အရိပ်အယောင်များနှင့် အာမခံချက်ကို လောကသို့ ပြသပေးခဲ့ခြင်းဖြစ်သည်။ (Melito of Sardis, 177 A.D.)

ခရစ်တော်ပြုခဲ့သော အံ့ဖွယ်အမှုများအားလုံးကို စာရင်းပြုစုရန်အတွက်မူ ဤ စာအုပ်၏ ပမာဏမျှနှင့် မလုံလောက်နိုင်ပါ။ အမှန်စင်စစ် သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသည်များကို ယောဟန် ၂၁း၂၅ က ဖော်ပြသည်မှာ “ယေရှု ပြုတော်မူသော အခြားအမှုအရာအများရှိသေး၏။ ထိုအမှုအရာရှိသမျှတို့ကို

အသီးအခြားရေးထားလျှင်၊ မြေကြီးမဆံ့နိုင်အောင် ကျမ်းစာများပြား လိမ့်မည်ဟု ထင်မှတ်ခြင်းရှိ၏။ အာမင်။” သို့သော် ပဗာဏာအားဖြင့် အနည်းငယ် လောက်ဖော်ပြလျှင်ပင် အကျိုးရှိမည်ဖြစ်ကြောင်း သေချာပါသည်။ ကျွန်ုပ်တို့ သခင်ယေရှုက သိပ္ပံပညာ၏နိယာမကို ဆန့်ကျင်ပြီး ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲစေခဲ့သည် (ယောဟန် ၂း၁-၁၁) သူသည် အနာရောဂါအမျိုးမျိုးကို ငြိမ်းစေခဲ့သည်၊ မျက်စိကန်းသောသူတို့ကို မြင်စေခဲ့သည်၊ နားပင်းသောသူတို့ကို နားကြားစေခဲ့သည်၊ စကားဆွံ့အသောသူတို့ကို စကားပြောစေခဲ့သည် (မဿဲ ၁၁း၂-၅။ ၁၅း၃၀။ မာကု ၁း၃၁၊ ၄၄။ ယောဟန် ၉း၁-၇) သေသောသူတို့ကိုလည်း ပြန်ရှင်စေခဲ့သည် (လုကာ ၇း၁၄-၁၅။ လုကာ ၈း၅၄-၅၅။ ယောဟန် ၁၁း၄၃-၄၄။ ယောဟန် ၅း၂၅)။ ယေရှုသည် သဘာဝတရားအပေါ်၌လည်း ဩဇာအာဏာရှိသောသူဖြစ်သောကြောင့် လေနှင့်လှိုင်းတံပိုးများကို ငြိမ်းစေခဲ့ပြီး၊ စကားပြောရုံမျှဖြင့် သစ်ပင်များကို ခြောက်သွေ့စေကာ ရေပေါ် မှာလည်း လမ်းလျှောက်ခဲ့သည် (မာကု ၄း၃၉-၄၁။ ယောဟန် ၆း၁၉-၂၁)။ ယေရှုသည် သူတို့ကို မမြင် ရသည့် အချိန်မှာပင်လျှင် မည်သည့် နေရာ၌ လူများရှိကြသည်ကိုလည်း သိနေခဲ့သည် (နာသနေလ၊ ယောဟန် ၁း၄၈-၄၉)။ အကြောင်းကိစ္စ ဘာကိုမှပြောဆိုခြင်းမရှိဘဲ မည်သူဖြစ်သည်ကို သိခဲ့သည် (ယောဟန် ၄း၂၉)။ ယေရှုက လူဆယ်ယောက်အတွက်ပင် မလုံလောက်နိုင်သော အစားအစာအချို့ ဖြင့် ထောင်နှင့်ချီသောလူအုပ်ကိုလည်း ကျွေးမွေးခဲ့သည်(မဿဲ ၁၄း၁၅-၂၁။ ၁၅း၃၂-၃၈)။ သူပြုခဲ့၏သော နိမိတ်လက္ခဏာကြောင့် “ပြတော်မူသော နိမိတ်လက္ခဏာတို့ကို များစွာသောသူတို့သည် မြင်ရသဖြင့် ကိုယ်တော်ကို ယုံကြည်ခြင်းသို့ ရောက်ကြ၏။”

### ဘုရားမေတ္တာတော်

ငါတို့သခင်ယေရှု၏ လူတို့အပေါ်ထားသည့် ချစ်ခြင်းမေတ္တာနှင့် ကိုယ်ကျိုးစွန့်ခြင်း အသက်တာသည် လူတို့၏သဘောပေါက် နားလည်နိုင်ခြင်းထက် သို့မဟုတ် လူသားတစ်ယောက်၌ ရှိနိုင်သည့် အတိုင်းအတာထက် ကျော်လွန်သည်ဖြစ်၍ ထိုအချက်က ဘုရားသခင်နှင့် သူ၏တန်းတူညီမျှမှုကို အထူးဖော်ပြခြင်း ဖြစ်သည်။ (ဖိလိပ္ပိ၊ ၂း၆)။ ရောမ ၅း၆-၈)မှာလည်း အလားတူ ဖော်ပြသည်။

> "ငါတို့သည် အကျိုးနည်းရှိစဉ်တွင် အချိန်တန်မှ မတရားသောသူတို့အတွက်ကြောင့် အသေခံ တော်မူ၏။ ဖြောင့်မတ်သောသူအတွက်ကြောင့် အသေခံမည့်သူ ရှိခဲ၏။ သူတော်ကောင်းအတွက်ကြောင့် အသေခံဝံ့သောသူရှိကောင်းရှိလိမ့်မည် မှန်စေတော့။ ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော် မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏"

ထိုအကြောင်းနှင့် ပတ်သက်၍ ပေတရုဩဝါဒစာပထမစောင် ၂း၂၂-၂၄ ၌ ဖော်ပြသည်မှာ  သခင်ယေရှုသည် ဆိုးညစ်သော လူတို့၏ ဝိညာဉ်အတွက် သူ၏အသက်ကို မနှမြောဘဲ ပေးခဲ့ သည်။ "ထိုသခင်သည် ဒုစရိုက်မပြု" "ကဲ့ရဲ့ ခြင်းကို ခံရသောအခါ ပြန်၍မကဲ့ရဲ့၊ အသေခံရသောအခါ ခြိမ်းခြောက်ခြင်းကိုမပြု" "ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီ"။ ယောဟန် ၁၀း၁၈ တွင် ဖော်ပြထားသည့်အတိုင်း ကိုယ်ကျိုးစွန့်သော ဤကယ်တင်ရှင်သည် သူ့အလိုမပါဘဲ အတင်းအကျပ်လုပ်ခိုင်းခဲ့သည်မဟုတ် "ငါ့အသက်ကို အဘယ်သူမျှမလုမယူ။ ကိုယ်အလိုအလျောက် ငါစွန့်၏။

ကိုယ်အသက်ကို စွန့်ရသောအခွင့်နှင့် နောက်တစ်ဖန် ကိုယ့်အသက်ကို ယူပြန်ရသော အခွင့်သည် ငါ၌ရှိ၏။ ထိုအခွင့်ကို ခမည်းတော်သည် ပေးတော်မူပြီဟု မိန့်တော်မူ၏" သခင်ယေရှုသည် သူ့အသက်ကို သူ့ဆန္ဒအလျောက် ပေးခဲ့သည်။ နာကြည်းဖွယ်ကောင်းသော သေခြင်းအလယ်၌ စိတ်သောကရောက်၍ ကြွေးကြော်ခဲ့သည်မှာ "အိုအဘ၊ အလိုတော်ရှိလျှင် ဤခွက်ကို အကျွန်ုပ်မှ လွှဲတော်မူပါ။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည့် အတိုင်း ဖြစ်ပါစေသောဟု ဆုတောင်းတော်မူ၏ (လုကာ၊ ၂၂း၄၂)။ သခင်ယေရှုသည် မတွေးတောနိုင်သော ရက်စက်ကြမ်းကြုတ်မှုနှင့် အရှက်ခွဲခြင်းကို ခံခဲ့ရသည်၊ စဉ်းစားမရနိုင်လောက်အောင် ရက်စက် စွာ နှိပ်စက်ခြင်း၊ အသားကို သူ၏ကိုယ်ခန္ဓာမှ ခွဲထွက်ဆုတ်ပြဲသွားသည်အထိ ရိုက်နှက်ခြင်း၊ ရုပ်ပျက်ဆင်းပျက်ဖြစ်သည်အထိ ထိုးနှက်ခြင်း၊ တံထွေးဖြင့်ထွေးခြင်းနှင့် မုတ်ဆိတ်နှုတ်ခြင်းကိုလည်း ခံရသည့်အပြင် နဖူးရေပေါ်၌ အသွေးတော်ယိုစီးသွားသည်အထိ သူ၏ခေါင်းပေါ်၌ ဆူးပင်ဦးရစ်သရဖူကို ဖိဆွဲစွပ်ချခြင်း၊ လက်ဝါးကပ်တိုင်ပေါ်တွင် သူ၏လက်နှင့်ခြေထောက်များကို သံမှို ရှည်ဖြင့် ရိုက်နှက်ချိတ်ဆွဲထားခြင်းတို့ကို ခံခဲ့ရသည်။

ထို့အပြင် ကျမ်းစာဖော်ပြသည့်အတိုင်း ဘုရားသခင်သည် ပြင်းထန်သော သူ၏အမျက်ဒေါ သလွှိုင်းတံပိုးကို စေလွှတ်ခြင်းဖြင့် ခရစ်တော်သည် သူ့အပေါ်၌တင်ထားသော လူတို့၏ အပြစ်များကြောင့် ဘုရားသခင်၏ အပြစ်ဒဏ်ခတ်ခြင်းခံခဲ့ရပြီး ဘုရားသခင်သည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ကျွန်ုပ်တို့၏ဒုစရိုက်အပြစ်ဝတ်လုံဝတ်ထားသော သားတော်ကို အဖခမည်းတော်က သူ၏မျက်နှာကို လွှဲခဲ့သည်။ (ဟဗက္ကုပ်၊ ၁း၁၃ ကို ကြည့်ပါ)၊ သူ၏ ထာဝရ ချစ်မြတ်နိုးသောသားတော်နှင့် မိမိကိုယ်ကို ခွဲခြား နေခဲ့သည်။

ထိုဖြစ်ရပ်များ မဖြစ်မီ ဤအရာအလုံးစုံတို့ကို ယေရှုသည် ကြိုသိနှင့်ခဲ့ပြီး အဘယ်သေခြင်းမျိုးဖြင့် သေရမည်အကြောင်းကို တပည့်တော်များအား ကြိုတင်ပြောပြခဲ့သည်။ ထိုသေခြင်းလမ်းကို ကြိုသိသော်လည်း ယေရှုသည် သူ့ဆန္ဒအတိုင်း ဆက်လျှောက်ခဲ့သည်။ ထိုသို့ သေတတ်သော လူတို့နားမလည်နိုင်သည့် မေတ္တာအားဖြင့်.....

> "ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်သော အရာကို မမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော်လက်ျာဘက်၌ ထိုင်နေတော်မူ၏" (ဟေဗြဲ ၁၂း၂)

ဝမ်းမြောက်ခြင်းအကြောင်းကြောင့်ဟု ဖော်ပြနေသည်တွင် မည်သည့် ဝမ်းမြောက် ခြင်း ဖြစ်မည်နည်း။ ဤဝမ်းမြောက်ခြင်းသည် လမ်းလွဲဖောက်ပြန်သော၊ အပြစ်ဝန်ကို ထမ်းရွက်သော၊ ကျေးဇူးကန်းသော ကမ္ဘာကို ကယ်တင်ရန်မိမိအသက်ကို စွန့်ခြင်းအားဖြင့် ခမည်းတော်၏ဘုန်းတော်ကို ထင်ရှား စေခြင်းတည်းဟူသော ဝမ်းမြောက်ခြင်းဖြစ်သည်။ ထိုးကြိတ်ရိုက်နှက်ခြင်းခံရသော ကယ်တင်ရှင်သည် ကျွန်ုပ်တို့ချိတ်ဆွဲခြင်းခံသင့်သည့်နေရာ၌ ကိုယ်စားချိတ်ဆွဲခြင်းခံရသည်နှင့်အမျှ သနားညှာတာခြင်းကင်းမဲ့စွာ ရက်ရက်စက်စက် အရှက်တကွဲ ပြောင်လှောင်ပြက်ရယ်ပြုခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းကို ခံပြီးနောက် ငါတို့၏ သခင် ယေရှုသည် ထိုအမှုကိုပြုသောသူတို့အား ကြည့်ကာ ဤသို့ ရှင်းပြမရသောအရာကို အောက်ပါအတိုင်း မြွက်ဆိုခဲ့သည်၊ "အိုအဘ၊ သူတို့၏ အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြဟု မြွက်ဆိုတော်မူ၏" (လုကာ ၂၃း၃၄)။ ဤသည်မှာ အလွန်ကောင်းမြတ်သည့် သဘာဝလွန် ချစ်ခြင်း မေတ္တာကို

ကားတိုင်ပေါ်တွင် ဖော်ပြပြီး မိမိကိုယ်ကိုအောက်ခြေသို့ နှိမ့်ချကာ ပဿခါ ပွဲ၏ သိုးသငယ်တော်ကယ်တင်ရှင်သည် ကျွန်ုပ်တို့၏အပြစ်များကို ဖြေလွှတ် ရန် ယဇ်ပူဇော်ခဲ့သည်။ ဤချစ်ခြင်းမေတ္တာသည် ဘုရားမေတ္တာမှလွဲ၍ မည် သည့်အရာမျှ မဖြစ်နိုင်ပါ။

## သူ၏သေခြင်း

ရှေ့ဦးစွာ ယေရှုခရစ်၏သဘာဝလွန်သေခြင်းနှင့်ပတ်သက်၍ Walvoord က ဖော်ပြသည်မှာ၊

"တစ်ချိန်ချိန် သို့မဟုတ် ထာဝရကာလ၌ ဖြစ်ခဲ့ဖူးသည့် အဘယ် အမှုမှ ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းအမှု အရေးကြီးပုံနှင့် နှိုင်းစရာမရှိပါ။" (Walvoord, 1969)။

ဤအရေးပါသော အံ့သြဖွယ်အဖြစ်အပျက်များနောက်ကွယ်၌ သဘာဝလွန် ဖြစ်ရပ် အများအပြားသည် တစ်ပြိုင်တည်း ဖြစ်ပျက်ခဲ့သည်။ သခင်ယေရှု သည် သူ၏နောက်ဆုံးစကားလုံးကို မြွက်ဆိုပြီးနောက် "အသက်ချုပ်သော အခါ" (လုကာ ၂၃း၄၆)၊

1. ထိုအခါ ဗိမာန်တော်၏ ကုလားကာသည် အထက်စွန်းမှအောက်စွန်း တိုင်အောင် စုတ်ကွဲလေ၏။ မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏ (မဿဲ ၂၇း၅၁)။ ခန့်မှန်းခြေအားဖြင့် ထိုကုလားကာသည် (၇) လက်မခန့် ထူသည်။
2. "မြေကြီးလှုပ်ခတ်ခဲ့သည်" (Ibid)
3. "ကျောက်များကို အပိုင်းပိုင်းကွဲပြတ်ကြ၏" (Ibid)
4. "သင်္ချိုင်းများလည်း ပွင့်လစ်ခဲ့ကြသည်" (မဿဲ ၂၇း၅၂)

ဗိမာန်တော်၏ ကုလားကာသည် ဘုရားသခင်ရွေးချယ်သော ယုဒလူမျိုးများ အတွက် ကြောက်မက်ဖွယ်ဖြစ်ရပ်၊ ခေရုဗိမ်၏အတောင်တို့အကြား၌ ဘုရား သခင် ကြွလာတော်မူသည့်နေရာ၊ ပဋိညာဉ်သေတ္တာရှိရာ အသန့်ရှင်းဆုံးဌာန တော်ကို ခွဲခြားပေးသည်။ အသန့်ရှင်းဆုံးဌာနတော်သည် တစ်နှစ်တစ်ကြိမ် အသွေးပူဇော်သည့်အချိန်တွင် ယဇ်ပုရောဟိတ်မင်းသာလျှင် ဝင်ခွင့်ရသည်။ သို့သော်လည်း၊ သန့်ရှင်း သောဘုရား၊ ကယ်တင်ရှင်နှင့် အကြီးဆုံးယဇ်ပုရော ဟိတ်မင်းဖြစ်သည့် ဘုရားသခင်သိုးသငယ်တော် ၏ ယဇ်ပူဇော်ခြင်းအားဖြင့် လူနှင့်ဘုရားစပ်ကြားရှိ ခွဲခွာခြင်းအမှုကို ထာဝရအတွက် အောင်မြင်ခဲ့ပြီး အပြစ်မှနောင်တရသော အပြစ်သားများနှင့် သန့်ရှင်းသူတို့အားလုံးက ဘုရားသခင်၏ မျက်မှောက်တော်သို့ အချိန်မရွေး တိုးဝင်ချဉ်းကပ်ခွင့်ကို ရစေပါသည်။ သူ၏အသေခံခြင်းက မြေလျှင်လှုပ်ခြင်းနှင့် ကျောက်များ အပိုင်းပိုင်းကွဲမြတ်ခြင်းတို့ကို ဖြစ်စေခဲ့သည် (၃ရာဇဝင် ၁၉း၁၁၊ တောလည် ရာ ၁၆း၃၂)။ ဤအဖြစ်အပျက်၏ မျက်မြင်သက်သေများက ထိုမြေလျှင် လှုပ်ခြင်းကိုမြင်၍ ကြောက်ရွံ့ထိတ်လန့်ခဲ့ သည့် သခင်ယေရှုကိုစောင့်သော တပ်မှူးလည်းရှိနေခဲ့သည်။ ထိုသူပြောခဲ့သည်မှာ၊ "စင်စစ် ဤသူသည် ဘုရား သခင်၏သားတော်မှန်ပေ၏။" အနန္တတန်ခိုးရှင်ဘုရားသခင်၏ အမှတ်အသား ကိုဆောင်သော ဤမှုအရေးပါသော သဘာဝလွန် အဖြစ်ပျက်သည် သခင် ယေရှု၏ အသေခံခြင်းနှင့်အတူ ဖြစ်ပျက်ခဲ့လေသည်။

## ရှင်ပြန်ထမြောက်ခြင်း

ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း နံနက်စောစောတွင် မြေကြီး သည် ကြီးစွာလှုပ်ပြီး "သင်္ချိုင်းများလည်း ပွင့်လစ်ခဲ့ကြသည်" (မဿဲ ၂၇း၅၂) ထိုနောက် "သန့်ရှင်းသူတို့၏ အလောင်းများစွာတို့သည် သင်္ချိုင်းတွင်းမှ

ထမြောက်၍ သန့်ရှင်းသောမြို့ထဲသို့ ဝင်ပြီးလျှင်၊ လူများစွာတို့အား ထင်ရှားကြ၏" (မဿဲ၊ ၂၇း၅၂-၅၃) ယောဟန် ၅း၂၁ ၌လည်း ဤသို့ဖော်ပြသည်၊ "ခမည်းတော်သည် သေလွန်သောသူတို့ကို ထမြောက်ကာ ရှင်ပြန်စေတော်မူသကဲ့သို့၊ ထိုနည်းတူ သားတော်သည်လည်း အလိုရှိသမျှသောသူတို့ကို ရှင်စေ၏။" ဤရှင်ပြန်ထမြောက်လာ သူတို့သည် လူအများရှေ့မှာ ထင်ရှားခဲ့ကြသည်။ (မဿဲ ၂၇း၅၃) ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းက သူ၏ ဘုရားဖြစ်ခြင်းကို သက်သေခံသည်။ ၁ကော၊ အခန်းကြီး ၁၅ အပိုဒ်ငယ် ၁-၈ တွင် ပေါလုက ယေရှုရှင်ပြန် ထမြောက်ခြင်းကို မြင်သောသူတို့ကို ဖော်ပြရာ၊ ကေဖသည် ကိုယ်တော်ကို မြင်ပြီးမှ တပည့်တော် (၁၂)ယောက်က မြင်ကြသည်။ ထို့နောက် ညီအစ်ကိုငါးရာမကသော လူတို့က "တစ်ပြိုင်နက်" တည်း မြင်ကြ၏။ ထိုနောက် ယာကုပ်နှင့်တမန် တော်အားလုံးက မြင်ပြီးမှ နောက်ဆုံးတွင် ပေါလုကိုယ်တိုင်လည်း မြင်ခဲ့သည့်အကြောင်း ဖော်ပြထားသည်။ ထိုအကြောင်းအရာမှန်ကန်ကြောင်း ထောက်ပြသောအားဖြင့် ထိုသူတို့တွင် အများသောသူတို့ သည် ယခုတိုင်အောင် အသက်ရှင်သေးသည်ဟု ထိုသဘာဝလွန်အဖြစ်အပျက်ကို "မျက်မြင်ကိုယ်တွေ့ သက်သေများ" ရှိသေးသည့်အကြောင်းကို ပေါလုက ဖော်ပြသည်။ တမန်တော် ၁း၃ က ရှင်းလင်းစွာ ဖော်ပြသည်မှာ၊

"အသေခံတော်မူပြီးလျှင်၊ တမန်တော်တို့အား အရက်လေးဆယ်ပတ်လုံးကိုယ်ကိုပြ၍ ဘုရား သခင်၏ နိုင်ငံတော်နှင့်စပ်ဆိုင်သောအရာတို့ကို မိန့်မြွက်တော်မူလျက်၊ မိမိအသက်ရှင်သည်အကြောင်းကို ခိုင်ခံ့သော သက်သေ အများအားဖြင့် ပြတော်မူ၏။"

ယောဟန် ၂း၁၉ တွင် သူ၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ယေရှုက ကြိုတင်မိန့်ဆိုခဲ့သည်။ ထိုနောက် မဿဲ ၁၂း၄၀ မှာ ယေရှုက ဤသို့ပြော သည်၊ "ယောနသည် ငါးကြီးဝမ်းထဲမှာ သုံးရက်နေရသကဲ့သို့၊ လူသားသည် မြေကြီးထဲမှာသုံးရက်နေရလတံ့။" ယေရှု၏ ကြိုတင်ပရောဖက်ပြုချက်နှင့် ထိုစကားကို သူ၏ကိုယ်ခန္ဓာသေခြင်းမှထမြောက်ခြင်းအားဖြင့် ပြည့်စုံ ခဲ့သည့်အဖြစ်က ယေရှု ဘုရားဖြစ်ခြင်းကို နောက်ထပ်ရှင်းလင်းပြတ်သားစွာ ဖော်ပြသည်။ ငါတို့၏ ရွေးနှုတ်ကယ်တင်ခြင်းကို လည်း ထိုထမြောက်ခြင်းက သေချာစွာ တံဆိပ်ခတ်ခဲ့သည်၊

> "သေသောသူတို့သည် ထမြောက်ခြင်းမရှိလျှင်၊ ခရစ်တော်သည် ထမြောက်တော်မမူ။ ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ ငါတို့ဟောပြောခြင်း၌ အကျိုးမရှိ သင်တို့ယုံကြည် ခြင်း၌လည်း အကျိုးမရှိ" (၁ကော ၁၅း၁၃-၁၄)။

ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းကို ကြိုတင်ပရောဖက်ပြုခြင်းရှိခဲ့သည်၊ သဘာဝလွန် ဖြစ်ပျက် ခဲ့ပြီး၊ ကျွန်ုပ်တို့ကောင်းကြီးမင်္ဂလာဖြစ်ရန်နှင့် သူ၏ ဘုန်းတော်ထင်ရှားရန်အတွက် ကျွန်ုပ်တို့၏ ရွေးနှုတ်ခြင်းမျှော်လင့်ချက် ကတိတော်ကိုလည်း တံဆိပ်ခတ်ပေးခဲ့သည်။

## ကောင်းကင်သို့တက်ကြွသွားခြင်း

ထိုနောက်၊ နောက်ဆုံးအချက်အဖြစ် ကောင်းကင်သို့တက်ကြွသွား ခြင်းက သခင်ယေရှုသည် ဘုရားသခင်ဖြစ်ကြောင်းကို နောက်ထပ်သက်သေ ထူပေးနေသည် (၂တိမောသေ ၄း၁)။ ခရစ်တော်သည် တပည့်တော်များရှေ့၌ နောက်ဆုံးကိုယ်ထင်ရှားပြသပြီးမှ "သခင်ဘုရားသည် အထက်သို့ ဆောင်ယူ

ခြင်းကို ခံတော်မူ၍၊ မိုဃ်းတိမ်သည် ကိုယ်တော်ကိုမျက်ကွယ်အောင် ခံယူလေ၏” (တမန်တော် ၁း၉)။ တပည့်တော်တို့သည် အထက်သို့ ယေရှု၏ အထက်သို့ယူဆောင်ခြင်းခံသည့်အချင်းအရာကိုကို ကြည့်ရှုနေကြစဉ်တွင် ကောင်းကင် တမန်တို့က “သင်တို့နှင့်ခွါ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် သင်တို့ မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော်မူသည်နည်းတူ တစ်ဖန်ကြွလာတော်မူလတံ့” ဟု ပြောဆိုခဲ့ကြသည်။ လောက၌ အမှုဆောင်နေစဉ် အသေမခံမီကတည်းကပင် ကောင်းကင်သို့ ချီဆောင်ခြင်းနှင့် တဖန်ပြန်ကြွလာမည်အကြောင်းကို ယေရှုက ကြိုတင်ဟောကြားခဲ့သည် (ယောဟန် ၁၄း၃)။ သေခြင်းမှ ရှင်ပြန်ထမြောက်ပြီး ကောင်းကင်သို့ချီဆောင်ခြင်းခံလိမ့်မည်ဖြစ်ကြောင်း ယေရှုက ကြိုတင်ဟောခဲ့သည် (ယောဟန် ၂၀း၁၇)။ Walvoord က ဖော်ပြသည်မှာ-

> “သူ၏ကောင်းကင်သို့တက်သွားခြင်းသည် လောက၌နေစဉ် သူလုပ်ခဲ့သောအလုပ်နှင့်ကောင်း ကင်သို့ တက်ပြီးမှ ကောင်းကင်၌ စတင်ခဲ့သော သူ၏အလုပ်နှစ်ခုကို ဆက်စပ်ပေးသော အရေးကြီးသည့် အချိတ်အဆက်ဖြစ်သည်။” (Walvoord, 1969)

ယေရှုကောင်းကင်သို့တက်ခြင်းသည် ကြိုတင်ပရောဖက်ပြုကာ အတည်လည်းပြုခဲ့သည့် အကြောင်းကို တမန်တော်အခန်းကြီး(၁)၌ တပည့်တော်များက သက်သေခံခဲ့ကြသည်။ ကောင်းကင်၌ ပထမအကြိမ် ချီးမြောက်ခြင်းခံရသည်၊ “ထိုသို့ဘုရားသခင်သည် လက်ျာလက်တော်နှင့် ချီးမြှောက် တော်မူသဖြင့်” (တမန်တော် ၂း၃၃။ ဖိလိပ္ပိ ၂း၉)။ ခရစ်တော်သည် အလွန်ချီးမြှောက်ခြင်းကိုခံ၍ “ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမတော်” ကိုရ၏၊ အကြောင်းမှာ “ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌

ရှိသောသတ္တဝါတည်းဟူသော ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်” ရန် ဖြစ်သည်။ ဒုတိယအချက်အနေဖြင့်၊ သူသည် တန်ခိုးတော်၏ လက်ျာဘက်၌ ထိုင်တော်မူ၏ (မာကု ၁၄း၆၂)။ ထိုနောက် ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်ကောင်း စီရင်ပိုင်သော အခွင့်ရှိသမျှကို ရရှိသည်။ (မဿဲ ၂၈း၁၈) ထို့အပြင် ကောင်းကင်သို့ တက်သွားသောထိုယေရှုသည် ခပ်သိမ်းသောအရာတို့အထက်၌ ချီးမြှောက်ခြင်းနှင့် ခပ်သိမ်းသောအရာတို့၏ ကိုးကွယ်ခြင်းကို ခံရပြီး အရာခပ်သိမ်းတို့အထက်၌ အုပ်စိုးရသောအခွင့်အာဏာ ကို ပိုင်သသောသူလည်းဖြစ်သည်။ ဤသည် ဘုရားသခင်၊ “အနန္တတန်ခိုးရှင်” ဘုရားသခင်သာလျှင် အမှန်တကယ် ဖြစ်နိုင်သည်။ နောက်ဆုံးချက်အနေဖြင့် ကောင်းကင်သို့တက်သွားသော ခရစ်တော်သည် “ဒုစရိုက်အပြစ်များအတွက် ကိုယ်စားပြု” ဆုတောင်းပေးနေသည်။ (ဟေရှာယ ၅၃း၁၂)

“အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ခံသည်သာမက၊ သေခြင်းမှ ထ မြောက်၍ ဘုရားသခင်၏ လက်ျာတော်ဘက်၌နေလျက်၊ ငါတို့အတို့ဆုတောင်းသော သူ ကား ခရစ်တော်ပေတည်း”
(ရောမသြဝါဒစာ ၈း၃၄)။

ယေရှု၏ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏ချစ်ခြင်းကို မည်မျှကိုယ်စားပြုသနည်း။ အရှင်ယေရှုသည် အပြစ်သားများအတွက် အံ့သြဖွယ်ကောင်းသော မေတ္တာတော်နှင့် ကျွန်ုပ်တို့ဘက်၌ ရပ်လျှက် ကောင်းကင်နိုင်ငံတော်၌ ကျွန်ုပ်တို့၏ရှေ့နေအဖြစ် အယူခံဝင်ပေးနေသည်။

## မကြာမီ ပြန်ကြွလာမည်

နောက်ဆုံးချက်အနေဖြင့် ယေရှုသည်ဘုရားသခင်ဖြစ်ကြောင်းသည် သူ၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ တက်သွားခြင်းသာမက မကြာမီပြန်ကြွလာခြင်းကလည်း သူ၏ "အနန္တတန်ခိုးရှင်" ဘုရားဖြစ်ခြင်း၊ မြေကြီးနှင့်လောကသားတို့ကို ဖြောင့်မတ်ခြင်းတရားဖြင့် တရားစီရင်မည့်သူ (ဟေဗြဲ ၁၂း၂၃ ကို ယောဟန် ၅း၂၂၊ ၂၇ နှင့် နှိုင်းယှဉ်ပါ)ဖြစ်သည့် အကြောင်းကို ဖော်ပြသည်။ (ဆာလံ ၉၆း၁၃)

"ထိုအခါ လူသား၏ နိမိတ်လက္ခဏာသည် ကောင်းကင်၌ ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြ၍ လူသားသည် ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော် ကို ဆောင်လျက် မိုးတိမ်ကိုစီး၍ ကြွလာတော်မူသည်ကို မြင်ရကြလိမ့်မည်" (မဿဲ ၂၄း၃၀)

ယေရှုသည် ကောင်းကင်မှပြန်ကြွလာသောအခါ "ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ" ပြန်ကြွလာလိမ့်မည် (၁ သက်သာ လောနိတ် ၄း၁၆)။ ဤ "တံပိုးမှုတ်" အသံပြုခြင်းသည် လူတို့ကိုတွေ့ဆုံရန် မိုးချုန်းသံနှင့် မိုးကြိုးပစ်ခြင်းတို့နှင့်အတူ ယေဟောဝါဘုရားရှင် ကြွလာခြင်းကို ကြိုဆိုသည့်အခါ ဣသရေလအမျိုးတို့က အသုံးပြုခဲ့သည့်အရာဖြစ်သည်။ ထိုအသံကို ကြားသောအခါ သူတို့သည် ကြောက်ရွံ့တုန်လှုပ်လျက် နေခဲ့ကြသည် (ထွက်မြောက်ရာ ၁၉း၁၆)။ ဤအမှုသည် ယေရိခေါမြို့ရိုး (ယောရှုမှတ်စာ ၆)နှင့် ဂိဒေါင်၏ မိဒျန်လူမျိုးကိုအနိုင်ရပြီး မြို့ရိုးကိုဖြိုဖျက်သောအခါ ဘုရားသခင်ပြုသောအမှုတော်ကို ချီးကျူးကြားပြောရာတွင် အသုံးပြုခဲ့သည့် အရာလည်းဖြစ်သည် (တရားသူကြီးမှတ်စာ ၇)။

သခင်ယေရှု ပြန်ကြွလာသောအခါ "ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်" (၁ သက်သာလောနိတ် ၄း၁၆)။ ထိုသူတို့သည် ခရစ်တော်၌သေသောသူများဖြစ်၍ ခရစ်တော်၏ လူဇာတိသေခြင်းအားဖြင့် သူရွေးနှုတ်ပိုင်ဆိုင်သောသူများဖြစ်ကြသည်။ ထိုနောက် အပိုဒ်ငယ်-၁၇ မှာ ကျမ်းစာဖော်ပြသည့်မှာ အသက်ရှင်၍ ကျန်ကြွင်းသောသူတို့သည် "အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှါ၊ ထိုသူတို့နှင့် တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရခြင်းကြလိမ့်မည်"။ ထိုသူတို့သည် ငါတို့၏ ကယ်တင်ရှင်သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်။ ထိုသူတို့သည် သခင်ဘုရားကသိခဲ့ရသောသူ၊ သိုးသငယ် မင်္ဂလာဆောင်ပွဲ၏ တန်ဆာကို ဝတ်ဆင်သောသူများဖြစ်ကြသည် (ဗျာဒိတ် ၁၉း၇-၉။ မဿဲ ၂၂း ၁-၁၄)။ ဘုရားသခင် ဆင်းသက်သကဲ့သို့ သူသည် ဆင်းသက်လာပြီး ဘုရားသခင် တရားစီရင်သကဲ့သို့ သူသည်လည်း တရားစီရင်လိမ့်မည်။ သေသောသူနှင့်အသက်ရှင်သောသူ၊ ယေရှုသိခဲ့သောသူတို့သည်လည်း သခင်ယေရှုနှင့်အတူ အစဉ်မပြတ်နေရန် စုဝေးစေခြင်းငှါ သူသည်ကြွလာလိမ့်မည်မှာ မေးခွန်းထုတ်စရာမရှိအောင် ရှင်းလင်းလှပါပြီ။ သူပြန်ကြွလာသောအခါ ယေရှုသည် ရာဝေ ထာဝရဘုရားသခင်အဖြစ် ကြွလာမည်ဖြစ်ကြောင်း ကျမ်းစာ၌ ရှင်းလင်းစွာ ဖော်ပြထားသည်။

## ၅။ ဘုရားသခင်၏မွေးဖွားခြင်း၊ အသက်တော်စဉ်၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့တက်ကြွသွားခြင်းနှင့် ပြန်ကြွလာခြင်းမှ

(ဆွေးနွေးချက် မေးခွန်းများ)

1. ခရစ်တော်၏မွေးဖွားခြင်းသည် သဘာဝလွန်ဖြစ်ပြီး အခြားသူများ မွေးဖွားခြင်းနှင့် အဘယ်ကြောင့် မတူညီသနည်း၊ ရှင်းပြပါ။ ထိုအချက်ကို ထောက်ခံသည့် ကျမ်းချက်များကို ပြုစုပါ။
2. ယေရှုခရစ်၏သက်တော်စဉ်သည် ဘုရားကဲ့သို့ပင် ဘုရားဇာတိဖြစ်ခြင်း ဟူသည့်အချက်ကို ဆွေးနွေးပါ။ ကျေးဇူးပြုသူ၏ အပြစ်ကင်းစင်မှုနှင့် သူပြုသောနိမိတ်လက္ခဏာအကြောင်းကို ဆွေးနွေးပါ။ ထိုအကြောင်းကို ထောက်ခံသည့် ကျမ်းချက်များကို ပြုစုပါ။
3. သခင်ယေရှုခရစ် အသေခံခြင်းနှင့် ထိုအဖြစ်က သူ၏ဘုရားဖြစ်ခြင်းကို အဘယ်ကြောင့် ထောက်သည်ကိုဆွေးနွေးပါ။ ထိုအကြောင်းကို ထောက်ခံသည့် ကျမ်းချက်များကို ပြုစုပါ။ သူ သေဆုံးချိန်၌ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များနှင့် ၎င်းတို့က သူဘုရားဖြစ်ကြောင်း ကြေညာခဲ့သည့် အချက်ကို မည်သို့ထောက်ခံသည့်အကြောင်း အသေးစိတ်ဆွေးနွေးပါ။
4. သခင်ယေရှု၏ ထမြောက်ခြင်းနှင့် ၎င်းထမြောက်ခြင်းက သူ၏ဘုရားဖြစ်ခြင်းကို အဘယ်ကြောင့် သက်သေပြသည်ကို ဆွေးနွေးပါ။ သခင်ယေရှု ထမြောက်ခြင်းအကြောင်း ကြိုတင်ပရောဖက်ပြုချက် အပါအဝင်၊ သူ၏ ရှင်ပြန်ထမြောက်ခြင်း ဖြစ်စဉ်များကို သက်သေပြနေသည့် ကျမ်းချက်များကို ပြုစုပါ။
5. ယေရှု၏ရှင်ပြန်ထမြောက်ခြင်းနှင့် ထိုအချက်၏ သက်သေအထောက်အထားများကို ကျမ်းချက်နှင့်အတူ ဆွေးနွေးပါ။

6. သခင်ယေရှုခရစ်၏ ကောင်းကင်သို့တက်ကြွခြင်းနှင့် ထိုအချက်က သူ၏ ဘုရားဖြစ်ခြင်းကို အဘယ်ကြောင့် သက်သေဖြစ်ရသည်ကို ဆွေးနွေးပါ။ ကျမ်းစာ၌ပါသော ပရောဖက်ပြုချက် အပါအဝင် အထောက်အကူပြုမည့် ကျမ်းချက်များစာရင်းကို ပြုစုပါ။
7. သခင်ယေရှု၏ ပြန်ကြွလာမည့်အကြောင်းနှင့် ထိုအချက်က သူသည် ယေဟောဝါ ဘုရားသခင်ဖြစ်သည့်အကြောင်း အဘယ်သို့ထောက်ခံသည်ကို ဆွေးနွေးပါ။ ကျမ်းစာ၌ပါသော ပရောဖက်ပြုချက်အပါအဝင် အထောက်အကူပြုမည့် ကျမ်းချက်များစာရင်းကို ပြုစုပါ။

## ၆။ ဘုရားဖြစ်ခြင်း၏ ဂုဏ်အင်လက္ခဏာများ

ယေရှုခရစ်၏ဘုရားဂုဏ်ရည်တော်များသည် ထာဝရဘုရားသခင်နှင့်အတူ မျှဝေအသုံးပြုသည်ကို ခရစ်ဝင်ကျမ်းများက ရှင်းလင်းစွာဖော်ပြ၍ ပြတ်သားစွာလည်း ကြေညာထားကြသည်။

**တစ်ချိန်တည်းတွင် နေရာတိုင်း၌ရှိခြင်း (Omnipresent)**

သူသည် တစ်ချိန်တည်းတွင် နေရာတိုင်းမှာ ရှိသည့်အကြောင်းကို ဖော်ပြထားသည်။ McDowell နှင့် Larson တို့က အောက်ပါအတိုင်း ရေးသားသည်၊

"ဘုရားသခင်သည် ပုဂ္ဂိုလ်တော်ဖြင့် တစ်ချိန်တည်းတွင် နေရာတိုင်း၌ ရှိသည်ဖြစ်၍ သူ့လူများ၏ အနက်ရှိုင်းဆုံးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ကူညီခြင်း၊ ကယ်တင်ခြင်းနှင့် ကာကွယ်ခြင်းတို့ကို ပြုလုပ်နိုင်သကဲ့သို့ ယေရှုသည်လည်း တစ်ချိန်တည်းတွင် နေရာတိုင်းမှာ ရှိသည်ဟု ဓမ္မသစ်ကျမ်းစာက ဖော်ပြထားသည်။" (McDowell and Larson 1983)

ရာဝေထာဝရဘုရားသခင်အကြောင်းကို ဆာလံ ၁၃၉း၇ ၌ဖော်ပြသောအခါ ဓမ္မဟောင်းကျမ်းက အောက်ပါအတိုင်း ကြေညာသည်၊ "ဝိညာဉ်တော်နှင့် လွတ်ခြင်းအလိုငှါ အဘယ်အရပ်သို့ သွားနိုင်ပါမည်နည်း။ မျက်နှာတော်နှင့် လွတ်ခြင်းအလိုငှါ အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။" ထိုနောက် ဘုရားသခင်သည် ကောင်းကင်ဘုံ၌လည်းကောင်း၊ မရဏာနိုင်ငံ၌ လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာ စွန်း၌လည်းကောင်း ရှိတော်မူ၏ဟု ဆက်လက်၍ ဖော်ပြထားသည်။ ယောဟန် ၃း၁၃ ဖော်ပြသည်မှာ "ကောင်းကင်ဘုံက ဆင်းသက်၍ ကောင်းကင်ဘုံ၌ရှိနေသော လူသားမှတပါး အဘယ်သူမျှ

ကောင်းကင် ဘုံသို့ မတက်ပြီ။" ထိုကြောင့် ယေရှုသည် တစ်ချိန်တည်းတွင် "ကောင်းကင်ဘုံနှင့်" မြေကြီးပေါ် နှစ်နေ ရာစလုံး၌ ရှိတော်မူသည်။ မဿဲ ၁၈း၂၀ ၌လည်း ဖော်ပြသည်မှာ "အကြောင်းမူကား၊ အကြင်အရပ်၌ လူနှစ်ဦး သုံးဦးတို့သည် ငါ၏နာမကိုထောက်၍စည်းဝေးကြ၏၊ ထိုအရပ်၌ သူတို့ အလယ်မှာ ငါရှိသည်ဟု မိန့်တော်မူ၏။" ယေရှုခရစ်သည် ကယ်တင်ခြင်း ခံရသော ဘုရားသခင်၏သန့်ရှင်းသူတို့၏ နှလုံးသားထဲ၌လည်း ကျိန်းဝပ် သည် (၂ကော၊ ၁၃း၅)။ ယောဟန် ၈း၅၈ တွင် ယေရှုက "ငါအမှန်အကန် ဆိုသည်ကား၊ အာဗြဟံမဖြစ်မီ ငါဖြစ်၏"ဟု မိန့်ဆိုခဲ့သည်။ အချိန်နှင့်နေရာ ကန့်သတ်မရသော ဘုရားသခင်၏ မျက်မှောက်တော်အကြောင်းကို ဖော်ပြ ပြီး၊ ဘုရားသခင်အတွက်သာ အသုံးပြုသောဂုဏ်ပုဒ်ဖြစ်သည့် တစ်ချိန် တည်းတွင် နေရာတိုင်းမှာရှိခြင်းဟူသော ဘွဲ့နာမကို သူယူခဲ့သည်။ ယေရှု ခရစ်သည် ရုပ်ခန္ဓာ အားဖြင့် (ကောင်းကင်ဘုံနှင့်မြေကြီးပေါ်၌)၊ ဝိညာဉ် အားဖြင့် (ထိုသူတို့၏အလယ်၌)နှင့် ယေဘုယျ သဘောဖြင့် (အဆုံးတိုင် အောင်) လည်းကောင်း တစ်ချိန်တည်းတွင် နေရာတိုင်း၌ ရှိတော်မူသည်။

## အရာခပ်သိမ်းကို သိခြင်းပညာ (Omniscience)

ယေရှုသည် ဘုရား၏ဂုဏ်တော်တပါးဖြစ်သည့် အရာခပ်သိမ်းကို သိခြင်းပညာ (အရာ အားလုံးသိခြင်း) ကို ဘုရားသခင်နှင့်အတူ မျှဝေသည်။ ဘုရားသခင်အကြောင်းကို ဆာလံ ၁၃၉း၁ က ဤသို့ ဖော်ပြသည်၊ "ကိုယ် တော်သည် အကျွန်ုပ်ကို စစ်ကြော၍ သိတော်မူ၏၊" ထိုနောက် အပိုဒ်ငယ် ၄ မှာ "အကျွန်ုပ်သည် စကားတခွန်းကိုမျှ မမြွက်သော်လည်း၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် အကြွင်းမဲ့သိတော်မူ၏" ဟုဖော်ပြထားသည်။

၃ရာဇဝင် ၈း၃၉ ၌ ထာဝရဘုရားသခင် အကြောင်းကို "ကိုယ်တော်သာလျှင် လူသတ္တဝါအပေါင်းတို့၏ စိတ်နှလုံးသဘောကို သိတော်မူသည် ဖြစ်၍" ဟု ဖော်ပြထားသည်။ ယေရှုကလည်း "လူအပေါင်းတို့ကိုသိ၍" "လူ့အထဲ၌ ရှိသော အရာကိုလည်း သိတော်မူ၏" (ယောဟန် ၂း၂၄၊၂၅)၊ ထိုသို့သော အမှုသည် အရာခပ်သိမ်းသိခြင်းပညာကို ပိုင်သတော်မူသော ဘုရားသခင် ကသာ သိနိုင်သည့်အရာဖြစ်သည်။ ယောဟန် ၂၁း၁၇ တွင် ပေတရုက ယေရှု အား "သခင်၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူ၏" ဟု ပြောခဲ့သည်။ R. A. Torrey ကလည်း အောက်ပါအတိုင်း ထောက်ပြခဲ့သည် (Torrey, 1898)

1. သခင်ယေရှုသည် ရေတွင်းနားက ရှမာရိအမျိုးသမီးကို သိသကဲ့သို့ လူများဘဝ၏ လျှို့ဝှက်ချက်ကို သိနေသည်၊ အကြောင်းမှာ မည်သည့် အရာကိုမျှ သူမသိအောင် လျှို့ဝှက်ထား၍မရပါ (ယောဟန် ၄း၁၆-၁၉)။
2. ယေရှုသည် လူတို့၏လျှို့ဝှက်ကြံစည်ခြင်းကိုလည်း သိတော်မူ၏ (မာကု ၂း၈) လုကာ ၅း၂၂ မှာ "ယေရှုသည် ထိုသူတို့၏ထင်မှတ်ခြင်းကို သိတော် မူလျှင်" ယေရှုသည် ကျမ်းတတ်ပုဂ္ဂိုလ်နှင့်ဖာရိရှဲတို့၏ အတွေးကိုလည်း သိခဲ့သည်။ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ယေရှုသည် "လူအားလုံး" နှင့်"လူ့အထဲ၌ရှိသောအကြံအစည်"တို့ကိုလည်း သိခဲ့ပြီး၊ ယခုလည်း သိနေသည်။ (ယောဟန် ၂း၂၄-၂၅)
3. သူတည်ရှိသော နေရာမဟုတ်လျှင်လည်း နေရာအသီးသီး၌ လူများ မည်သည့်အရာ လုပ်နေကြသည်ကို ယေရှုကသိနေသည်။ ဥပမာအား ဖြင့် နာသနေလက သူ့ကို "ဘုရားသခင်၏သားတော်" ဟုခေါ်ခဲ့သည်၊ အကြောင်းမှာ နာသန်နေလ၏ ကိုယ်ရေးကိုယ်တာအကြောင်းအရာကို (အမှားမရှိ) သိပြီး၊ ထိုအရပ်၌ ယေရှုမရှိသော်လည်း "သင်္ဘောသဖန်းပင်

အောက်မှာ နာသန်နေလရှိသည်ကို မြင်ခဲ့သည်။ (ယောဟန် ၁း၄၇-၄၉)။ သူသည် မယုံကြည်သောသူနှင့် သူ့ကို မည်သူက သစ္စာဖောက်လိမ့်မည် ဟူသော အကြောင်းအရာကိုလည်း ကြိုသိခဲ့သည်။

4. ယေရှုသည် လာမည့်အနာဂတ်အကြောင်းကိုလည်း သိတော်မူသည် (ယောဟန် ၁၆)။ ထိုအကျိုး ဆက်အဖြစ် တပည့်တော်များက အပိုဒ်ငယ် ၃၀ မှာ "အလုံးစုံတို့ကို သိတော်မူသည်ကိုငင်း" နှင့် "ဤအကြောင်းကို ထောက်၍ ကိုယ်တော်သည် ဘုရားသခင့်အထံတော်မှ ကြွလာတော်မူ သည်ကို ယုံပါသည်" ဟုလျှောက်ကြ၏။ ယောဟန် ၁၃း၁ နှင့် လုကာ ၅း၄-၆ ကိုလည်း ကြည့်ပါ။
5. ယေရှုအထဲ၌ရှိသော ပညာနှင့်ဉာဏ်တော်ရှိသမျှတို့သည် ဝှက်ထား လျက်ရှိသည် (ကောလောသဲ ၂း၃)။

အရာခပ်သိမ်းကို သိသောပညာတန်ခိုးတော်အားဖြင့် သခင်ယေရှုခရစ်သည် သူ၏ အမှုဆောင်ခြင်းအစပိုင်းတွင်သော်လည်းကောင်း၊ သေခြင်းမှ ရှင်ပြန် ထမြောက်ပြီးနောက်ပိုင်းတွင်သော်လည်းကောင်း၊ တပည့်တော်များအား မိမိ ကိုယ်ကို ထင်ရှားသိမြင်စေခဲ့သည်။ လုကာ ၅း၄-၁၀ ထဲမှာ ရှိမုန်၏ လှေထဲသို့ ထဲသို့ဝင်ပြီး လှေ၏လက်ျာဘက်၌ ပိုက်ကွန်ကို ပစ်ချစေခြင်းငှါ ယေရှုက အမိန့်ပေးပြီး "များစွာသောငါးများ" ကို ဖမ်းခြင်းသည်လည်း ယေရှု၏ အမှု ဆောင်ခြင်းအစောပိုင်းတွင် ဖြစ်ခဲ့သည်။ ထိုအခါ ပေတရုက ယေရှုကိုပျပ်ဝပ် ကိုးကွယ်ခဲ့သည်။ နောက်တဖန် ယောဟန် ၂၁း၆ ၌လည်း သေခြင်းမှ ရှင်ပြန် ထမြောက်သော သခင်ယေရှုက တိဗေရိအိုင်ကမ်းခြေ၌ လှေပေါ်မှာရှိသော သူ၏ တပည့်တော်တို့အား သူတို့လှေ၏လက်ျာဘက်၌ ပိုက်ကွန်ကိုချဖို့ရန် အမိန့်ပေးပြီး "များစွာသောငါးများ"ကို ဖမ်းမစေခြင်းသည်လည်း ယေရှု၏ အမှုဆောင်ခြင်း နောက်ဆုံးပိုင်းမှာ ဖြစ်ခဲ့ သည်။ ဤအဖြစ်အပျက်နှစ်ခုလုံး၌

တပည့်တော်တို့သည် ညလုံးပေါက် ကြိုးစားအားထုတ်ခဲ့ကြသော်လည်း တစ်ကောင်မျှ မရရှိခဲ့ကြပါ။ ယေရှုက ထိုအခြေအနေကို သိခဲ့သည့်အပြင် သူတို့ကိုလည်း သိခဲ့သည်။ သူသည် ဘုရားသခင်ဖြစ်သောကြောင့် ဖြစ်လာမည့် ခပ်သိမ်းသောအမှုအရာတို့ကို ကြိုသိခဲ့သည်။

## အနန္တတန်ခိုးရှင် (Omnipotence)

ယေရှုသည် ဘုရားသခင်နှင့်အတူ တစ်ချိန်တည်း၌ နေရာတိုင်းတွင်ရှိခြင်းနှင့် အရာခပ်သိမ်း သိခြင်းတို့ကို မျှဝေသည့်အပြင် အရာခပ်သိမ်းကို တတ်နိုင်သောအစွမ်းရှိတည်းဟူသော အနန္တတန်ခိုး ရှင်လည်း ဖြစ်သည်။ Woolve က အောက်ပါအတိုင်း ဖော်ပြခဲ့သည်၊ "ခရစ်တော်၏ အနန္တတန်ခိုးရှင် ဖြစ်ခြင်း သက်သေသာဓကသည် သူ၏အခြားဂုဏ်တော်များအတွက် ပြတ်သားသည့် အထောက်အထား ဖြစ်သည်။ ထိုတန်ခိုးသည် တစ်ခါတစ်ရံမှာ ရုပ်ပိုင်းဆိုင်ရာစွမ်းအားတန်ခိုးကို ဆိုလိုသကဲ့သို့ ဖြစ်သော်လည်း အများအားဖြင့် ဖန်ဆင်းခြင်းအထက်၌ရှိသော သူ၏တန်ခိုးအာဏာကို ရည်ညွှန်းသည်" (Walvoord, 1969, page 29)။ အောက်ပါဖော်ပြသော ကျမ်းချက်များသည် ယေရှု၏ အနန္တတန်ခိုးရှင် ဖြစ်ခြင်းအမျိုးမျိုးကို ဖော်ပြသော ကျမ်းပိုဒ်များဖြစ်သည်။

1. ဒုစရိုက်အပြစ်များကို လွှတ်ပိုင်သော တန်ခိုးတော်ရှိသည် (မဿဲ ၉း၆)၊
2. ကောင်းကင်နှင့် မြေကြီးအရာခပ်သိမ်းကို အစိုးရသော အခွင့်တန်ခိုးကို ပိုင်ဆိုင်သည် (မဿဲ ၂၈း၁၈)၊
3. သဘာဝတရားအပေါ်၌ တန်ခိုးအာဏာရှိသည် (လုကာ ၈း၂၅)၊
4. သူသည် သေလွန်သောသူကို ထမြောက်စေခြင်းတန်ခိုးရှိသည် (လုကာ ၇း၁၄-၁၅။ လုကာ ၈း၅၄- ၅၅။ ယောဟန် ၁၁း၄၃-၄၄။ ယောဟန် ၅း၂၅)

5. သူသည် မိမိအသက်ကို လုံးလုံးလျားလျားအစိုးရပြီး မိမိကိုယ်မိမိ သေခြင်းမှ ထမြောက်စေနိုင်သောတန်ခိုးတော်လည်း ရှိသည် (ယောဟန် ၁၀း၁၈။ ၂း၁၉)။
6. သူသည် သူတစ်ပါးအား ထာဝရအသက်ကို ပေးပိုင်ခွင့်(ယောဟန် ၁၀း ၂၈။ ယောဟန် ၁၇း၂)နှင့် သူတို့၏ကိုယ်ခန္ဓာကို ပြောင်းလဲစေနိုင်သော တန်ခိုးတော်ရှိသည် (ဖိလိပ္ပိ ၃း၂၁။ ၁ကော၊ ၁၅း၅၂-၅၇)။
7. သူသည် ကိုယ်ခန္ဓာ ကျန်းမာစေခြင်းနှင့် နတ်ဆိုးများကို နှင်ထုတ်နိုင်သော တန်ခိုးအာဏာရှိသည် (မာကု ၁း၂၉-၃၄)၊
8. သူသည် ကိုယ်ခန္ဓာကို ပြောင်းလဲစေနိုင်သော တန်ခိုးတော်ရှိသည် (ဖိလိ ၃း၂၁)၊
9. သူသည် နတ်ဆိုးများအပေါ် တန်ခိုးရှိသည် (မဿဲ ၈း၁၆။ လုကာ ၄း၃၃-၃၆။ လုကာ ၈း၃၀-၃၃)။

ထိုတန်ခိုးတော်များကို သူ၏အထဲ၌တည်ရှိသည်ဟု ယေရှုက မိန့်ဆိုခဲ့သည်။ မဿဲ ၂၈း၁၈ တွင် ယေရှုက "ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌ လည်းကောင်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ"ဟု ပြောခဲ့သည်။ တန်ခိုးတော်အားလုံးကို သူပိုင်ဆိုင်ရရှိသည့် အကြောင်းကို သူက ပြောပြခဲ့သည်။ သူ၏တန်ခိုးတော်အကြောင်းကို ဖော်ပြသည့်အခါ သူက "I", "me", "my" ဟူသောစကားလုံးများကို အသုံးပြုခဲ့သည်။ ဥပမာအားဖြင့်၊ လုကာ ၁၀း၁၉ တွင် ယေရှုက "အခွင့် တန်ခိုးကို သင်တို့အား ငါပေး၏"ဟု ဟောခဲ့သည်၊ ထိုနောက် တပည့်တော်တို့သည် "ကိုယ်တော်၏ နာမအားဖြင့်" နတ်ဆိုးတို့ကို နိုင်ရသောကြောင့် အလွန်ဝမ်းမြောက်ခြင်း ရှိခဲ့ကြသည်။ သူသည် တန်ခိုးတော်ကို သူတို့အားပေးသည်ဟု သူကပြောသည်။ ထိုနောက် ယောဟန် ၁၀း၉ တွင် ယေရှုက၊ "ငါသည် တံခါးဝဖြစ်၏။ ငါဖြင့် ဝင်သော

သူသည် ဘေးနှင့်ကင်းလွတ်လိမ့်မည်”ဟု ပြောခဲ့သည်။ သခင်ယေရှုက သူသည် ကယ်တင်ခြင်း၏ သော့ချက်ဖြစ်သည်ဟု ဖော်ပြသည်။ သူသည် ကြားခံအဖြစ်မဟုတ်၊ တိုက်ရိုက်အားဖြင့် ကယ်တင်ခြင်း၏ အဓိက အရင်းအမြစ်ဖြစ်ကြောင်း ဖော်ပြသည် (ဟေရှာယ ၄၃း၁၁။ ၄၅း၂၂ ကို ကြည့်ပါ)။ သူ့အားဖြင့် ခမည်းတော်ကို သူရွေးချယ်သော သူတို့အား ဖော်ပြခဲ့သည်။ (လုကာ ၁၀း၂၂) ယေရှုအားဖြင့်မဟုတ်လျှင် အဘယ်သူမျှ ဘုရားသခင်ကို မသိနိုင်။ ယေရှုခရစ်သည် တပည့်တော်တို့အား သူ၏တန်ခိုးတော်နှင့်အတူ လောကသို့စေလွှတ်ခဲ့သည်၊ ယေရှုစကား အရ “ငါ၏နာမကို အမှီပြု၍” ဟု ဖော်ပြထားသည်။ လုကာ၌ သူ၏စေခိုင်းချက်အမိန့်မှာ သူက၊ “ဤသို့ ကျမ်းစာလာ၏”ဟု ဆိုပြီးနောက် “နောင်တတရားနှင့်အပြစ်လွှတ်ခြင်းတရားသည် သူ၏ နာမအခွင့်တန်ခိုးအားဖြင့် ဟောပြောရမည်၊” ဟု ခရစ်တော်၏ နာမအားဖြင့် ဟောရမည့်အကြောင်း တွေ့ရသည် (လုကာ ၂၄း၄၇)။၏

## ထာဝရကာလတည်ရှိခြင်း၊ မူလအစမတိုင်မီ တည်ရှိခဲ့ခြင်း (Pre-Existent/Eternal)

ဘုရားသခင်သည် မူလအစမတိုင်မှီကတည်းက တည်ရှိခဲ့သောသူဖြစ်သကဲ့သို့ ယေရှုသည်လည်း တည်ရှိခဲ့သည်။ ဆာလံ ၉၀း၂ မှာ ဘုရားသခင်သည် ဖန်ဆင်းခြင်းမတိုင်မီ တည်ရှိခဲ့ပြီဖြစ် ကြောင်း ဖော်ပြသည်။ ကမ္ဘာဦးကျမ်း အခန်းကြီး (၁)က ဘုရားသခင်သည် အစအဦး၌ရှိပြီး “ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းခဲ့သည်”ဟု ဖော်ပြသည်။ သုတ္တံကျမ်း ၈း၂၃ မှာ “မြေကြီးမဖြစ်မီ၊ ရှေ့ဦးစွာ သောကာလ၊ အနန္တကာလမှစ၍ ငါသည် ဘိသိက်ခံပြီ” ဟု ဖော်ပြပြီး၊ ယောဟန် ၁၇း၅ မှာ ယေရှုက “ဤကမ္ဘာမတည်မရှိမီ” ကပင် ဘုန်းအသရေတော်ကို ခံစားရရှိခဲ့သည့်အကြောင်း ဖော်ပြသည်။ ယေရှု၏

အကြောင်းကို ဖော်ပြသည့်အခါ ကျမ်းစာက ယောဟန် ၁း၁ တွင် "ထို နှုတ်ကပတ်တော်သည် အစဦး၌ ဘုရားသခင်နှင့်အတူရှိ၏" ဟုဖော်ပြသည်။ ကောလောသဲဩဝါဒစာ ၁း၁၇ မှာလည်း ခရစ်တော်သည် "ခပ်သိမ်းသောအရာ မဖြစ်မီ ဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် ထိုသခင်အားဖြင့် ဖန်ဆင်းတော်မူ၏"ဟု ဖော်ပြသည်။ ထို့ကြောင့် ခရစ်တော်သည် သူ၏ မူလအစကတည်ရှိခဲ့ခြင်း၌ ဘုရား သခင်နှင့်တူသည်။ ခရစ်တော်သည် သူ၏ ထာဝရကာလတည်ရှိခြင်း၌ ဘုရားသခင်ဖြစ်သည်။ တရားဟောရာကျမ်း ၃၃း၂၇ တွင် "ဧလောဟိမ် ဘုရားသခင်" အကြောင်းကို "ရှေ့ဦးစွာသော ဘုရားသခင်သည် သင့်ခိုလှုံရာ ဖြစ်၍" ဟု ဖော်ပြသည်။ ဟေရှာယ ၄၀း၂၈ ကလည်းဖော်ပြသည်၊ "ထာဝရဘုရား သည် အစဉ်အမြဲတည်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းကိုလည်းကောင်း၊ မြေကြီးစွန်းတိုင်အောင် ဖန်ဆင်းတော်မူသော အရှင်ဖြစ်ကြောင်းကိုလည်းကောင်း၊ မောတော်မူခြင်း၊ ပင်ပန်းတော်မူ ခြင်းမရှိ၊ စစ်၍ မကုန်နိုင်သောဉာဏ်နှင့် ပြည့်စုံတော်မူကြောင်းကိုလည်းကောင်း၊ သင်သည် မသိမ ကြားဘူးသလောဟု ဘုရားသခင်ကို ရည်ညွှန်းပြီး "ထာဝရ" ဟူသောစကားလုံးအတွက် အသုံးပြုသောဝေါဟာရသည် ဟေဗြဲဘာသာ စကားဖြင့် "owlam" ဖြစ်ပြီး ထိုအရာကို အဆက်မပြတ်၊ အစဉ်အမြဲ၊ ထာဝရဟူ၍ အနက်အဓိပ္ပါယ် ပြန်ရပါသည်။ ထို့အပြင် ကမ္ဘာဦးကျမ်းအခန်းကြီး ၂၁း၃၃ တွင်လည်း ဘုရားသခင်အား "ထာဝရ ဘုရားသခင်" ဟူ၍ ရည်ညွှန်းဖော်ပြသည်။ ထိုနည်းတူ၊ ယေရှုကိုလည်း ထာဝရအဖြစ်ဖြင့် ရည်ညွှန်းဖော်ပြသည်။ သခင်ယေရှုကို ရည်ညွှန်းသော အထူးခြားဆုံး ပရောဖက်ပြုချက် ကျမ်းပိုဒ်တစ်ခုဖြစ်သည့် ဟေရှာယ ၉း၆ ၌ဖော်ပြသည်မှာ ……၊ "အကြောင်းမူကား၊ ငါတို့အဘို့ သူငယ်ကို ဘွားမြင်၏။ ငါတို့အား သားကို သနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်း အာဏာစက်ရှိလိမ့်မည်။ နာမတော်

ကား အံ့ဩဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။" ဤနေရာတွင် ယေရှုသည် "ထာဝရအဘ" ဖြစ်သည်။ အခြားပရောဖက်ပြုကျမ်းပိုဒ်မှာ၊ မိက္ခာ ၅း၂၊ ကယ်တင်ရှင်မေရှိယသည် ဗက်လင်မြို့၌ ဖွားမြင်လိမ့်မည်ဖြစ်ကြောင်းကို ဆွေးနွေးပြီးမှ သခင် ယေရှုပေါ်ထွန်းကြွလာခြင်းကို "ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏" ဟု ရည်ညွှန်းဖော် ပြထားသည်။ ယေရှုက ယောဟန် ၁၇း၂၄ တွင် ထာဝရသားတော်အပေါ်၌ ထားတော်မူသော ဘုရားသခင်၏ ထာဝရချစ်ခြင်းမေတ္တာအကြောင်းကို "ကိုယ်တော်သည် ဤကမ္ဘာမတည်မရှိမှီ အကျွန်ုပ်ကိုချစ်၍" ဟု ဖော်ပြသည်။ ထိုနောက် ဟေဗြဲဩဝါဒစာက ယေရှုသည် "မနေ့၊ ယနေ့၊ နောင်ကာလအစဉ်အမြဲ မပြောင်းမလဲ နေတော်မူသောသူ" ဖြစ်ကြောင်း ဖော်ပြသည် (ဟေဗြဲ ၁၃း၈)။ နောက်ဆုံးအချက် အနေဖြင့်၊ ဗျာဒိတ်ကျမ်း ၁း၈ မှာ "Kurios" ဟု ဖော်ပြသော သခင်ဘုရားအား ရည်ညွှန်း၍ "အာလဖနှင့် ဩမေဃ၊ အစဦးနှင့် နောက်ဆုံးသောသူ" နှင့် "ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ်ရှိတော်မူသော ထာဝရအရှင်ဘုရားသခင်" အဖြစ်ဖော်ပြသည်။ သို့သော် နောက်ပိုင်းတွင် ဗျာဒိတ် ၁း၁၁ မှာ သားတော်က "အာလဖနှင့် ဩမေဃ၊ အစဦးနှင့် နောက်ဆုံးသောသူ" ဟူသောအမည်နာမကိုရရှိခဲ့သည့်အကြောင်းတွေ့ရသည်။ ထိုနောက် ဗျာဒိတ် ၁း၁၈ မှာ "လူသားတော်နှင့်တူသောသူတစ်ဦး" ဟူ၍ ရည်ညွှန်းသော လူပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ယေရှုက ဤသို့ပြောခဲ့သည်၊

"ငါသည်အဦးဆုံးသောသူ၊ နောက်ဆုံးသော သူဖြစ်၏။ အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည် အရင်သေသည်ဖြစ်၍၊ ကမ္ဘာအဆက်ဆက် အသက်နှင့် ပြည့်စုံ၏။ မရဏာနှင့်မရဏာ နိုင်ငံကိုလည်း ငါအစိုးရ၏။ ယေရှုသည် ထာဝရဘုရားသခင်နှင့်အတူ ထာဝရတည်ရှိခြင်းကို ဝေမျှနေသည်။

## မပြောင်းမလဲရှိခြင်း (Immutable)

ယေရှုသည် ဘုရားသခင်နှင့်အတူ တညီတညွတ် မပြောင်းမလဲ တည်ရှိသည်။ မာလခိ ၃း၆ မှာ သခင်ဘုရားက အလေးအနက်ဖော်ပြသည်မှာ၊ “ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။ ထိုကြောင့်၊ ယာကုပ်အမျိုးသားတို့၊ သင်တို့သည် ဆုံးရှုံးခြင်းသို့ မရောက်ကြ။” ရှင်ယာကုပ်ဩဝါဒစာ ၁း၁၇ ၌ တွေ့ရသည်မှာလည်း “ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည်ဖြစ်၍၊ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျော့ တိမ်းယိမ်း ခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူ၏။” ဘုရားသခင်၌ တိမ်းယိမ်းခြင်းနှင့် ပြောင်းလဲခြင်း မရှိ။ ယောဘ ၂၃း၁၃ တွင် ဖော်ပြသည်၊ “သို့ရာတွင် သဘောတညီတညွတ် တည်းရှိ တော်မူသော ဘုရားသခင်အား အဘယ်သူသည် ပြောင်းလဲစေနိုင်မည်နည်း။ အလိုတော်ရှိသည်အတိုင်း ပြုတော်မူလိမ့်မည်။” ဘုရားသခင်၌ ပြောင်းလဲခြင်းမရှိသကဲ့သို့ ယေရှု၌လည်း ပြောင်လဲခြင်း မရှိ၊ အကြောင်းမူကား ယေရှုခရစ်သည် “မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏” (ဟေဗြဲ ၁၃း၈)။ မပြောင်းလဲခြင်းဟူသောအရာသည် ဘုရားသခင်၏အခြားသောဂုဏ်တော်တစ်ပုဒ်ဖြစ်ပြီး သန့်ရှင်းသောငါတို့၏ ဘုရားသခင်နှင့် “ငါတို့နှင့်အတူရှိသောဘုရား” ဖြစ်သည့် ယေရှုခရစ်တော်ဘုရား၌ တညီတည်းရှိသော ဂုဏ်ဖြစ်သည်။

လေးစားကိုးကွယ်ခြင်းခံရသူ (Object of Honor and Worship)

ဘုရားသခင်သည် လေးစားကိုးကွယ်ခြင်းကို ခံရသည်နည်းတူ ယေရှုသည်လည်း လေးစား ကိုးကွယ်ခြင်းကို ခံထိုက်သောသူဖြစ်သည်။ ပညတ်တော်၏ ပထမအချက်သည် “ငါမှတပါးအခြားသော ဘုရားကို မကိုးကွယ်နှင့်”ဟူသော

အချက်ဖြစ်သည် (ထွက်မြောက်ရာ ၂၃း၃)။ ကျွန်ုပ်တို့လည်း မည်သည့် ရုပ်တုကိုမှ မထုမလုပ်၊ ဘုရားသခင်မှအပ မည်သည့်အခြားဘုရားရှေ့တော်မှ ပျပ်ဝပ်ကိုးကွယ်ခြင်းလည်း မပြုရပါ။ ငါတို့၏ဘုရားသခင်သည် တပါးတည်းသောဘုရားဖြစ်သည် (တရားဟောရာ ၆း၄။ မာကု ၁၂း၂၉)။ မဿဲ ၄း၁၀ တွင်လည်း ဤသို့ဖတ်ရသည်၊ "သင်၏ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည်။" ထွက်မြောက်ရာကျမ်း ၃၄း၁၄ က ရှင်းလင်းစွာ ဖော်ပြသည်၊ "အခြားသောဘုရားကို သင်သည် မကိုးကွယ်ရ။ ထာဝရဘုရားသည် အပြစ်ရှိသည်ဟု ယုံလွယ်သော ဘုရားသခင်ဖြစ်တော်မူ၏။" ဗျာဒိတ်ကျမ်း ၂၂း၉ ၌ ယောဟန်သည် ကောင်းကင်တမန်၏ ခြေရင်း၌ ပျပ်ဝပ်ကိုးကွယ် သောအခါ ကောင်းကင်တမန်က "မပြုပါနှင့်" ဟု ဆိုပြီး ထိုသို့ပြုမည့်အစား "ဘုရားသခင်ကို ကိုးကွယ်လော့" ဟုဆက်ဆိုခဲ့ပါသည်။ တမန်တော် ၁၀း၂၆ ၌လည်း ကော်နေလိသည် ပေတရု၏ခြေရင်း၌ ပျပ်ဝပ်ကိုးကွယ်သောအခါ ပေတရုက သူ့ကို ချီပင့်လျက်ထလော့ "ငါကိုယ်တိုင်သည်လည်း လူသား ဖြစ်သည်" ဟုအသိပေးခဲ့သည်။ ဘုရားသခင် တပါးတည်းသာလျှင် ကျွန်ုပ်တို့၏ ရိုသေကိုးကွယ်ခြင်းကို ခံထိုက်သူဖြစ်သည်။

ရောဘင်ဆန်ရှင်းပြသည့်အတိုင်း အလွန်စိတ်ဝင်စားစရာကောင်းသည်မှာ ပေါလုသည် (၂၅) ကြိမ်တိုင်တိုင် ယေရှုထံသို့ ဆုတောင်းခဲ့သည် (Robinson, 1949, page 134)။ ဟေဗြဲ ၁း၆ တွင် ဘုရားသခင်ကိုယ်တိုင် မိန့်ဆိုသည်မှာ "တစ်နည်းကား၊ သားဦးကို ဤလောကသို့ သွင်းတော်မူသောအခါ၊ ဘုရားသခင်၏ ကောင်းကင်တမန်အပေါင်းတို့သည် ထိုသူကို ပျပ်ဝပ်ကိုးကွယ်ကြစေဟုလာသ တည်း။" ရှေ့အပိုဒ်ငယ်များ၌ အသံတော်ဖြစ်သောဘုရားသခင်ကိုယ်တိုင်က ကောင်းကင်တမန်အား လုံးကို ခရစ်တော်အား ဝတ်ပြုကိုးကွယ်ရန် ညွှန်ကြားထားသည်။ လူများသည်လည်း ခရစ်တော်ယေရှုကို ကိုးကွယ်

ခဲ့ကြသည်။ မဿဲ ၂း၁၁ ၌ ပညာရှိများက သူငယ်ခရစ်တော်ကို ကိုးကွယ်ခဲ့ကြသည်။ မဿဲ ၈း၂ ၌ နူနာစွဲသောသူကလည်း ယေရှုအား ပျပ်ဝပ်ကိုးကွယ်ခဲ့သည်။ ယောဟန် ၉း၃၈ မှာ မျက်ကန်းတစ်ယောက်သည် မျက်စိပြန်လည်မြင်ရသောအခါ ယေရှုကို ပြပ်ဝပ်ကိုးကွယ်ခဲ့သည်။ ထို့နောက် မာကု ၅း၆ မှာလည်း နတ်ဆိုးစွဲသောသူက ယေရှုကို ကိုးကွယ်ခဲ့သည်။ ဗျာဒိတ် ၅း၁၂ တွင် ကောင်းကင်တမန်များက ထိုက်တန်တော်မူသော သိုးသူငယ်ယေရှုကို ကိုးကွယ်ပြီး "တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းကြီးမင်္ဂလာကိုခံထိုက်တော်မူ၏ဟု ကြီးသောအသံနှင့် ပြောဆိုကြ၏။"

ဘုရားသခင်သည် ဝတ်ပြုကိုးကွယ်ခြင်းကို ခံရသကဲ့သို့ ယေရှုသည်လည်း ကိုးကွယ်ခြင်းကို ခံထိုက်သည့်အပြင် ဘုရားအတွက် သီးသန့်လျာထားသည့် ဘွဲ့နာမများပေးအပ်ရန်လည်း ခံထိုက်သောသူဖြစ်ကြောင်း ဘုရားသခင်၏ နှုတ်ကပတ်တော်က ရှင်းလင်းစွာ ဖော်ပြထားသည်။ ရောမ ၁၄း ၁၁ တွင် ကျမ်းစာက ဤသို့ဖော်ပြသည်၊ "ငါအသက်ရှင်တော်မူသည်ဖြစ်၍၊ ငါ့ရှေ့၌ လူတိုင်းဒူးထောက်ရမည်။ ဘုရားသခင်အားလူတိုင်းမိမိနှုတ်နှင့် သစ္စာခံရမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။" အပိုဒ်ငယ် ၃-၈ အထိမှာ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်က "အရှင်သခင်" နှင့် "ထာဝရဘုရား" ဟူသော စကားလုံးကို အပြန်အလှန်ဖလှယ်ပြီး အသုံးပြုသည်။ ရောမ ၁၄း၁၁ သည် ဟေရှာယ ၄၅း၂၃ နှင့် တွဲသော အပိုဒ်ဖြစ်သည်။ ရောမ ၁၄ မှာ ဖြစ်သကဲ့သို့ ဟေရှာယ ၄၅း ငယ် ၂၁ မှာလည်း သခင်(Jehovah)နှင့် ဘုရား (Elohim) ဟူသော စကားလုံးကို အပြန်အလှန် ဖလှယ်ပြီး အသုံးပြုသည်။ ဘုရားသည် သခင်ဖြစ်၍ သခင်သည်လည်း ဘုရားဖြစ်သည်။ ထိုအပိုဒ်သည် "ငါမှတပါး အခြားဘုရားမရှိ" ဟူသောစကားဖြင့် ဆုံးသည်။ အပိုဒ်ငယ် ၂၂ မှာ ဘုရား

သခင်မိန့်ဆို သည်မှာ၊ "မြေကြီးစွန်း သားအပေါင်းတို့၊ ငါ့ကိုမျှော်ကြည့်၍၊ ကယ်တင်ခြင်းကျေးဇူးကို ခံကြလော့။ ငါ သည်ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသော ဘုရားမရှိ။" (တမန်တော် ၄း၁၂ ကို ကြည့်ပါ)။ ဟေရှာ ၄၅ မှာ ဖော်ပြသည့်အတိုင်း ဘုရားသခင်တပါးတည်းကိုသာ ကိုးကွယ်ရမည်ဖြစ်ပြီး သခင်ဟူသော ဘွဲ့နာမကိုလည်း ရရှိ သူ ဖြစ်သည့်အကြောင်းမှာ အဘယ် ရှုပ်ထွေးမှုမျှ မရှိပါ။ ရောမ ၁၄း၁၁ မှာ "ငါအသက်ရှင်တော်မူ သည်ဖြစ်၍...ဟု ထာဝရဘုရားမိန့်တော်မူ၏။" ဤအသုံးအနှုန်းသည် ဓမ္မဟောင်းမှာ အကြိမ် ပေါင်းများစွာ အသုံးပြုထားသည်၊ ဘုရားသခင်က တစ်စုံတစ်ခုအပေါ် ထားတော်မူသော သူ၏သစ္စာကတိကို အလေးထားစေချင်သည့်အခါ အသုံး ပြုသောစကားဖြစ်သည် (ဟေရှာယ ၄၉း၁၈။ ယေရမိ ၂၂း၂၄ ကို ကြည့်ပါ)။ ၎င်းသည် ယေဇကျေလအနာဂတ္တိကျမ်းထဲမှာ (၁၆)ကြိမ် အသုံးပြုပြီး ယေဇ ကျေလ ၅း၁၁ ၌ ပထမအကြိမ်အသုံးပြုသည်၊ ၎င်းကိုအသုံးပြုသည့်အခါတိုင်း ပေါင်း စပ်ထားသော စကားရပ်ဖြင့် "အရှင်ထာဝရဘုရား" ဟု သုံးပါသည်။ ရောမ ၁၄း၁၁ ၌ ဖော်ပြ သည်၊ "ငါအသက် ရှင်တော်မူသည်ဖြစ်၍၊ ငါ့ရှေ့၌ လူတိုင်းဒူးထောက်ရမည်...ဟု ထာဝရဘုရား မိန့်တော်မူ၏။" ဤဝေါဟာရ နှစ်ခုလုံးက ဓမ္မဟောင်းကျမ်း၌ပါသောအရာကို ရည်ညွှန်းသည်။ နောက်ထပ် ခရစ်တော်၏ဘုရားဖြစ်ခြင်း၏ သဘောသဘာဝကို ထပ်မံအတည်ပြုချက် အဖြစ် ကျမ်းပြိုင်ဖြစ်သော ဖိလိပ္ပိ ၂း၁၀ တွင် ဘုရားသခင်၏နှုတ်ကပတ် တော်က ဖော်ပြသည်မှာ၊ "အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီး သတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်း ဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်းအသ ရေတော်ကို ထင်ရှားစေ ကြမည်အကြောင်းတည်း" တစ်နည်းအားဖြင့်၊

ယေရှုရှေ့၌ ဒူးထောက်၍ သခင်ဖြစ်သည်ဟု နှုတ်ဖြင့်ဝန်ခံကြရန် တည်ရှိနေကြကုန်သော ခပ်သိမ်းသောအရာတို့အား ဘုရားသခင်အမိန့်ပေးနေသည်၊ ၎င်းသည် ရောမ ၁၄ နှင့် ဟေရှာယ (၄၅) တို့တွင် သမ္မာကျမ်းစာက ထပ်တူအသုံးပြုသောစကားဖြစ်ပြီး ဟေရှာယဖော်ပြချက်အရ ဘုရားသခင် တပါးတည်းကိုသာ ကိုးကွယ်ရမည်ဟု သတ်မှတ်ထားကြောင်း အလွန်ရှင်းသည်။ ဖိလိပ္ပိတွင်လည်း အလားတူ တွေ့ရသည်။ ဖိလိပ္ပိ အခန်းကြီး (၂)တွင် ဘုရားသခင်က ဖန်ဆင်းခံအရာအားလုံးအား အမိန့်ပေးခဲ့သည်မှာ သခင်ယေရှုအားကိုးကွယ်ဖို့နှင့် သူသည်သခင်ဖြစ်သည်ဟု ဝန်ခံကြရန်ဖြစ်သည်၊ ၎င်းသည် ရောမနှင့်ဟေရှာယတွင် ထာဝရဘုရားသခင်အတွက်သာ အသုံးပြုသော စကားရပ်ဖြစ်သည်။ ၎င်းသည် အငြင်းပွားစရာမရှိသော ယေရှုခရစ်၏ဘုရားဖြစ်ခြင်းအကြောင်း ကြေညာချက်ဖြစ် သည်။ ထို့အပြင် ဖိလိပ္ပိ ၂း၁၀ ၌ ယေရှုအားရည်ညွှန်းပြီး ရေးသားဖော်ပြထားသည့် “သခင်” ဟူသော ဝေါဟာရသည် ဂရိဘာသာစကားဖြင့် “Kurios” ဖြစ်ပြီး ၎င်းသည် ရောမ (၁၄)တွင် ယေဟောဝါ ဘုရားအတွက် ထပ်ခါတလဲလဲ အသုံးပြုသော စကားလုံးဖြစ်သည်။

ထို့အပြင် သူ့ကို ပြပ်ဝပ်ကိုးကွယ်သောသူတို့အား ယေရှုက တစ်ကြိမ်တစ်ခါမျှ သတိပေး ငြင်းဆိုခြင်း မပြုခဲ့ပါ။ တပည့်တော်များကပင်လျှင် သူ့ကိုကိုးကွယ်ခဲ့ကြသည်။ သူတို့သည် မဿဲ ၂၈း၁၇ မှာ သေခြင်းမှထမြောက်သော သခင်ယေရှုကို မြင်သောအခါ “ပြပ်ဝပ်ကိုးကွယ်” ခဲ့ကြသည်။ နောက်ထပ် လုကာ ၂၄း၅၂ တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖော်ပြသည်မှာ၊ ထမြောက်သောသခင်ကို မြင်သောအခါ “တပည့်တော်တို့သည် ကိုယ်တော်ကို ပြပ်ဝပ်ကိုးကွယ်” ခဲ့ကြသည်။ Warfield ကလည်း “ခရစ်ယာန်ဘာသာသည် မူလ

အစကတည်းက ခရစ်တော်ကို ကိုးကွယ်ခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောပြ ခဲ့သည်” (Warfield, 1929, page 372)

## အပြစ်ကို ခွင့်လွှတ်သည် (forgives sin)

သမ္မာကျမ်းစာဖော်ပြချက်အရ၊ ခရစ်တော်က အပြစ်ကိုခွင့်လွှတ်သည်နည်းတူ ဘုရားသခင်က လည်း ခွင့်လွှတ်သည်။ ဟေရှာယ ၅၅း၇ မှာ …

“ဆိုးသော သူသည် မိမိလမ်းကိုလည်းကောင်း၊ မတရားသော သူသည် မိမိအကြံတို့ကိုလည်း ကောင်း၊ စွန့်ပစ်၍၊ ထာဝရဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့် မည်။ ငါတို့ဘုရားသခင့် ထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကိုလွှတ်တော်မူ မည်။”

ယေရမိ ၃၁း၃၄ ကလည်း အောက်ပါအတိုင်း ကြေညာသည်၊

“ထိုသူတို့က၊ ထာဝရဘုရားကို သိလော့ဟု၊ အမျိုးသားချင်း၊ ညီအစ်ကိုချင်း တစ်ယောက်ကို တစ်ယောက်ဆုံးမသြဝါဒမပေးရကြ။ အကြောင်းမူကား၊ အငယ်ဆုံးသော သူမှစ၍ အကြီးဆုံးသောသူတိုင်အောင်၊ ထိုသူ အပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်။ ထိုအခါ ငါသည် သူတို့အပြစ်များကို သီးခံမည်။ သူတို့ပြုသော ဒုစရိုက်များကို မအောက်မေ့ဘဲနေမည်ဟု ထာဝရ ဘုရား မိန့်တော်မူ၏။”

ရာဇဝင်ချုပ် ဒုတိယစာစောင် ၇း၁၄ မှာ ရေးထားသည်၊

“ငါ့နာမဖြင့်သမုတ်သော ငါ့လူတို့သည် ကိုယ်ကို နှိမ့်ချသဖြင့်၊ ငါ့မျက်နှာကို ရှာလျက် ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကိုလွှဲရှောင်လျှင် ငါသည် ကောင်း ကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကိုဖြေ၍ သူတို့ပြည်ကို ချမ်းသာပေး မည်။”

”Tertullian က “ဘုရားသခင်တစ်ပါးတည်းသာလျှင် အပြစ်ကင်းသောသူ ဖြစ်သည်၊ အပြစ်နှင့် ကင်းသော တစ်ဦးတည်းသောလူသားသည် ခရစ်တော် ဖြစ်သည်၊ အကြောင်းမှုကား ယေရှုသည် ဘုရားဖြစ်သည်” ဟု ပြောသည် (Tertullian 3, Circa 215)။ အပြစ်နှင့်ကင်းစင်သောသူသာလျှင် အပြစ်လွှတ် ပိုင်ခွင့် ရှိပြီး (၂ကော၊ ၅း၂၁)၊ ယေရှုခရစ်တော်သည် ဘုရားဖြစ်သောကြောင့် အပြစ်ကို ခွင့်လွှတ်ခဲ့သည်။ လုကာ ၅း၂ဝ တွင် အိမ်မိုးပေါ်သို့တက်၍ အမိုးကို ဖောက်ပြီးမှ ယေရှု၏ရှေ့တော်သို့ အိပ်ရာနှင့်တကွလျှော့ချသည့် လူနာကို ကျန်းမာစေပြီးမှ ယေရှုက “အချင်းလူ၊ သင်၏အပြစ်ကို လွှတ်စေပြီ” ဟု မိန့်တော်မူ၏။ သို့သော် ၎င်းကိုကြားသော ကျမ်းပြုဆရာနှင့် ဖာရိရှဲတို့က “ဘုရားကို လွန်ကျူး၍ ပြောသော ဤသူကား အဘယ်သူနည်း။ ဘုရားသခင် မှတပါး အဘယ်သူသည် အပြစ်ကို လွှတ်နိုင်သနည်းဟု ထင်မှတ်ကြ၏” (လုကာ ၅း၂၁၊ မာကု ၂း၇ ကိုလည်းကြည့်ပါ)။

မဿဲ ၉း၆ တွင် သူသည် “မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်” ဖြစ်ကြောင်း ကြေညာခဲ့သည်။ “နောင်တရခြင်းနှင့် အပြစ်ခွင့်လွှတ်ခြင်းတရားသည် သူ၏ (ယေရှု)နာမတော်အားဖြင့် ဟောပြောရ မည်။” ယေရှုသည် ရှိမုန်အိမ်၌ နေစဉ်တွင် လူအများသိသော အပြစ်ရှိသောမိန်းမအား “သင်သည် အပြစ်တို့ နှင့်လွှတ်လေပြီ” ဟုပြောသည် (လုကာ ရး၄၈)။ ပေါလုက ယေရှုအကြောင်း ကိုပြောရာ တွင် ကောလောသဲ ၂း၁၃ ၌ ဤသို့သွန်သင်ခဲ့သည်၊ “ဒုစရိုက် အပြစ်၌၎င်း၊ ဇာတိပကတိ၏ အရေဖျား လှီးခြင်းကို မခံသောအဖြစ်၌၎င်း သေလျက်ရှိနေသော သင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍၊ သင်တို့ အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏။” သမ္မာကျမ်းစာ မှတ်တမ်းက မေးစရာမရှိအောင် သေချာပြသသည်မှာ ဘုရားသခင်သာလျှင် အပြစ်လွှတ်

နိုင်ပြီး ယေရှုသည်လည်း ဘုရားဖြစ်သောကြောင့် အပြစ်လွှတ်ပိုင်ခွင့်ရှိသည် ဖြစ်၍ အပြစ်များကို ခွင့်လွှတ်ခဲ့သည်။

**ယေရှုက ကောင်းကင်နှင့် ငရဲသော့ကို ပိုင်သည် - (Jesus has the Keys to Heaven and Hell)**

ဘုရားသခင်နှင့် ဘုရားလူဖြစ်သော ယေရှုတို့နှစ်ဦးလုံးက ထာဝရအပြစ်ဒဏ် ပေးခြင်းနှင့် အပွါယ်ငရဲသို့ စေလွှတ်နိုင်ခြင်းတန်ခိုး ရှိကြသည်။ မဿဲ ၁၀း၂၈ တွင် တွေ့ရသည့်ရေးသားချက်မှာ၊ "တစ်နည်းကား၊ ကိုယ်ခန္ဓာကိုသာသတ်၍ စိတ်ဝိညာဉ်ကို မသတ်နိုင်သော သူတို့ကို မကြောက် ကြနှင့်။ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်ကို ငရဲ၌ဖျက်ဆီးနိုင်သောသူကိုသာ၍ ကြောက်ကြလော့။" ဆိုလို သည်မှာ ထိုတန်ခိုးတော်ရှိသည့် ဘုရားသခင်ကိုသာ ကြောက်ရွံ့ရမည်။ ဆာလံ ၉း၁၇ ၌ ကျမ်းစာက ဖော်ပြသည်မှာ "မတရားသောသူတို့နှင့်ဘုရား သခင်ကို မေ့လျော့သောအမျိုးသားအပေါင်းတို့သည် မရဏာနိုင်ငံသို့ နှင်ခြင်းကို ခံရကြလိမ့်မည်။"

ယေဇကျေလ ၃၁း၁၆ မှာ ဤသို့ ဖတ်ရသည်
"မြေတွင်းထဲသို့ ဆင်းသွားသောသူတို့နှင့်အတူ သူ့ကို မရဏာနိုင်ငံထဲသို့ ငါနှိမ့် ချသောအခါ၊ နှိမ့်ချသံအားဖြင့် လူအမျိုးမျိုးတို့ကို ငါတုန်လှုပ်စေ၏။ ဧဒင် သစ်ပင်ရှိသမျှတို့နှင့် အကောင်းဆုံး အမြတ်ဆုံးသော လေဗနုန်သစ်ပင်မှစ၍၊ ရေကိုသောက်သမျှသော သစ်ပင်တို့သည် မြေအောက်အရပ်တို့၌ သက်သာ ခြင်းသို့ ရောက်ကြ၏။" ယေရှုသည် ကောင်းကင်နှင့်ငရဲသော့ကို ပိုင်သောသူ လည်းဖြစ်သည် (ဗျာဒိတ် ၁း၁၈)။ မဿဲ ၂၅း၃၁-၄၆ တွင် ယေရှုက ပြော သည်မှာ၊ "လူသားသည် မိမိဘုန်းအာနုဘော်ကို ဆောင်လျက်၊ သန့်ရှင်းသော ကောင်းကင်တမန်များ အခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ

ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာ ထိုင်၍၊ ကောင်းသောသူ(သိုး)ကို မကောင်းသောသူတို့မှ (ဆိတ်တို့) အသီးအခြားခွဲ၍၊" ဤသို့ ငါပြောမည် "ကျိန်ခြင်းကိုခံရသောသူတို့၊ မာရ်နတ်နှင့်သူ၏တမန်တို့အဘို့ ပြင်ဆင်သော ထာဝရမီးထဲသို့ ငါ့ထံမှခွာသွားကြလော့။" ဤဘဝ၌ မတရားသောအမှုကို ပြုသောသူတို့သည် "ထာဝရအပြစ်ဒဏ်" ဖြင့် စီရင်ခြင်းကို ခံရကြမည်။ ထိုအကြောင်းအရာကို မဿဲ ရး၂၁-၂၃ ၌ ယေရှုပြောသောစကားနှင့် နှိုင်းယှဉ်ပါ။ "ထိုနေ့၌ ကား၊ သခင် သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေးပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့်နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီ မဟုတ်လော။ ကိုယ်တော်အခွင့်နှင့်များစွာသော တန်ခိုးတို့ကိုပြုပါပြီ မဟုတ်လောဟု အများသော သူတို့သည် လျှောက်ကြလိမ့်မည်။" ထိုအခါ ယေရှုက သူတို့အား ပြန်ပြောမည်မှာ၊ "အဓမ္မအမှုကို ပြုသောသူတို့၊ ငါ့ထံမှ ဖယ်ကြလော့။" ဘုရားသခင်နှင့် ခွဲခွာခြင်းလည်းဖြစ်သကဲ့သို့ ဒုတိယ မွေးဖွားခြင်းမခံရ သောသူတို့၏ အဆုံးသည် ခရစ်တော်မှ ထာဝရကာလသို့ ခွဲခွာခြင်းဖြစ်သည်။ နောက်ဆုံး၌ ယေရှုသည် မီးလျှံအားဖြင့် အပြစ်ဒဏ် ပေးရန်အတွက် ပြန်ကြွလာမည်။ ဒုတိယမွေးဖွားခြင်း မခံရသောသူတို့သည် မာရ်နတ်အတွက် ပြင်ဆင်ထားသောငရဲထဲသို့ ပစ်ချခြင်းကို ခံရမည်၊ အဘယ် ကြောင့်ဆိုသော်၊ ထိုသူတို့သည် "ဘုရားသခင်ကိုမသိ၊ သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကိုလည်း နားမထောင်ကြသောကြောင့်" ဖြစ်သည် (၂ သက် ၁း၈-၉)။ ဗျာဒိတ် ၂၁း၂၇ အရ၊ သိုးသငယ်ယေရှု၏ "အသက်စာစောင်၌ စာရင်းဝင်သောသူတို့သာလျှင်" ကောင်းကင်နိုင်ငံ ဝင်ရမည်။ အခြားသော သူအားလုံးတို့သည် "မီးအိုင်ထဲသို့ ချပစ်ခြင်းကို" ခံရမည် (ဗျာဒိတ် ၂၀း၁၅)။ ထိုသူတို့သည် ဘုရားသခင်ကို မသိသောကြောင့် ကောင်းကင်နှင့် ငရဲသော့ကိုပိုင်သောအရှင်သားတော်ဘုရား၏အမျက်တော်ကို ရိတ်သိမ်းကြရလိမ့်မည်။

## ယေရှုအားဖြင့် ကယ်တင်ခြင်းနှင့် ထာဝရအသက်ရရှိခြင်း
## (Salvation and Eternal Life through Jesus)

ယေရှုကိုယ်တိုင်သည် ကယ်တင်ခြင်းနှင့် ထာဝရအသက်ကို ပေးပိုင်သောအခွင့်တန်ခိုးရှိသူအဖြစ် ဖော်ပြထားပြီး၊ ၎င်းသည် သေတတ်သောလူသား၏အစွမ်းအစ မဟုတ်ဘဲ ဘုရားသခင်သာ ပိုင်သောတန်ခိုးဖြစ်သည်။ ဘုရားသခင်တပါးတည်းသာ ဤတန်ခိုးရှိသည်ဟူသောအချက်သည် ဖြစ်နိုင်ချေရှိပြီး ဓမ္မဟောင်း၌ သွန်သင်ထားသောအချက် ဖြစ်သည်။ သေတတ်သောသူက မသေနိုင်ခြင်းကို ပေးနိုင်သည်ဆိုပါက ၎င်းသည် ကျိုးကြောင်းဆီလျှော်မှုမရှိပါ။ ဟေရှာယ ၄၅း၂၂ ၌ ဘုရားသခင်မိန့် တော်မူသည်မှာ၊ "မြေကြီးစွန်းသားအပေါင်းတို့၊ ငါ့ကို မျှော်ကြည့်၍၊ ကယ်တင်ခြင်းကျေးဇူးကို ခံကြလော့။ ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတပါးအခြားသောဘုရားမရှိ။" တမန်တော် ၂း၂၁ မှာလည်း ဖော်ပြသည်၊ "ထိုအခါထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့ဟု ဘုရားဗျာဒိတ်တော်ရှိ၏။" အလားတူ ယောလ ၂း၃၂ တွင် ကျမ်းစာက ပြောသည်မှာ "ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြ လတံ့။" ဤ "အရှင်ထာဝဘုရား" (Lord) ဟူသောစကားရပ်ကို ယေဟောဝါဘုရားရှင်(Lord Jehovah) ဟု ဘာသာပြန်သည်။ သမ္မာကျမ်းစာက သခင်ယေရှုခရစ်တော်က ထာဝရအသက်ကို ပေးသည်ဟု ရှင်းလင်းစွာ ဖော်ပြသည်။ တမန်တော် ၄း၁၂ ၌ အုပ်ချုပ်သူ ဘာသာရေးခေါင်းဆောင် ကျမ်းပြုဆရာများထံသို့ တရားဒေသနာ ဟောသောအချိန်တွင် ပေတရုကပြောသည်၊ "ထိုသခင်၏ နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟု ထိုသူတို့အား မြွက်ဆို၏။" တမန်တော် ၁၆း၃၁ မှာလည်း ဖော်ပြသည်။

“သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင်သင်နှင့် သင်၏ အိမ်သူ အိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။” ပေါလုက ရောမ ၁း၁၆ ၌ ဖော်ပြသည်မှာ၊ ခရစ်တော်၏ဧဝံဂေလိတရားသည် “ယုံကြည် သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော် ဖြစ်၏။” သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရ၏ဟု ယောဟန် ၃း၃၆ ၌လည်း ဖော်ပြထားသည်။ ကယ်တင်ခြင်းသည် ခရစ်တော် ဟူသော နာမအားဖြင့်သာ ရရှိခြင်းဖြစ်ပြီး ထာဝရအသက်ကို ပေးပိုင်သော နာမ၊ ထာဝရဘုရားအတွက်သာ သုံးသော ဘုရား၏ဂုဏ်တော်ဖြစ်သည်။

## ၆။ ဘုရားဖြစ်ခြင်း၏ ဂုဏ်အင်လက္ခဏာများ

(ဆွေးနွေးချက်မေးခွန်းများ)

1. ယေရှု၏အနန္တတန်ခိုးရှင်ဖြစ်ခြင်း၊ တစ်ချိန်တည်းတွင် နေရာတိုင်းမှာ ရှိနိုင်ခြင်းနှင့် အရာခပ်သိမ်းကို သိခြင်းအကြောင်းတို့ကို ဆွေးနွေးပါ။ ၎င်းအား ထောက်ပြသောကျမ်းပိုဒ်များကို ပြုစုပါ။ ထိုအချက် တစ်ခုချင်းစီသည် ဘုရား၏ဂုဏ်ရည်တော်ဖြစ်သည့်အကြောင်းနှင့် ယေရှု၏ဘုရားဖြစ်ခြင်းကို မည်ကဲ့သို့ ထောက်ခံသည်ကို ဆွေးနွေးပါ။
2. ယေရှု၏မူလအစက တည်ရှိခဲ့ပြီဖြစ်သည့်အကြောင်းနှင့် သူ၏ မပြောင်းမလဲ တည်ရှိခြင်းအကြောင်းကို ဆွေးနွေးပါ။ ထိုအချက်တစ်ခုချင်းကို ထောက်ပြသော ကျမ်းပိုဒ်များကို ဖော်ပြပါ။ ထိုအချက် တစ်ခုချင်းသည် ဘုရားသခင်၏ ဂုဏ်ရည်တော်ဖြစ်သည့်အကြောင်းနှင့် ၎င်းက ယေရှု၏ ဘုရားဖြစ်ခြင်းကို မည်ကဲ့သို့ ထောက်ခံသည်ကို ဆွေးနွေးပါ။
3. ထွက်မြောက်ရာ ၂၀း၃-၄ နှင့် ဟေရှာယ ၄၅ ကို ဆွေးနွေးပါ။ ထိုကျမ်းပိုဒ်များက ဘုရားသခင် တစ်ပါးတည်းသာရှိပြီး ထိုဘုရားကိုသာ ကိုးကွယ်ရမည်ဟု အမှန်ပင် ဖော်ပြသလား။ ယေရှု ကိုးကွယ်ခြင်းခံခဲ့သည့် အကြောင်း ဓမ္မသစ်ကျမ်း၌ထင်ရှားသော သက်သေအထောက်အထားများကို ဆွေးနွေးပါ။ ၎င်းက ယေရှုဘုရားဖြစ်ခြင်းကို မည်ကဲ့သို့ ထောက်ခံမှုပေးပါသနည်း။
4. ဟေရှာယ ၄၅း၂၂-၂၃။ ရောမ ၁၄း၁၁ နှင့် ဖိလိပိ ၂း၉-၁၁ တို့ကို နှိုင်းယှဉ်ပါ။ ဘုရားသခင်သည် မိမိအတို့ တောင်းဆိုသည်နှင့်တူညီသော ရိုသေဂုဏ်ပြုခြင်းကို ယေရှုအားပေးရန် ကျွန်ုပ်တို့ကို မည်ကဲ့သို့တောင်းဆိုသနည်း။

5. ခမ္မဟောင်းနှင့် ခမ္မသစ်နှစ်ခုလုံး၌ ဘုရားတစ်ပါးတည်းသာ အပြစ်လွတ် ပိုင်သောသူဖြစ်သည်ဟု ဖော်ပြသည့်အကြောင်းအရာများကို ဖော်ပြပါ။ ကျမ်းပိုဒ်များကိုလည်း ရေးပါ။
6. ကောင်းကင်နှင့်ငရဲသော့ကို အဘယ်သူပိုင်သနည်း။ ခရစ်တော်၏ဘုရား ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပါ။
7. ယေရှုသည် ကယ်တင်ခြင်းနှင့် ထာဝရအသက်ကိုပေးနိုင်သော အခွင့်အာဏာ ပိုင်ဆိုင်ပါသလား။ ရှင်းပြပါ။ ကျမ်းချက်နှင့် သက်သေပြပါ။

## ၇။ ခရစ်တော်၏ဘုရားဇာတိအပေါ် ကနဦးအသင်းတော်၏ ခံဝန်ချက်
## (Consensus within the Early Church on the Deity of Christ)

ခရစ်ယာန်အသင်းတော်မှ အစောပိုင်း စာရေးဆရာများအတွက် ခရစ်တော်၏ဘုရားဖြစ်ခြင်းအကြောင်းသည် ဖြေကြားရမည့် မေးခွန်းမျိုးပင် မဟုတ်ခဲ့ပါ၊ ယုံကြည်ခံယူချက်တစ်ခုသာလျှင် ဖြစ်ပါသည်။ William Childs Robinson က အသင်းတော်တွင် ယေရှုသည် လူ့ဇာတိကိုခံယူသောဘုရား ဖြစ်သည်ဟု အစကတည်းက ယုံကြည်ခံယူခဲ့ကြသည်ဟု ထောက်ပြခဲ့သည် (Robinson, 66)။ ခရစ်ယာန်ဘာသာသည် အခြေခံအားဖြင့် ကျွန်ုပ်တို့သခင် ယေရှုခရစ်ကို ကိုးကွယ်ခြင်းအရင်းအမြစ်၌ အစပြုတည်ထောင်ခဲ့သော ဘာသာဖြစ်သည်။ အစောပိုင်းသုတေသနတွင် ဤစာရေးဆရာသည် ရှေးရိုးစွဲ အယူဝါဒ အမျိုးမျိုး၊ ယုံကြည်ဝန်ခံချက်များနှင့် အယူဝါဒ၏အနှစ်သာရတို့ကို ဆန်းစစ်ခဲ့သည်၊ အ ကြောင်းမှာ အသင်းတော်၌ ကနဦးအစမှ ယခုခေတ်အထိ ခရစ်ယာန်များသည် ကျမ်းစာအယူဝါဒများ၊ ယုံကြည်ခံယူချက်နှင့်အနှစ်ချုပ် အချက်အခြာများတို့တွင် တစ်သမတ်တည်း၊ တညီတညွတ်တည်း ယုံကြည် ခံယူသည့်အချက်ကို ရှာဖွေခဲ့ခြင်းဖြစ်သည်။ ဤအခြေခံကျသော စာရွက် စာတမ်းများတွင် မေးခွန်းထုတ်ခြင်းမခံခဲ့ရသော အဓိကအယူဝါဒတစ်ခုမှာ သခင်ယေရှု၏ဘုရားဖြစ်ခြင်း အယူဝါဒပင် ဖြစ်သည်(Banfe 2014)။ အကယ် စင်စစ်၊ ကနဦးခံယူချက်အယူဝါဒ အများအပြားတို့သည် မှားယွင်းသော ဩဝါဒများကို တုန့်ပြန်ရန်၊ ကနဦးအသင်းတော်၏ အခြေခံအယူဝါဒများမှ လမ်းလွဲထွက်ခွာသောဝါဒများကို ဖြိုဖျက်ရန် ကြိုးစားခဲ့ကြသည်။ ဥပမာ အားဖြင့် ၎င်းမှားယွင်းသော အယူဝါဒထဲတွင် Arianism ဝါဒတစ်ခုပါဝင်သည် (အေဒီ ၃၂ဝ ဝန်းကျင်၌)။ ၎င်းသည် Arius Alexander သေပြီးနောက် သူ၏

နာမည်နှင့် လိုက်ဖက်အောင်မှည့်ခေါ်၍ သူက ယေရှု၏ဘုရားဖြစ်ခြင်းကို ငြင်းပယ်ပြီး သားတော်သည် ဖန်ဆင်းခံဖြစ်သည်ဟု ဆိုခဲ့သောသူဖြစ်သည်။ Arius ကို အေဒီ ၃၂၅ ဝန်းကျင်လောက်တွင် Nicea ၏ ပထမကောင်စီက အပြစ်တင်ရှုပ်ချခဲ့သည်။ ကောင်စီ၏ လုပ်ဆောင်မှုကြောင့် အခြေခံအားဖြင့် ကျမ်းစာဖော်ပြချက်အရ ခရစ်တော်၏ဘုရားဖြစ်ခြင်းအကြောင်းကို ရှင်းလင်းစွာ အဆိုပြုကြေညာသော Nicene Creed ကို ရရှိခဲ့သည်။ အပိုဒ် ၂ မှာ The Nicene Creed က အောက်ပါအတိုင်း ဖော်ပြသည် ....

*"သခင်ယေရှုတပါးတည်းသာလျှင် ဘုရားသခင်၏တပါးတည်းသော သားတော်၊ ကမ္ဘာ မတည်မရှိမီတည်ရှိသော ဘုရားသခင်၏တပါးတည်းသော သားတော်၊ ဘုရားတကာတို့၏ဘုရား၊ အလင်းတကာ၏အလင်း၊ စစ်မှန်သော ဘုရားသခင်၊ တပါးတည်းသောသား၊ ဖန်ဆင်းခံမဟုတ်၊ အရာခပ်သိမ်းကို ဖန်ဆင်းသော ဘုရားသခင်နှင့်တလုံးတဝတည်း တည်ရှိသောသူ ဖြစ်သည်။"*

ကနဦးခရစ်ယာန်အသင်းတော်၌ ခေါင်းဆောင်များ၏သဘောတူ နားလည်မှုမှာ "လောဂေါ့စ်" (Logos) ဖြစ်သော ခရစ်တော်သည် "ဘုရား" (Theos) ဖြစ်သည်။ ကေန်စင်စစ် ကနဦးအသင်းတော်မှ ထွက်လာသော အရေးအသားအများစုသည် ခရစ်တော်၏ဘုရားဖြစ်ခြင်းကို ဆန့်ကျင် တိုက်ခိုက်နေသည့် မှားယွင်းသော အယူဝါဒများကို တိုက်ဖျက်ရန်အတွက် ရေးသားခဲ့ကြသည်။ အဆိုပါအငြင်းပွားမှုများ၌ အလွန်စိတ်အား ထက်သန်မှုရှိပြီး ယေရှုခရစ်သည် ဘုရားသခင်ဖြစ်တော်မူ၏ဟူသော သမ္မာကျမ်းစာ ဖော်ပြသော အမှန်တရားကို ရိုးသားစွာကြေညာမှုပျက်ကွက်ခြင်း မရှိခဲ့ကြပါ။ အောက်ပါဖော်ပြချက်များသည် ကနဦးခရစ်ယာန်အသင်းတော် ဖခင်များ၏ သက်သေခံချက်တစ်ချို့ ဖြစ်ပြီး၊ ထိုသူတို့မှာ တမန်တော်ယောဟန် မသေခင် အချိန်မှစ၍ အေဒီ (၄)ရာစု နှောင်းပိုင်းအထိ လူသိများ အများဆုံးဖြစ်သော

ဘာသာရေးပညာရှင်များ၊ ကျမ်းတတ်ပုဂ္ဂိုလ်များနှင့် ခရစ်ယာန်ဘုန်းကြီး များဖြစ်ကြသည်။ ယောဟန်မသေမီ ပထမရာစုအကုန်ပိုင်းမှာ၊ ရောမမြို့၏ ကလီမင် (Clement of Rome) က ကောရိန္တုအသင်းတော်သို့ ပေးပို့သော သူ၏ပေးစာ ဒုတိယစောင်၌ ဖော်ပြသည်မှာ၊ "ညီအစ်ကိုတို့၊ ယေရှုခရစ်ကို ဘုရားသခင်ကဲ့သို့ ထင်မှတ်ကြရမည်၊ အသက်ရှင်သောသူတို့ကို လည်း ကောင်း၊ သေသောသူတို့ကိုလည်းကောင်း တရားစီရင်သောသူအဖြစ် မှတ်ယူ ရမည်" ဟု (Clement of Rome, 92-99) မှာ ရေးသားထားပါသည်။ တစ်ချိန် တည်းမှာပင် တမန်တော်ယောဟန်၏တပည့်ဖြစ်သူ၊ အန္တိအုတ်မြို့၏ ဂိုဏ်း ချုပ်ဘုန်းတော်ကြီး Ignatius က သူ၏ ထရာလျန်သို့ပေးစာ (Epistle to Trallian) ၌ "ငါတို့၏ဘုရားသခင် ယေရှုခရစ်၌ မခွဲမခွာဘဲ ဆက်လက်တည် နေကြသည်" ဟု ရေးသားခဲ့သည် (Ignatius Bishop of Antioch, 1, c. AD 110) ။ ဖေက်သို့ပေးပို့သော သူ၏ စာစောင်၌လည်း ယေရှုအကြောင်းကို ဤသို့ရေးခဲ့သည်၊ "ထာဝရအသက်ကို ပြုပြင်တော်မူခြင်းငှါ ဘုရားသခင် ကိုယ်တော်တိုင် လူ့ပုံသဏ္ဍာန်အားဖြင့် ထင်ရှားတော်မူ၏" (Ignatius Bishop of Antioch 2, c. AD 110) အန္တိအုတ်မြို့၏နှောင်းပိုင်း ဂိုဏ်းချုပ် ဘုန်းတော်ကြီး သီအိုဖီးလပ်စ် (Theophilus) ကလည်း ရေးသားခဲ့သည်၊ "ဘုရားသခင်၏ရေးသားချက် ကိုယ်တိုင်က ကျွန်ုပ်တို့အား "အာဒံက အသံ တော်ကိုကြားခဲ့သည်ဟု" သွန်သင်သည်၊ ၎င်းအသံတော်မှာ သားတော်ဘုရား ၏ အသံတော်ပင်ဖြစ်သည်။ (Theophilus, 60)

နောက်ထပ်စိတ်ဝင်စားစရာကောင်းသော ကနဦးအသင်းတော်၏ စာရွက်စာတမ်းသည် အမည်မဖော်လိုသောသူ၏ "တပည့်" ဟု အနက်ဖွင့်ဆို ရသော မာသဲတပ်စ် (Mathetes) က ဗာဟီရဝါဒ (a pagan Diognetius)ခံယူ သူအား ပေးပို့သောစာစောင်ဖြစ်သည်။

သူကရေးခဲ့သည်မှာ၊ "ရှင်ဘုရင်က ဘုရင်လည်းဖြစ်တော်မူသော သူ၏သားတော်ကို ရှင်ဘုရင်အဖြစ် စေလွှတ်ခဲ့သည်၊ ဘုရားသခင်အဖြစ် စေလွှတ်ခဲ့သည်၊ လူသားအဖြစ်လည်း စေလွှတ်ခဲ့သည်၊ ကယ်တင်သောအရှင်အဖြစ်လည်း စေလွှတ်ခဲ့သည်။"

Justine Martyr သည် ဂရိအယူမှားမိဘနှစ်ပါး၏ သားတစ်ဦးဖြစ်ပြီး အပြောအဆို၊ ကဗျာ၊ သမိုင်းနှင့် ဂရိအတွေးအခေါ်ပညာသင်ကျောင်း အများအပြားမှ ပညာသင်ယူခဲ့သူဖြစ်သည်။ သူသည် အရှင်လတ်လတ် အသတ်ခံရသော ခရစ်ယာန်အာဇာနည်များ၏ စိတ်အားထက်သန်မှုနှင့် တည်ကြည်မှုကို အလွန်အထင်ကြီးခဲ့သူဖြစ်သည်။ ဘုရားသခင်၏ အကြံစည်တော်အားဖြင့် အသက်ကြီးသူ ခရစ်ယာန်အမျိုးသားတစ်ဦးနှင့် တွေ့ဆုံပြီး ထိုသူ၏ သက်သေခံချက်ကြောင့် သူ၏ဝိညာဉ်ထဲ မီးလျှံတောက်လာသဖြင့် သူသည်လည်း ခရစ်ယာန် ဖြစ်လာခဲ့သည်။ သူသည်လည်း သူ၏ခရစ်ယာန် ယုံကြည်ခြင်းကို စွန့်လွှတ်ရန် ငြင်းဆန်ခဲ့သဖြင့် နောက်ဆုံး၌ ခေါင်းဖြတ်အသတ်ခံခဲ့ရပါသည်။ Tropho နှင့် သူ၏ဆွေးနွေးပွဲတွင် သူကပြောခဲ့သည်မှာ၊ "ခရစ်တော်သည် ရှင်ဘုရင်၊ ယဇ်ပုရောဟိတ်၊ ဘုရားနှင့်သခင်လည်းဖြစ်သည်...၊ သူသည် ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းသော သားတော်အဖြစ် အစအဦး၌ တည်ရှိခဲ့ပြီး၊ ဘုရားသခင်ဖြစ်သည့်အားလျော်စွာ အပျိုကညာအားဖြင့် မွေးဖွားခဲ့သောသူလည်းဖြစ်သည်" (Martyr, 140)။ တေရှန် (Tatian)သည် ဆီးရီးယားမှရောမမြို့သို့ရောက်ရှိလာပြီး၊ Justine Martyr ၏ ကျောင်းသားဖြစ်၍ ခရစ်ယာန်ဘာသာသို့ ပြောင်းလဲ လာခဲ့သူဖြစ်သည်။ သူ၏ လှုံ့ဆော်မိန့်ခွန်း၌ ဂရိအယူမှားသူအား ဤသို့ လိုက်လိုက်လှဲလှဲ ရေးခဲ့သည်။- "ဂရိလူမျိုးတို့၊ ဘုရားသခင်သည် လူ့ပုံသဏ္ဍာန်အားဖြင့် ဖွားမြင်ခံခဲ့သည်ဟု ကျွန်ုပ်တို့တင်ပြသောအခါ ကျွန်ုပ်တို့သည် လူမိုက်မဟုတ်၊ အဓိပ္ပါယ်မရှိ

သော ပေါက်တ်ကရစကားမျိုး ပြောခြင်းလည်းမဟုတ်” (Tatian, 170)။ ဟူ၍ ရေးသားခဲ့လေသည်။ ခုနှစ်တိကျမှုရှိခြင်း မရှိခြင်းအပေါ် အနည်းငယ် ပြဿနာရှိသော်လည်း၊ ဒုတိယရာစု နှောင်းပိုင်းရှိ ကနဦးအသင်းတော်၏ စာရေးဆရာများက အသင်းတော်များ၏ မှားယွင်းသောဝါဒများ၊ အထူး သဖြင့် Gnosticism အား တုံ့ပြန်ချေပသောအားဖြင့် ရေးသားခဲ့သည့် အရေး ကြီးသော ခုခံကာကွယ်ခြင်း စာရွက်စာတမ်းများတစ်ချို့ရှိပါသည်။ နောက် ပိုင်းတွင် ဂိုဏ်းအုပ် လီယွန် (Bishop of Lyons) ဖြစ်လာခဲ့သူ အီရေနပ်(စ်) (Irenius) သည် တမန်တော်ယောဟန်၏ တရားဒေသနာကို ကိုယ်တိုင် ကြားခဲ့သူ ပိုလီကာပ် (Polycarp)၏ သင်ကြားမှုများကို ကြားခဲ့ပြီး ခရစ်ယာန် ဘာသာသို့ ပြောင်းလဲလာခဲ့သူဖြစ်သည်။ သူ၏အရေးကြီးသော လုပ်ဆောင်မှု တစ်ခုမှာ မှားယွင်းသောဩဝါဒကို ငြင်းဆန်ခြင်း (Refutation of Heresies) ဟူသော စာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် ပြိုင်ဘက်ဖြစ်သည့် နောစတစ် (Gnostic) ဝါဒကို ဆန့်ကျင်ပြီး ရှေးရိုးစွဲခရစ်ယာန်ဘာသာကို ခုခံကာကွယ် ခဲ့သည် (Irenaeus, 120-202)။ သူရေးသားချက်တစ်ခုမှာ၊ “ခရစ်တော်ယေရှု၊ ငါတို့၏သခင်နှင့်ဘုရား၊ ကယ်တင်ရှင်နှင့် ဘုရင်သည်” ဟုပြောပြီးနောက်မှာ ဆက်ပြောသည်မှာ၊ ...

“သို့သော်လည်း၊ သူသည် သူ၏ကိုယ်ပိုင်အခွင့်အရေး ရှိသည်၊ အသက်ရှင်ခဲ့ဖူးသော လူသားအားလုံးအထက်မှာ ရှိပြီး၊ ပရောဖက်များနှင့် တမန်တော်များအားလုံးက သူ့အကြောင်းကို ဟောပြောခြင်းခံခဲ့သောဘုရား၊ အရှင်သခင်၊ ထာဝရရှင်ဘုရင်၊ လူ့ဇာတိကိုခံယူသော နှုတ်ကပတ်တော် ဖြစ် သည်၊...သူသည် အခြားသူများကဲ့သို့ သာမန်လူတစ်ယောက်သာဖြစ်ခဲ့လျှင် သမ္မာ ကျမ်းစာက ဤမျှလောက် သူ့အကြောင်းကို သက်သေခံလိမ့်မည် မ ဟုတ်။” ဟူ၍ ရေးသားခဲ့သည်။

ဟီပေါ်လီတပ် (Hippolytus) သည် ဒုတိယရာစု နှောင်းပိုင်းတွင် ခရစ်ယာန် ယုံကြည်ချက်ကို ခုခံကာကွယ်သူနှင့် ကျမ်းတတ်ပညာရှင်တစ်ဦးဖြစ်ပြီး၊ လူသိအများဆုံး သူ့အလုပ်တစ်ခုမှာ အဆိုပါမှားယွင်းသော ခံယူချက်ဩဝါဒ (Gnostic Heresies) ၏ မမှန်ကန်ကြောင်းကို ဖော်ထုတ်ခံသူ ဖြစ်ပါသည်။ သူက ရေသားခဲ့သည်မှာ .....

> "ခရစ်တော်သည် အလုံးစုံတို့၏အထက်၌ရှိသောဘုရား ဖြစ်တော်မူ၏၊ အလုံးစုံတို့ကို အစိုးရတော်မူသော ဘုရားသခင်လည်းဖြစ်သည်၊ ထိုကြောင့် "ငါ့ခမည်းတော်၏ လက်တော်သည် အလုံးစုံတို့ကို ငါ၌ အပ်ပေးတော်မူပြီ" ဟု သူက ရဲရင့်စွာ မိန့်တော်မူ၏။ အလုံးစုံတို့ကို အစိုးရတော်မူသော၊ ဘုရားသခင် ကောင်းကြီးပေးသော သူသည် မွေးဖွားခြင်းကိုခံ၍၊ ထာဝရကာလ၌ ဘုရားဖြစ်သော်လည်း... လူသားဖြစ်လာပြီးမှ အနန္တတန်ခိုးရှင်ခရစ်တော်ဟု ခေါ်ဝေါ် သမုတ်ခြင်းကို ခံခဲ့သည်" (Hippolytus, 190) ဟူ၍ ဖြစ်သည်။

Justine Martyr ကဲ့သို့ အလက်ဇန္ဒြီယားမြို့သား ကလေးမဲင်း (Clement of Alexandria) သည် ဂရိအယူလွဲမှားသော (Greek pagans) မိဘမှ မွေးဖွားလာသူဖြစ်သည်။ သူသည် ကျမ်းတတ်ပညာရှင်နှင့် စာရေးသူတစ်ဦးဖြစ်ပြီး သူ၏နောက်ဆုံးဆရာဖြစ်သော ပန်တေနပ်စ် (Pantaenus) အားဖြင့် ခရစ်ယာန်ဘာသာသို့ ပြောင်းလဲလာခဲ့သူဖြစ်သည်။ သူကလည်း ကယ်တင်ခြင်းသည် အသိပညာအားဖြင့် ရရှိနိုင်သည်ဟုသွန်သင်သော မှားယွင်းသော အယူဝါဒ (gnostic Heresy) ကို တုံ့ပြန်တိုက်ခိုက် ရေးသားခဲ့သည်။ သူသည် ဂရိလူမျိုးများအား တိုက်တွန်းနိုးဆော်ရာ၌ ရေးသားခဲ့သည်မှာ၊

> "နှုတ်ကပတ်တော်၊ သို့မဟုတ်၊ ခရစ်တော်သည် ဘုရားသခင်၌ရှိခဲ့သူ ကျွန်ုပ်တို့၏ကနဦးအစပြုသူနှင့် ကောင်းမွန်သောဖြစ်တည်မှုတို့ကို

ဖန်ဆင်းပေးသောသူဖြစ်သည်၊ ယခုအခါ ထိုနှုတ်ကပတ်တော်သည် လူသားအဖြစ် ထင်ရှားလာခဲ့ပြီး၊ သူတပါးတည်းသာလျှင် ဘုရားနှင့် လူ နှစ်ပါးလုံးအဖြစ်တည်ရှိကာ ကျွန်ုပ်တို့အတွက် ကောင်းမြတ်ခြင်း အလုံးစုံ၏ အရင်းအမြစ်လည်း ဖြစ်သည်။"

သူသည် ဤကဲ့သို့ ယေရှုခရစ်တော်၏ဘုရားဖြစ်တော်မူကြောင်းကို ကနဦး ခရစ်ယာန်အသင်းတော်ရှိ အခြားသောစာရေးဆရာများအား ထောက်ခံမှု ပေးခဲ့သည်။ ၃ရာစုနှင့် ၄ရာစုနှစ်များအတွင်း၌ ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို အတည်ပြုထောက်ခံသူ ခရစ်ယာန်ကလောင်ရှင်များအဖြစ် ထင်ရှား ကျော်ကြားသောသူ အများအပြား ရှိပါသေးသည်။ နိုဗေရှင် (Novation)သည် ၃ ရာစု အစောပိုင်းရှိ ဓမ္မပညာရှင်၊ ကျမ်းတတ်ဆရာ၊ ခရစ်ယာန်ဘုန်းကြီးနှင့် အန်တီ-ပုပ်ရဟန်းမင်းကြီး (c. AD 250-258) ဖြစ်ခဲ့သည်။ သူ၏ရေးသား ချက်မှာ၊

"သမ္မာကျမ်းစာက ခရစ်တော်၏ဘုရားဖြစ်ခြင်းကို ကြေငြာသကဲ့သို့၊ ဘုရားသခင်၏လူသားဖြစ်ခြင်းကိုလည်း ကြေငြာသည်။ ယေရှုခရစ်တော်သည် လူသားဖြစ်သည်ဟုဖော်ပြသကဲ့သို့ သခင်ခရစ်တော်သည် ဘုရားသခင်ဖြစ်တော်မူကြောင်းကိုလည်း ဖော်ပြသည်။" (Novatian, 235)

တာတူးလျန် (Tertulian) သည် အေဒီ ၂၀၀ ခန့်တွင် စာရေးသူတစ်ဦးဖြစ်ပြီး ရှေးဟောင်း Carthage မြို့၌ နေထိုင်ခဲ့သူဖြစ်သည်။ သူသည် လက်တင်ဘာသာ စကားအားဖြင့် ပထမဦးဆုံး ခရစ်ယာန်စာရေးဆရာအဖြစ် လူသိများခဲ့ပြီး၊ မူရင်းစာနှင့် အလွန်ထူးခြားသော အကြောင်းအရာများကို ရေးသားခဲ့သည်။ တာတူးလျန်ကပြောသည်မှာ - "တစ်ဖက်မှာ မွေးဖွားသောသူနှင့် အခြားတစ်ဖက်မှာ မမွေးဖွားသောသူဖြစ်ခြင်း နှစ်ခုလုံးသည် သူ၏လူသား

ဖြစ်ခြင်းနှင့် ဘုရားဖြစ်ခြင်းတို့၏ ဇာတိဇစ်မြစ်ကို ဖော်ပြသည်။" ဆက်လက်၍ သူက၊ သို့သော်၊ "ဘုရားနှစ်ပါး" သို့မဟုတ် "သခင်နှစ်ပါး" ဟူသော စကားရပ်ကို တွင်ကျယ်သွားစေရန် ချန်လှပ်ပေးထားသည်မဟုတ်ပါ၊ ခမည်းတော်သည် ဘုရားသခင်ဖြစ်သည်၊ သားတော်သည် ဘုရားသခင်ဖြစ်သည်၊ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ဘုရားသခင်ဖြစ်သည်ဟူသော စကားသည် မှားယွင်းသော စကားမဟုတ်ပါ။ (Tertullian, 215)

အာရ်နိုးဗီးယပ်စ် (Arnobius)သည် ဘုရားမဲ့ဝါဒ ဟီသန် (heathen) ကို တိုက်ခိုက်ပြီး ခရစ်ယာန်ယုံကြည်ချက်ကို ခုခံကာကွယ်ရာ၌ ဉာဏ်များသော ဒီအိုကလဲရှင်း (Diocletian) အစိုးရချိန်၊ ၄ ရာစု၌ မှားယွင်းသော အယူဝါဒ ဆန့်ကျင်ခြင်း (Against the Pagans) ဟူသော စာအုပ်ကို ရေးသားခဲ့သည်။ အခြားသူများနည်းတူ၊ ဤအလုပ်သည် ဘုရားမဲ့ဝါဒ မှားယွင်းကြောင်းကို တိုက်ရိုက်ဆန့်ကျင်ပြီး ရှေးရိုးစွဲ ခံယူချက်အယူဝါဒကို တည်ဆောက်ရန် ကြိုးစားခဲ့သည်။ ၎င်း၌ ရေးသားဖော်ပြသည်မှာ၊

> "သင်သည် လူသားအဖြစ်မျှသာ မွေးဖွားသူကို ကိုးကွယ်သည်ဟု ငါ၏ပြိုင်ဘက်က ပြောသည်၊ ထိုအကြောင်းအရာသည် မှန်ခဲ့လျှင် အရှေ့စာမျက်နှာတွင် ဖော်ပြခဲ့ပြီးသကဲ့သို့ ငါတို့အား ရက်ရောစွာ ပေးကမ်းခဲ့သော ဆက်ဆောင်ကျေးဇူးများကို စဉ်းစားသုံးသပ်ပါက သူ့ကို ဘုရားသခင်ဟုသာ ခေါ်ဆိုရမည် ဖြစ်သည်။ သူသည် သံသယအရိပ်ရောင်ကင်းသော ဘုရားသခင် ကေန်အမှန် ဖြစ်သည်။"

အသနစီးယပ်စ် (Athanasius)သည် ဤ စူးစမ်းလေ့လာချက်စာအုပ်တွင် နောက်ဆုံးဖော်ပြသည့် ကနဦးအသင်းတော်၏ စာရေးသူဖြစ်ပါသည်။ သူသည် အသနစီးယပ်စ်ယုံကြည်ချက် (Athanasian Creed)၏ စာရေးသူအဖြစ် ကျော်ကြားထင်ရှားသူဖြစ်သည်။ အဆိုပါ အသနစီးယပ်စ် ယုံကြည်

ချက်သည် သုံးပါးတဆူဘုရား ယုံကြည်ခံယူချက်ကို ထောက်ခံသောဝါဒ၏ မူလဇစ်မြစ်ဖြစ်သည်။ ထို အသနစီးယပ်စ် ၏ ယုံကြည်ချက်၌ အသနစီးယပ်စ် က ရေးသားခဲ့သည်မှာ၊ "ခမည်းတော်သည် သားတော်နှင့်တစ်လုံးတဝတည်း ဖြစ်သကဲ့သို့၊ သူ၏ နှုတ်ကပတ်တော်သည် သားတော်နှင့်တလုံးတဝတည်း ဖြစ်၍ သူသည် အလုံးစုံ၏ ဘုရားသခင်လည်း ဖြစ်တော်မူ၏" (Athanasius, circa 290 - 370)။ ၎င်းသည် ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ရှင်းလင်းစွာ အတည်ပြုသော နောက်ထပ် အချက်အလက်ဖြစ်သည်။

အတိုချုပ်အားဖြင့် ပြောရလျှင်၊ ကနဦးခရစ်ယာန်စာရေးသူများ၊ ခရစ်ယာန်ဘုန်ကြီးများ၊ ဓမ္မပညာရှင်များ၊ ကျမ်းတတ်ဆရာများနှင့် ယဇ် ပရောဟိတ်များတို့က ကယ်တင်ရှင် ယေရှုခရစ်သည် ဘုရားသခင်ဖြစ်တော် မူကြောင်းကိုလည်းကောင်း၊ အနန္တတန်ခိုးရှင်ဖြစ်ကြောင်းကိုလည်းကောင်း အားကျိုးမာန်တက် ကြေညာခဲ့ကြသည့် သက်သေအထောက်အထား အများ အပြားရှိပါသည်။

## ၇။ ခရစ်တော်၏ဘုရားဇာတိအပေါ် ကနဦးအသင်းတော်၏ ခံဝန်ချက်

(ဆွေးနွေးချက်မေးခွန်းများ)

1. ကနဦး ခရစ်ယာန်အသင်းတော်၏ စာရေးသူများသည် ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို မည်ကဲ့သို့ ယုံကြည်ခဲ့ကြသနည်း။
2. ယေရှုသည်ဘုရားမဟုတ်၊ ဖန်ဆင်းခံသာဖြစ်သည်ဟူသော ယေဟောဝါ သက်သေ (Jehovah's witnesses) များက ဟောပြောသည့် မှားယွင်း သောအယူဝါဒ (Heresy) ၏ အမည်နာမသည် မည်သို့ဖြစ်သနည်း။
3. ယုံကြည်ဝန်ခံမှုများထဲမှ ယေရှု၏ဘုရားဖြစ်ခြင်းကို မည်သည့်အသင်း အဖွဲ့က အသေးစိတ် ဖော်ပြသနည်း။ ခန့်မှန်းခြေအားဖြင့် မည်မျှနည်း?
4. ရောမမြို့ ဂိုဏ်းအုပ် ကလဲမဲင့်(Clement of Rome)၊ အိနာတပ်Ignatius) နှင့် သီအိုဖီလာစ် (Theophilus)တို့က ခရစ်တော်၏ဘုရားဖြစ်ခြင်းနှင့် ပတ်သက်၍ မည်ကဲ့သို့ ဖော်ပြခဲ့ကြသနည်း။
5. Justine Martyr နှင့် Tatian တို့က ခရစ်တော်၏ဘုရားဖြစ်ခြင်းကို မည်သို့ ဖော်ပြခဲ့ကြောင်း ဆွေးနွေးပါ။
6. မှားယွင်းသောဩဝါဒ ဆန့်ကျင်ခြင်းစာအုပ်၌ ဘုန်းတော်ကြီးလီယွန် (Bishop of Lyons)နှင့် ဂရိများအား လှုံ့ဆော်သောဩဝါဒ၌ ဘုန်းတော် ကြီးအလက်ဇန္ဒြါး (Clement of Alexandria) တို့က ယေရှုသည်ဘုရား ဖြစ်ကြောင်းကို အဘယ်သို့ ပြောခဲ့ကြသနည်း။
7. အသနစီးယပ်စ် (Athenasius) က မည်သည့်ယုံကြည်ချက်ကို ရေးခဲ့ပြီး၊ ၎င်းယုံကြည်ချက်က မည့် သို့သောခံယူချက်ဩဝါဒကို ထောက်ပံ့ပေး သနည်း။ ၎င်းသည် ယေရှုသည် ဘုရားဖြစ်ကြောင်းကို ထောက်ခံထား ပါသလား။ သုံးပါးတစ်ဆူဘုရား ခံယူချက်ဩဝါဒသည် ယေရှု၏ဘုရား ဖြစ်ခြင်းကို ထောက်ခံမှုပေးပါသလား။

## နိဂုံး (Conclusion)

ဤ သုတေသနစာတမ်း၏ အဓိကရည်ရွယ်ချက်မှာ စာဖတ်သူအတွက် ငြင်းပယ်၍ မရသော ခရစ်တော်၏ ဘုရားဖြစ်ခြင်းသက်သေကို ဖော်ပြရန်ဖြစ်ပါသည်။ ခရစ်တော်၏ဘုရားဖြစ်ခြင်း သက်သေအထောက်အထား အများစုသည် သန့်ရှင်းသော သမ္မာကျမ်းစာထဲမှသာ ကောက်နုတ်ထားခြင်း ဖြစ်ပါသည်။ ထို့အပြင် နောက်ထပ် အထောက်အကူပြု အချက်အလက်များသည် ကနဦးခရစ်ယာန် အသင်းတော်ဖခင်များက သဘောတူညီစွာ ယုံကြည်ခံယူချက်နှင့် ရေးသားပြုစုထားသော စာရွက်စာတမ်းများမှလည်း ကောက်နုတ်ထားသည်။ သမ္မာကျမ်းစာဟူသည် အမှားအယွင်းကင်းသော၊ အမှားမရှိနိုင်သော၊ အကြွင်းမဲ့နှင့် အမြင့်ဆုံးအခွင့်အာဏာရှိသော ဘုရား၏နှုတ်ကပတ်တော်ဖြစ်ပြီး၊ ကျွန်ုပ်တို့ ယုံကြည်ခြင်းနှင့် ကျင့်သုံးမှုအတွက် မပြောင်းလဲသော စံပြလည်းဖြစ်သည်ဟူသော ခံယူချက်အပေါ်၌ ဤလေ့လာမှုကို အခြေခံထားသည်။ ခရစ်တော်၏ဘုရားဖြစ်ခြင်း အနက်အဓိပ္ပါယ်သည် နာဇရက် မြို့သား ယေရှုနှင့် ဘုရားသခင်သည် ပုဂ္ဂိုလ်အားဖြင့် အဆုံးမဲ့၊ မပြောင်းမလဲ၊ ထာဝရဖန်ဆင်းရှင်နှင့် စကြာဝဠာကို အစိုးရသောသူအဖြစ် တလုံးတဝတည်းဖြစ်ကြပြီး အတူတူလည်းဖြစ်၍ ယေရှုခရစ်သည် အတိတ်ကာလမှာ ဘုရားဖြစ်ခဲ့ပြီး ပစ္စုပ္ပန်ကာလမှာလည်း ဘုရားဖြစ်နေဆဲဖြစ်ပြီး အနာဂတ်ကာလမှာလည်း ဘုရားဖြစ်နေဦးမည့်သူ ဖြစ်သည်။ အဆိုပါ သုတေသနမှ ခရစ်တော်ဘုရားဖြစ်ခြင်း၏ အထောက်အထားများသည် "ရေစီးကြောင်း" ခုနစ်ခု အပေါ်မှာ တည်မှီထားပါသည်။ ပထမချက်အနေဖြင့်၊ ယေရှု၏ ဘုရားဖြစ်ခြင်းအကြောင်းကို အခိုင်အမာပြောဆိုချက်တစ်ခုသည် သမ္မာကျမ်းစာမှ ဖြစ်သည်။ "ကြီးမြတ်သော ဘုရားသခင်တည်းဟူသော၊ ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင် ယေရှုခရစ်၏" (တိတုဩဝါဒစာ

၂း၁၃)။ ဒုတိယအချက်၊ သမ္မာကျမ်းစာ၌ မှတ်တမ်းတင်ထားသော ပရောဖက် ဟော ပြောချက်များက လူ့ဇာတိကို ခံယူခဲ့သောကယ်တင်ရှင်သည် ဘုရား ဖြစ်သည်ဟု ရှင်းလင်းစွာ ဖော်ပြ သည်။ တတိယအချက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ယေရှုအတွက် မယုံနိုင်လောက်အောင် ကြွယ်ဝစွာ အသုံး ပြုဖော်ပြထားသော ဘုရားဘွဲ့နာမနှင့် ဂုဏ်ပုဒ်များက ယေရှု၏ဘုရား ဖြစ်ခြင်းကို ဖော်ပြသည်။ စတုတ္ထအချက်၊ သခင်ယေရှုကိုယ်တော်နှင့် ပတ်သက်၍ သူကိုယ်တိုင်ပြောသောစကား၊ "အာဗြဟံမတိုင်မှီ ငါရှိသည်" ဟူသောစကားသည် ယေရှု၏မိမိကိုယ်ကို ဘုရားအဖြစ် အသိအမှတ် ပြုခြင်း ဖြစ်ကြောင်း ယေရှုက ထင်ရှားပြသခဲ့သည်။ ပဥ္စမအချက်၊ ယေရှု၏ဘုရား ဖြစ်ခြင်းသက်တော်စဉ်၊ အပြစ်မကျူးလွန် နိုင်ခြင်းအမှု၊ အပြစ်နှင့်ကင်းသော ခရစ်တော်၊ သေတတ်သော အခြားလူသားနှင့် မတူမွေးဖွားခြင်း၊ ယုတ္တိဗေဒ၊ သဘာဝနှင့် သိပ္ပံပညာကို စိန်ခေါ်သော နိမိတ် လက္ခဏာများ ပြခြင်းတန်ခိုး၊ လူတွေ နားမလည်နိုင်သော လူ့အစွမ်းထက် ကျော်လွန်သော သူ၏ကိုယ် ကျိုးစွန့်မေတ္တာ၊ သူ၏သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့ တက်ခြင်းနှင့် ပြန်လည်ကြွ လာခြင်းတို့အားလုံးက ယေရှု၏ဘုရားဖြစ်ခြင်း ကို ညွှန်ပြကြသည်။ ဆဋ္ဌမအချက်၊ ဘုရား၏ ဂုဏ်ရည် တော်များ ခရစ်တော် နှင့် ဘုရားသခင်တို့ အတူဝေမျှခြင်းက သူတို့အတူတူပင်ဖြစ်ကြောင်း ဖော်ပြ သည်။ ကျမ်းစာ၌ ဖော်ပြထားသော ထိုဘုရားဂုဏ်ရည်တော်၊ အရည်အချင်း များသည် ယေဟောဝါ ဘုရားသခင်တစ်ပါးတည်းအတွက် သီးသန့်ဖြစ်သော် လည်း ၎င်းတို့သည် ငါတို့သခင်ယေရှုခရစ်အား ရည်ညွှန်း၍လည်း ဖော်ပြခဲ့ သည်၊ ထိုအချက်က ယေရှုသည်လည်း ယေဟောဝါဘုရားဖြစ်သည့် အကြောင်း ထင်ရှားစွာပြသနေသည်။ သတ္တမအချက်၊ ဤသုတေသနသည် ကနဦးခရစ်ယာန် အသင်း တော်၌ သဘောတူ ယုံကြည်ခံယူခဲ့ကြသော

ဝါဒများအားဖြင့် ငါတို့၏သခင်ယေရှုခရစ်သည် လူ့ဇာတိ ကိုခံယူသော ဘုရား ဖြစ်သည်ဟု ထင်ရှားစွာ ထုတ်ဖော်ပြသသည်။ ငါတို့၏ယုံကြည်ခြင်းအတွက် ခရစ်တော်ဘုရားဖြစ်ခြင်းမှလွဲ၍

အခြားအရေးကြီးသောအချက်မရှိပါ။ ၎င်းအမှန်တရားကို ကနဦး ခရစ်ယာန် အသင်းတော်များက ခရစ်တော်၏ဘုရားဖြစ်ခြင်းကို ငြင်းပယ် သော မှားယွင်းသောဝါဒများကို မကြာခဏပင် ဆန့်ကျင်တိုက်ခိုက်ပြီး အမှန် တရားကို ခုခံကာကွယ်ခဲ့ကြသည်။ ဤစာအုပ်အယ်အားဖြင့် ခရစ်တော်၌ ညီအစ်ကိုများအတွက် ကောင်းကြီးမင်္ဂလာ ဖြစ်စေလျှက်၊ အခြေခံကျသော ခရစ်ယာန်ယုံကြည်ခြင်းကို လေ့လာရာ၌ အထောက်အကူပြု၍၊ မိမိကိုယ်ကို ခရစ်ယာန်ဖြစ်ကြောင်း သေချာပြီး "ယေရှုသည်ဘုရားဖြစ်ပြီး၊ ဖြစ်နေဆဲနှင့် ဖြစ်နေဦးမည့်အကြောင်း"ကို ငြင်းပယ်သည့် အယူဝါဒ မှားယွင်းသော အစွန်း ရောက်သူများအပါအဝင် လူအသီးသီးတို့အား မှန်ကန်တိကျသည့် အဖြေကို ပေးနိုင်ရန်အတွက် အထောက်အကူဖြစ်စေရန် မျှော်လင့်ပါသည်။ ဤစာရေး သူသည် ကျမ်းစာ၌ဖော်ပြထားသည်။ ငြင်းပယ်၍မရသော အမှန်တရားများ ကို စုဆောင်းလေ့လာစဉ် အလွန်စိတ်လှုပ်ရှားခဲ့ပါသည်။ ခရစ်ယာန်များ အနေဖြင့် လက်ဝါးကားတိုင်မှ ဘုရားသခင်၏ပလ္လင်တော်သို့ ရောက်ရှိသော လမ်းကို ကျမ်း စာ၌ ရှာဖွေတွေ့ရှိနိုင်ရန်အတွက် သဲလွန်စများကို ဘုရား သခင်က ချန်ရစ်ပေးခဲ့သည်။ ပိုးချည်စကဲ့သို့အရှုပ်အထွေးများပြီး မရှင်းလင်း သည့် သက်သေများကို နှစ်ဖက်လှအထည် ကဲ့သို့ဖြစ် သော သူ၏နှုတ်ကပတ် တော်ထဲမှာ ရှင်းလင်းစွာ ယှက်နွယ်ချိတ်ဆက်ပေးထားသည်။ ထိုနှုတ်ကပတ် တော်၌ ယေရှုအကြောင်းကြေငြာသည်မှာ ကျွန်ုပ်တို့သခင်ယေရှုခရစ်သည် ပရောဖက်၊ ယဇ်ပရောဟိတ်၊ ရှင်ဘုရင်၊ သန့်ရှင်းသောဘုရားနှင့် အရှင်သခင်၊ ကျွန်ုပ်တို့အတွက် မိမိကိုယ်ကို နှိမ့်ချပြီး၊ ကျွန်ုပ်တို့အား ငရဲမီးအိုင်မှရွေးနှုတ်

ကယ်တင်ရန် ကိုယ်တိုင်နာကျင်ခြင်းဝေဒနာကိုခံကာ ယဇ်ပူဇော်ခဲ့သောသူ ဖြစ်သည်။ အဆိုပါ အထည်အဝါရောင်စဉ်ကို သန့်ရှင်းသောဝိညာဉ်တော် ကသာ ဖွင့်ပြသည် ဖြစ်၍ သာမန် မဟုတ်သော လူကသာလျှင် မြင်နိုင်မည် ဖြစ်သည်။ ၎င်းသည် ဘုရားသခင်ကိုယ်တိုင်က မြေပေါ်မှာ တံထွေးထွေး၍ တံထွေးနှင့်ရွှံ့လုပ်ကာ ကျွန်ုပ်တို့မျက်စိမြင်စေခြင်းငှါ ထိုရွှံ့ကို ကျွန်ုပ်တို့၏ မျက်စိ၌ ကပ်လိမ်းပေးသကဲ့သို့ ဖြစ်ပါသည်။ ဤအံ့သြဖွယ်ကောင်းသော မြင်ကွင်းသည် လှပလွန်းလှသော ချည်သားဖြင့် ချုပ်စပ်ထားသော နှစ်ဖက် အထည်ကဲ့သို့ အပြင်းပွားစရာမရှိအောင် စေ့စပ်ပြီး၊ "ကျွန်ုပ်တို့၏ သခင် ယေရှုခရစ်သည် ဘုရားသခင်ဖြစ်သည်" ဟူသော ရိုးရှင်းသောစကားထက် ပိုမိုကြွယ်ဝသော ပြည့်စုံသောစကားများဖြင့် ဖော်ကျူးပေးနေပေသည်။ သန့်ရှင်းသောနာမတော်သည် ချီးမွမ်းခြင်း ရှိစေသတည်း။ ... အာမင်။

## Bibliography

Arnobius, (305 A.D.), Against the Pagans, Vol 1, Retrieved April 26, 2014 from http://www.ccel.org/ccel/schaff/anf06.xii.iii.i.xlii.html

Athanasius, (circa 290 -370), translation, introduction and notes by C.R.B. Shapland, The Letters of Saint Athanasius Concerning the Holy Spirit, Epworth Press, London, 1951.

Athenagoras, (160 AD.), Refutation of All Heresies, Retrieved April 26, 2014 from http://www.clerus.org/pls/clerus/cn_clerus.h_centro?dicaster o=2&tema=7&argomento=25&sottoargomento=88&lingua= 2&classe=1&operazione=ges_formaz&vers=3&rif=65&rif1 =65

Charles Hodge, Systematic Theology, (1940), Volume 2, WM. B. Eerdsmans Publishing Co., Grand Rapids, Michigan Clement of Alexandria, (190 A.D.), Exhortation to the Greeks, Retrieved April 26, 2014 from http://archive.org/stream/clementofalexand00clem/clementof alexand00clem_djvu.txt

Clement of Rome, (92-99 A.D.), 2nd Epistle of Clement to the Corinthians, Retrieved April 26, 2014 from http://carm.org/second-epistle-of-clement-to-the-corinthians

Edited by R.A. Torrey, A.C. Dixon and Others, (1910), The Fundamentals – A Testimony to the Truth, Volume 2, reprinted in AGES Digital Library, AGES Software Rio, WI USA

Encyclopedia of Biblical Prophecy: The Complete Guide to Scriptural Predictions and Their Fulfillment, (1980), Payne, J. Barton, Baker Book House

Gill, John, (1816), John Gill's Exposition of the Bible, Retrieved April 26, 2014 from http://www.biblestudytools.com/commentaries/gillsexposition-of-the-bible/acts-20-28.html

Hanson, George, (1910), The Resurrection and the Life, National Council of Evangelical Free Churches

Hippolytus, (190 A.D.), in Fathers of the Third Century: Hippolytus, Cyprian, Caius, Novatian, Appendix, American Edition, 1885, with notes by A. Cleveland Coxe, D.D.

Ignatius Bishop of Antioch 1, (circa 110 A.D.), Epistle of Ignatius to the Ephesians, Retrieved April 26, 2014 from http://www.sacred-texts.com/bib/lbob/lbob18.htm

Ignatius Bishop of Antioch 2, (circa 110 A.D.), Epistle of Ignatius to the Trallians, circa 110 A.D., Retrieved April 26, 2014 from

http://www.sacred-texts.com/bib/lbob/lbob20.htm

Ignatius Bishop of Antioch 3, (circa 110 A.D.), Epistle of Ignatius to the Romans, Retrieved April 26, 2014 from http://www.sacred-texts.com/bib/lbob/lbob21.htm

Iranaeus, (circa 200), Irenaeus Against Heresies, book 3, Retrieved April 26, 2014 from http://www.ccel.org/ccel/schaff/anf01.ix.iv.xx.html

Iranaeus, (circa 200), Irenaeus Against Heresies, book 1, Retrieved April 26, 2014 from http://www.ccel.org/ccel/schaff/anf01.ix.ii.xi.html

J. Barton Payne, (July 1980), The Encyclopedia of Biblical Prophesy, Baker Book House Publishers

Justin Martyr, (140 A.D.), Dialogue with Tropho, Retrieved April 26, 2014 from www.earlychristianwritings.com/text/justinmartyrdialoguetrypho.html

Machen, J. Gresham, On the Deity of Christ, lived1881-1937 (no date on publication or publisher for this piece.)

Mathetes (130-third century), Epistle of Mathetes toDiognetus, Retrieved April 26, 2014 from http://www.ccel.org/ccel/schaff/anf01.iii.ii.vii.html

Matthew Henry, (circa 1700), Matthew Henry, Commentary on the Whole Bible, Retrieved April 26, 2014 from http://www.biblestudytools.com/commentaries/matthewhenry-complete/acts/20.html

McDowell, Josh and Larson, Bart, (1983), Jesus, A Biblical Defense of His Deity, Here's Life Publishers, Inc. Melito of Sardis, (177 A. D.), Fragment in Anastasius of Sinai's, The Guide 13), Retrieved April 26, 2014 from http://www.earlychristianwritings.com/text/melito.html

Novatian, (235 A.D.), Treatise on the Trinity, Retrieved April 26, 2014 from http://www.ccel.org/ccel/schaff/anf05.vi.iii.xii.html

Robinson, William Childs, (1949), Our Lord, An Affirmation of the Deity of Christ, WM. B. Eerdmans Publishing Company, Michigan.

Tatian the Syrian (170 AD), Faith of Our Fathers, Volume 1, William A. Jurgens, editor, 1970, the Order of St. Benedict, Inc., Collegeville, Minnesota.

Tertullian 1, (circa 215 AD), The Flesh of Christ, Retrieved April 26, 2014 from http://www.ccel.org/ccel/schaff/anf03.v.vii.v.html

Tertullian 2, (circa 215 A.D.), Ante-Nicene fathers: against Praxeas, Volume 3, Retrieved April 26, 2014 from http://www.ccel.org/ccel/schaff/anf03.v.ix.xiii.html

Tertullian 3, (circa 215 A.D.), A Treatise on the Soul, Retrieved April 26, 2014 from http://biblehub.com/library/tertullian/a_treatise_on_the_soul/

The International Standard Bible Encyclopedia, (1939), edited by James Orr, John Nuelsen, Edgar Mullins, Morris Evans, and Melvin Grove Kyle

Theophilus, (160 A.D.), Bishop of Antioch To Autolycus, Retrieved April 26, 2014 from http://www.ccel.org/ccel/schaff/anf02.iv.ii.ii.xxii.html

Thiessen, Henry Clarence, (1949), Introductory Lectures in Systemic Theology, WM. B. Eerdmans Publishing Company, Grand Rapids, Michigan.

Torrey, R. A., (1918), The Fundamental Doctrines of the Christian Faith, George H. Doran, New York.

Torrey, R. A., (1898), What the Bible Teaches: The Truths of the Bible Made Plain, Simple and Understandable, Whitaker House, 1 edition, May 7, 2004.

Walvoord, John F., (1969), Jesus Christ Our Lord, Moody Press, Chicago,

Warfield, B.B., 1929, Christology and Criticism, Oxford University Press.

ချစ်လှစွာသော မြန်မာပြည်သားများအတွက် ဤစာအုပ်ကို ရည်စူးပြုစုထားပါသည်။ ဆရာကြီး ယုဒသန်သည် ယေရှုခရစ်တော်၏ဧဝံဂေလိသတင်းကောင်းကို မြန်မာနိုင်ငံသို့ ပထမဦးဆုံးသယ်ဆောင်လာခဲ့သောသူဖြစ်ပြီး သူထားခဲ့ပေးသော အမွေဥစ္စာများသည် ကျန်ရစ်ရှင်သန်နေဆဲပင် ဖြစ်ပါသည်။ ယေရှုခရစ်တော်သည် ဘုရားသခင် ဖြစ်တော်မူကြောင်း ဓမ္မရေးရာနှင့် သမိုင်းမှတ်တမ်းများကို အသုံးပြုပြီး ဤစာအုပ်မှသက်သေထူဖော်ပြပေးသွားမည်ဖြစ်သည်။ သန့်ရှင်းသူယုံကြည်သူများအတွက် ခွန်အားဖြစ်စေပြီး၊ ပျောက်ဆုံးနေသူများ၏နှလုံးသားများကို သခင်ယေရှုအားဖြင့် ကယ်တင်ခြင်းတွေ့မြင်စေသူများဖြစ်ပါမည့်အကြောင်း ကျွန်ုပ်ဆုတောင်းပေးပါသည်။ မောရနေ့လ၊ ကျွန်ုပ်တို့နှင့်အတူရှိတော်မူသော ဘုရားသခင်။

ဒေါက်တာ ပီတာ အယ်လ် ဘင်ဖီ



စာရေးသူ၏ အတ္ထုပ္ပတ္တိ

ဒေါက်တာ ပီတာ အယ်လ် ဘင်ဖီသည် George Washington University မှ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးစီးပွားရေး ပါရဂူဘွဲ့နှင့် လန်ဒန်မြို့ စီးပွားရေးတက္ကသိုလ်မှ မဟာဘွဲ့ကို ရရှိထားသူဖြစ်ပါသည်။ Crown ဓမ္မကျမ်းစာကျောင်းမှ မဟာဘွဲ့ကိုလည်း ရရှိထားပြီး ဓမ္မကျမ်းစာကျောင်းမှာ ပါမောက္ခအဖြစ် (၁၅) နှစ်တိုင်တိုင် အစေခံခဲ့ပါသည်။ မြန်မာလူမျိုးများကို အစေခံရန် သူ၏ဇနီးနှင့်အတူ ဘုရားသခင်၏ခေါ်ခြင်းကို ခံရကြသည်။ သူနှင့်သူ့ဇနီး ရှရီး  Sherrie တို့သည် မြန်မာပြည်သားများအတွက် စာပေထုတ်ဝေခြင်းများ၊ မြန်မာရေဒီယိုကို ထုတ်လွှင့်ခြင်းများနှင့် ESL/အင်္ဂလိပ်သင်တန်းများကို လုပ်ဆောင်ကြပါသည်။

MISSION TO BURMA